

www.burmeseclassic.com
BURMESE CLASSIC .com
မြသားသွင်
ချစ် ဦး သ ခင် ၏ မ ဟော သီ
Design : aung kyaw moe
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၈၈၇၇၅၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက် ၅၁၁၁၀၁၀၈၆၈

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ
အုပ်ရေ ၅၀၀

အဖုံးပန်းချီ
သိန်းရွှေကြည်၊ Sun

[illegible]ထုတ်ဝေသူ
ဦး[illegible] (သိန်းမင်းစာပေ)
အမှတ် [illegible] ကျောက်မြောင်း
[illegible]မြို့

အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး ၁၀၀ ကျပ်

ကွန်ပျူတာ
Dream City

# ချစ်ဦးသခင်၏ မဟေသီ

## မြသားသွင်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# အခန်း (၁)

ဟိုအဝေးမှာ လှမ်းမြင်နေရသည့် မြူနှိုးမြူဆိုင်းများ ရစ်သိုင်းလွှမ်းခြုံထားသော စိမ်းညို့အုံ့မှိုင်းနေသည့် တောင်တန်းပြာကြီးများကို ကြည့်ရင်းက ကသစ်နီ စီးလာသည့် ခရီးသည်တင် မှန်လုံကားကြီးက မြွေလိမ်မြွေကောက်မှမာရှိနေသော တောင်ပေါ်လမ်း၏ အကွေ့အကောက် အနိမ့်အမြင့် မညီညာတဲ့ ခရီးလမ်းအတိုင်း တောင်စဉ်တောင်တန်းများကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ခဲ့ရပြီဖြစ်သည်။

ကသစ်နီမှာ တစ်သက်နှင့်တစ်ကိုယ် ဒီလိုတောင်ပေါ် ခရီးလမ်းမျိုးကို ဘူမဘဝတွင် တစ်ခါမှ မသွားခဲ့ဖူးသည်မို့ ယခုလို အဖော်မပါ တစ်ကိုယ်တည်း စွန့်စားလျက် ဤခ



www.burmeseclassic.com

www.burmeseclassic.com



ဝေးလံကာ တောင်စဉ်တောင်တန်း အကွေ့အကောက် အနိမ့်အမြင့်များဖြင့် ခရီးလမ်း မညီညာသည့် တောင်ပေါ်ဒေသလေးကို ထွက်လာခဲ့ရသောအခါ ရင်မှာ ဘာရယ်မှန်းမသိ တစ်စုံတခုကို စိုးရိမ်နေသလိုလို။

သူမကိုယ်သူမ ဘာကို စိုးရိမ်နေရမှန်းလည်း ကသစ်နီ မသိပါ။

သေချာသည်ကတော့ ကသစ်နီသည် ဒီလို တောင်ပေါ် ခရီးမျိုးကို မသွားဖူးသဖြင့် ရင်မှာ အသစ်အဆန်းကြီးဖြစ်နေ ရခြင်းပင် ဖြစ်သည်။

ခပ်ဟဟဖွင့်ထားသည့် မှန်တံခါးမှနေ အရှိန်ပြင်းပြင်းနှင့် အေးစိမ့်စွာ တိုးဝင်တိုက်ခတ်လာသည့် လေကြောင့် ကသစ်နီသည် သူမကိုယ်တွင် ဝတ်ဆင်ထားသော သားမွေးကုတ်အင်္ကျီအေးကို ရင်ဘတ်ပေါ် တင်းစာင်းလေးဆွဲစေ့ရင်းက လက်လေးနှစ်ဖက်ကို ပိုက်ထွေးထားလိုက်သည်။

သို့တိုင် အချမ်းကတော့ ပေါ့မသွားပါ။ ဖွင့်သည်ဆိုရုံ ခပ်ဟဟလေး ဖွင့်ထားသည့် မှန်တံခါးမှနေ တိုးဝင်လာသည့် လေကပင် ကသစ်နီကို ကြွေမြှုက်လောက်အောင် ချမ်းစိမ့်စေ





ရသည်မို့ ကသစ်နီသည် ခပ်ဟဟဖွင့်ထားသည့် မှန်တံခါးကို အမြန်ပြန်၍ ဆွဲပိတ်လိုက်ရသည်။

ဟူး… ခုမှ နေသာတော့တယ်။

ချမ်းအေးလွန်းသဖြင့် မေးဖျားတွေပင် တစ်ဆတ်ဆတ် ရိုက်မတတ်ရှိနေသော ကသစ်နီတစ်ယောက် မှန်တံခါးပိတ်လိုက်မှပင် သူမအတွက် နေထိုင်လို့ ကောင်းသွားရသည်။

တခြားသူတွေလည်း သူမလိုပဲလားဆိုသည့် အတွေးနှင့် ကသစ်နီ အကြည့်လေးများက ကားပေါ်ပါ ခရီးသည်တွေကို မျက်နက်ဝန်းလှလှလေးနှင့် ဝေ့ဝဲကြည့်မိလိုက်တော့ ကသစ်နီ အံ့သြသွားရသည်။

ကြည့်လေ။

ကသစ်နီ မအံ့သြဘဲ နေမည်တဲ့လား။

သည်အအေးဒဏ်ကို မြေပြန့်သူ သူမကသာ ကြွေ့ဆည်နိုင်လောက်အောင် ခိုက်ခိုက်တုန် ချမ်းအေးနေသလောက် ကားပေါ်ပါ ခရီးသည်တချို့ကတော့ ဒီလမ်းဒီခရီးကို သွားလာနေကြမို့ထင်။ သူတို့သည် ဒီအအေးလောက်ကတော့ မမှုတော့သလိုမျိုး ရှိနေကြသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း ဒီတောင်ပေါ်ဒေသတွင် နေထိုင်ကြီးပြင်းလာသူများအတွက်တော့ ဟုတ်ကြပါလိမ့်မည်။

ကသစ်နီတို့လို မြေပြန့်သူ မြေပြန့်သားတွေအတွက်ကတော့ ဒီတောင်ပေါ်ဒေသ၏ အအေးဒဏ်သည် ဣန္ဒြေမဆည်နိုင်လောက်အောင်လူကို ခိုက်ခိုက်တုန် ချမ်းအေးနေစေရသည်။

ဆောင်းလေရွှေ့နှင့်အတူ ရိုက်ခတ်လာသည့် တောင်ပေါ်ဒေသ၏ အအေးဒဏ်ကို ကြုံကြိုက်ခံရင်းက ကသစ်နီသည် ကားပေါ်မှနေ ဘေးတစ်ဖက်တစ်ချက် လှမ်းမြင်နေရသော ချောက်ကမ်းပါးကြီးကိုကြည့်ပြီး အသည်းတယီတ်ထိတ်နှင့် ရင်မှာ ကြောက်လန့်လာရသည်။

တကယ်တော့ ကသစ်နီ ကြောက်မည်ဆိုကလည်း ကြောက်စရာပင်ဖြစ်သည်။

တောင်ပေါ်လမ်းတွေမို့ ထုံးစံအတိုင်း ကားနှစ်စီးရှောင်နိုင်ရုံသာရှိလျက် ဘေးတစ်ဖက်မှာတော့ နက်ရှိုင်းလှသည့် ချောက်ကမ်းပါးကြီးကို မြင်နေရသည်ကပင် ကသစ်နီရင်ထဲ အလိုလို ကြောက်စိတ်တွေ ဝင်နေရသည့်အဖြစ်။





သည်လောက် နက်ရှိုင်းလှသည့် ချောက်ထဲကိုသာ ကျသွားပါက တွေးဝံ့စရာပင် မရှိနိုင်တော့သည့်အဖြစ်။

ကသစ်နီသည် သေရင်လည်း တစ်ခါတည်းသာ သေလိုက်ချင်ပါသည်။ မသေမရှင် ဖြစ်နေရမည့် အဖြစ်ကိုတော့ သေမှာထက်ပင် ကြောက်သူဖြစ်သည်။

ခုချိန် သူမမှာ အကြောင်းတစ်ခုခုကြောင့် သေမည်ဆိုလည်း သူမတစ်ဦးတည်းသာ ဖြစ်ပါလိမ့်မည်။

ကသစ်နီချစ်သော ဒေါ်ဒေါ်ငယ်နှင့် အန်ကယ်လေးမပါတာပဲ ကသစ်နီအတွက် ဝမ်းသာရမလိုလို။

သည်အသက်အရွယ်ရောက်သည်အထိ ဘဝတွင် ထူးထူးခြားခြား ဘာမှမစွမ်းဆောင်နိုင်သော ဘာမှ အသုံးမကျသည့် သူမအတွက် ခုချိန် သေသွားလို့လည်း ဘာမှဝမ်းနည်းစရာကောင်းမည်မဟုတ်။

သို့သော် သူမသည် လွယ်လွယ်နှင့်တော့ သေဦးမည်မဟုတ်ပါ။

မှန်လုံကားအတွင်း ခရီးသည်များ အပြည့်ပါလာသည့်ကားဆရာသည်လည်း ခရီးသည်တွေ၏အသက် သူ့လက်ထဲ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိနေသည်ကို သတိထားမိသည့်နှယ် တောင်ပေါ်ခရီးစဉ်၏ အချိုးအကွေ့များသောလမ်းကို သတိထားကာ မောင်းနေလေသည်။

ကျောင်းပိတ်ရက်မို့ အိမ်သို့ ပြန်လာသော ကျောင်းသူ ကျောင်းသားများလည်း ပါလာသဖြင့် ကားတဲတွင် လူငယ်တွေပီပီ လွတ်လပ်စွာ အချင်းချင်းစကားပြောနေကြသည်မှာ ဆူညံနေရသည်။

ကသစ်နီသည် ခရီးစဉ်အစ ကားပေါ်ကို စတက်ပါပြီဆိုကတည်းက နောက်ဘက်သို့ လှည့်မကြည့်မိပါပေ၊

ပါလာသည့် ခရီးဆောင်အိတ်ကို နေရာတွင် နေတကျထားပြီးနောက် ကသစ်နီသည် သူမထိုင်ရမည့် ကားပြတင်းပေါက်ဘက်မှ ထိုင်ခုံနေရာတွင် ဝင်ထိုင်ပြီး ကတည်းက သူမဘေးတွင် ဘယ်သူဘယ်ဝါထိုင်၍ နောက်တွင် ဘယ်သူတွေရှိသည်ကိုလည်း သေချာမကြည့်မိခဲ့ပါ။

သွေးအေးစွာ နေတိမ့်သူ မဟုတ်ပေမယ့် ကသစ်နီဆိုတာက ပတ်ဝန်းကျင်ကို ဘာသိဘာသာ နေတတ်သူတစ်ယောက်။

ကားစထွက်ပါပြီဆိုကတည်းက တစ်လမ်းလုံး မျက်ဝန်း





သေးမိုတ်ကာ ကိုယ့်အတွေးနှင့်ကိုယ် ရှိလာသော ကသစ်နီတစ်ယောက် ကားက တစ်မြို့ဝင်တစ်မြို့ထွက်နှင့် ဖြတ်ကျော်လာခဲ့ပြီဖြစ်ပေမယ့် ထိုအချိန်ထိ ကသစ်နီသည် သူမဘေးကလူကို ဂရုတစိုက်နှင့် မကြည့်မိခဲ့သေး။

ဥပေက္ခာတရားနှင့် စပ်စုခြင်းကင်းသော ကသစ်နီအတွက် သူမဘေးတွင် ဘယ်သူဘယ်ဝါရှိနေပါစေ သူမကတော့ ဂရုစိုက်လိမ့်မည် မဟုတ်ပါပေ။

ဒါကလည်း ကသစ်နီ၏ ကိုယ်ပိုင်ဟန်လို့ပင် ပြောရမည်ဖြစ်သည်။

ဘယ်တော့မဆို သူမသည် ပတ်ဝန်းကျင်ကို ဂရုတစိုက်မရှိတတ်ခြင်းက သူမ၏ ထူးခြားမှုတစ်ခုပင်ဖြစ်သည်။

ထိုပုံစံအတိုင်း ကသစ်နီသည် ခရီးစဉ်တစ်လျှောက်တစ်လမ်းလုံး ရှိလာရာမှ ကားက တောင်ပေါ်ပိုင်းရောက်လာသည့်အခါမှာတော့ ကသစ်နီ ပတ်ဝန်းကျင်ကို သတိမထားမိ၍ မရတော့ပါ။

ဆောင်းငွေ့နှင့်အတူ ပါလာသည့်လေက ဥပေက္ခာတရားနှင့် ရှိနေသည့် မြေပြန့်သူ ကသစ်နီကို သွက်ဝင်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားစေရတော့သည်။

ကသစ်နီသည် အချမ်းဒဏ်ကို အံလေးစေ့ကြိတ်ကာ တင်းခံရင်းက အနုမှုံမင် သူ့မအေးကလူကို ကသစ်နီ သတိထားကြည့်မိသွားရသည်။

တီရှပ်အဖြူပေါ်တွင် အညိုရောင် သားရေဂျာကင် ထပ်ဝတ်ထျက် အရောင်ခပ်ဖျော့ဖျော့ ဘောင်းဘီဝတ်ထားသည့် အသက်သုံးဆယ်ကျော်ကျော် ယောကျ်ားတစ်ယောက်။

ထိုင်ခုံနောက်တွင် ကိုယ်ကို ခပ်လျော့လျော့မှီထားသည့်ကြားက သူသည် အရုပ်ရှည်သူ တစ်ယောက်မှန်း သိသာနေရသည်။

ယောကျ်ားတန်မဲ့ ဖြူစင်စိုပြေသော အသားအရေ နက်မှောင်သည့် ဆံပင်က ဘေးသို့ ခပ်ယိုင်ယိုင်ခွဲလျက် မျက်ခုံးထူထူ နှာတံပေါ်ပေါ် ပိရိသေသပ်သော နှုတ်ခမ်းတို့က တင်းတင်းစေ့ထားသည့် ဒီယောကျ်ားသည်လူချောတစ်ဦး ဖြစ်သည်ကိုလည်း ကသစ်နီ ခန့်မှန်းမိလိုက်ပါသည်။

လက်ကိုပိုက်လျက် မျက်ဝန်းများ မှိတ်ထားသည် အိပ်ပျော်နေသည်တော့ မသိရပေမယ့် ကသစ်နီ ဒီယောကျ်ား

သိန်းမင်းစာပေ



မျက်ဝန်းများကိုတော့ ကြည့်လိုပါသေးသည်။

တစ်ချို့ ယောကျ်ားများသည် လူပုံက ချောပါရက်နှင့် မျက်ဝန်းတွေကတော့ မှေးမှိန်နေတတ်၏။

ထိုမျက်ဝန်းမျိုးကို ကသစ်နီသဘောမကျ မကြိုက်နှစ်သက်ပါ။

ကသစ်နီ သဘောကျသည့် မျက်ဝန်းက စူးရှတောက်ပသော အရာရာကို ကြိုတင်သိမြင်နိုင်သည့် အရောင်တစ်မျိုး ဖြာထွက်နေသည့် မျက်ဝန်းမျိုးကိုပင်ဖြစ်သည်။

ယောကျ်ားလေး ဆယ်ယောက်တွင် ကသစ်နီနှစ်သက်သဘောကျသည့် ထိုမျက်ဝန်းမျိုး တစ်ယောက်ပိုင်စရာ မလွယ်လှပါ။

ပြောရလျှင် ကသစ်နီသည် သူ့မ ဒီအသက်အရွယ်ရောက်တဲ့အထိ ထိုမျက်ဝန်းမျိုး တွေ့လည်းမတွေ့မြင်။

ဒါဖြင့် ဒီလူကကော။

အတွေးဖြင့် ကသစ်နီအကြည့်များက သူ့မအေးကလူထံ ဒုတိယအကြိမ် ရောက်ရှိသွားပေမယ့် ထိုလူကတော့ ယခုထက်ထိ မျက်ဝန်းများ ပွင့်မလာသေး။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းသွေးစပ်မိုးထင်၊ စိုပြည်ဝင်းသောအသားအရေနှင့် ဒီလူသည် သူမနေး ဘယ်လိုကနေ ဘယ်လို ရောက်ရှိလာရသည် မသိပါ။

အင်းလေ ဒါလည်း ဘယ်ပြောလို့ ရမှာမလဲ၊

ခရီးသွားသူအချင်းချင်း ကိုယ့်ဘေး ဘယ်သူဘယ်ဝါ ရောက်မည်ဆိုတာ ဘယ်သူမှ မပြောတတ်သလို ထိုရောက်လာမည့်သူသည် ယောကျ်ားလေးလား၊ မိန်းကလေးလား ဆိုတာ ဘယ်သူမှ ကြိုမသိပါပေ။

ကသစ်နီသည် ယခုထက်ထိ အိပ်နေသေးဟန် ရှိသော ကိုလူချောကြီးကိုကြည့်ပြီး သူမကိုယ်သူမလည်း ဒေါသတွေ ဖြစ်လာရသည်။

သည်ယောကျ်ားမျက်နှာကို မြင်တာနှင့် ကသစ်နီ ရင်ထဲ ဘာကြောင့် အတွေးများ ရှုပ်ထွေးသွားရသည်လဲ။

ကသစ်နီသည် သူမကိုယ်သူမလည်း မကျေမနပ် အတွေးဖြင့် ထိုလူချောကြီးထံမှ အကြည့်များကို လွှဲပစ်လိုက်ပြီးနောက် မြူခိုးတွေ ဆိုင်းနေသည့် တောင်ပြာတန်းကြီးဆီသို့ အကြည့်များ ပို့ထားလိုက်လေတော့သည်။





အတန်ကြာကြည့်ပြီးနောက် ကသစ်နီသည် မျက်ဝန်းလေးအစုံကို ဖျတ်ခနဲ မှိတ်ပစ်လိုက်သည် ဆိုရင်ပဲ သူမမျက်ဝန်းထဲ မရည်ရွယ်ဘဲ ဝင်ရောက်လာသူက ခန့်ထည်၏ ရုပ်ပုံလွှာပင် ဖြစ်သည်။

နှုတ်ခမ်းထောင့်စွန်းလေး ကွေးတက်သွားသည်အထိ ထီတာရီ ပြုံးတတ်သော ခန့်ထည်အပြုံးသာ ခုနေခါ ကသစ်နီကို လှောင်ပြောင်သလို ရှိနေရသည်။

ကသစ်နီသည် ဆွတ်ကျင်ရသောရင်မှ ခံစားမှုနှင့် ခန့်ထည်ကို သတိရလာသဖြင့် အသက်ကို ခပ်ပြင်းပြင်း သုံးလေးကြိမ် ရှူလိုက်မိသည်။

"ချာတိတ် ဘာဖြစ်လို့လဲ၊ ခေါင်းမူးလာလို့လား"

ရုတ်ခြည်း သူမဘေးမှ ထွက်ပေါ်လာရသော အသံကြောင့် ကသစ်နီ၏ အကြည့်များက သူမဘေးမှ ကိုလူချောကြီးထံ ဖျတ်ခနဲရောက်ရှိသွားရာ

"ဟင်"

ရုတ်တရက်တော့ ကသစ်နီ ရင်ခုန်သံတွေသည် အတိုင်းအဆမရှိ မြန်ဆန်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ

စိတ်ထဲ၌လည်း တစ်မျိုးကြီး ဖြစ်သွားရ၏။

ကြည့်စမ်း။

ကာဆစ်နီ အင်မတန် သဘောကျ နှစ်ခြိုက်ပါသည် ဆိုသည့် မျက်ဝန်းအစုံက ဒီလူ ကိုလူချောကြီးထံမှ ရှိနေသည် တဲ့လား။

ဇေရတုသည် သူ့အား မျက်နက်ဝန်းလှလှလေးနှင့် တအံ့တသြ ငြိမ်ကြည့်နေသော ချာတိတ်မကို ဘာရယ်မဟုတ် စူးရှတောက်ပသော သူ့မျက်ဝန်းအစုံနှင့် ခပ်စိုက်စိုက်ကြည့် သွားရသည်။

ဇေရတုအကြည့်တွေက ကာသစ်နီအပေါ်တွင် လေးလေး နက်နက်နှင့် ထူးခြားသည့် စွမ်းအားတစ်မျိုးဖြင့် ညှို့ငင်နေ သယောင်။

ကာသစ်နီသည် သူ့အကြည့်များကို မြင်ရတော့ ရင်မှာ ပို၍ တုန်လှုပ်သွားရသည်။

ဘုရားရေ။

သည်လူ့အကြည့်တွေ စွမ်းအားတစ်မျိုး ထည့်ထားသလို





သူ့မျက်လုံးနဲ့ အကြည့်ခံလိုက်ရတာနဲ့ ငါ့မှာ အားအင်တွေ ကုန်ဆုံးသွားရသလို ပါပဲလား။

သည်အဖြစ်က ငါ့အတွက် သိပ်ကို အံ့သြစရာ ပါပဲ လား။

ကာသစ်နီသည် စိတ်ဝယ်တွေးရင်းက ကိုလူချောကြီးထံမှ သူ့မျက်ဝန်းကို အမြန်ပင် လွှဲယူလိုက်ပြီး

"ဟုတ်အင်း ကျေးဇူးတင်ပါတယ်။ ဘာမှမဖြစ်ပါဘူး"

သူသည် ကာသစ်နီကို ဘာမှမပြောပါ။ မျက်ဝန်းစူးစူး တောက်တောက်ကြီးနှင့် ကာသစ်နီကို အတန်ကြာ စိုက်ကြည့် နေရာမှ နှုတ်ခမ်းကို တင်းတင်းစေ့ ပိတ်လျက် ပြုံးလာပြီး

"အဟွန်း ဘာမှမဖြစ်ဘူးဆိုလည်း ပြီးတာပါပဲဗျာ၊ ကျုပ်က စိုးရိမ်လို့ပါ၊ ဒါနဲ့ ချာတိတ် ကားမူးတတ်သလား"

"ရှင်..."

"အဟွန်း ချာတိတ် ကားမူးတတ်သလား"

"မမူးတတ်ဘူးနဲ့တူတယ်၊ ဟုတ်တယ် မမူးတတ်ဘူး"

သူမစကားကို သူမ ပြန်၍ ထောက်ခံသလို ဆိုနေသော ကာသစ်နီကို ဇေရတုသည် မျက်ခုံးကြီးပင့်တင်လျက် အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



သလို ကြည့်လာ၏။

သည်နောက် သူသည် သွားစွယ်ဖွေးဖွေးလေးများပေါ်အောင် ပြုံးလိုက်ပြီး

"ချာတိတ်အဖြေကလည်း တစ်မျိုးပါလား၊ ကိုယ့်ကိုကိုယ် ကားမှူးလို့ မှုးမှန်း မသိဘူးလား"

ပြုံးလိုက်ပါမှ ပို၍ ကြည့်ကောင်းသွားသော ကိုလူချော မျက်နှာကြီးကို ကသစ်နီသည် တွေတွေလေးပြန်၍ ကြည့်ရင်း

"ကားစီးတော့ စီးဖူးတယ်၊ ဒါပေမဲ့ အခုလိုမျိုးတောင်ပေါ် ခရီးလမ်းရှည်ကိုတော့ ကသစ် တစ်ခါမှ မစီးဖူးဘူး"

"ဒါဆို အခုလို တောင်ပေါ်ခရီးရှည်ကို ကားစီးဖူးတာ ဒါ ပထမဦးဆုံးပေါ့"

"အင်း… ဟုတ်တယ်"

ကသစ်နီ ခေါင်းလေးညိတ်ပြလိုက်သည်။

"ဒါနဲ့ ချာတိတ်နာမည် ကသစ်တဲ့လား"

"ဟင်… ကသစ်နာမည်ကို ဘယ်လိုလုပ်သိတာလဲ"

"ဟောဗျာ ခင်ဗျားလေးပဲ စောစောက ကိုယ့်ကိုကိုယ် နာမည်ထည့်ပြောပြီးတော့"





"အို…"

ကသစ်သည် မျက်နှာရဲရဲလေးဖြင့် ရှက်သွားရကာ

"ဟုတ်တယ် ကျွန်မနာမည် ကသစ်နီ"

"ကသစ်နီ အင်း… တော်တော်လှတဲ့ နာမည်ပဲ၊ မည်နဲ့လူ လိုက်ပါတယ်"

"ရှင်"

သူမကို ရှေ့ဘားကာ ပြောင်ပင် သူမအလှကို ချီးကျူးသည့် ဇေရတုစကားကြောင့် ကသစ်နီ အပျိုစင်လေးခများတွေ တဒိတ်ဒိတ် ခုန်လျက် မျက်နှာလေး မထားတတ်အောင်ပင် ရှိလာရသည်။

ဒါကို ဇေရတုကတော့ မသိပါ၊

သူ့ပုံစံ တည်တည်တင်းတင်းကြီးအတိုင်း ကသစ်နီ တစ်ချက်ကြည့်ပြီး…

"ကိုယ်ကိုယ်ကိုယ်ပဲ မိတ်ဆက်ပေးရတော့မယ်၊ ကျုပ်မည် ဇေရတု၊ နောက် လမ်းမှာတွေ့လို့ ချာတိတ်ရင်ထဲချင်တဲ့စိတ် ရှိလာရင် ခေါ်ဖို့ မှတ်ထားပေါ့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကသစ်နီမှာ သူ့စကားကြောင့် ပို၍အံ့သြရပြန်၏။

နောက် လမ်းမှာတွေ့လို့ ခေါ်ချင်တဲ့စိတ် ရှိလာရင် ခေါ်လို့ရအောင် မှတ်ထားပေါ့တဲ့။

ဒါ ဘာအဓိပ္ပာယ်ပါလိမ့်။

ခရီးသွားလွဲ ကြုံရသည့် လူတစ်ယောက်ကို ကသစ်နီသည် လွယ်လွယ်နှင့် မေ့လိမ့်မည်ဆိုတဲ့သဘောလား။

ကသစ်နီအတွေးနှင့် နှုတ်ခမ်းလေး စူချင်လာရသည်။

တစ်ဆက်တည်း ကသစ်နီသည် ဒီလူကြီး သူမကို ဒါ တမင်သက်သက် အထင်သေးတာမ်လားဆိုသည့် စိတ်နှင့် ရင်ထဲ မခံချင်ဖြစ်သွားရကာ

"ခင်ဗျားကြီးကို မေ့လိမ့်မယ်လို့ ထင်ရင်လည်း ဘာဖြစ် လို့ ကသစ်ကို မိတ်ဆက်နေသေးလဲ"

"ဟာင်"

ကသစ်နီထံမှ မထင်မှတ်တဲ့ တုံ့ပြန်စကားကြောင့် ဇေရတုသည် အံ့သြသွားရသလို ကသစ်နီအား စူးစူးစိုက်စိုက် လေး ကြည့်လာပြီး...

"ဒါဖြင့် ကသစ်နီက ကျုပ်ကို မမေ့ဘူးဆိုတဲ့ သဘော





ပါ"

ကြည့် ဒီလူတော့ သေတော့မှာပဲ။

အခုမှ သိကျွမ်းရသည့် မိန်းကလေးတစ်ယောက်ကို ဒီလိုစကားမျိုး မေးရသည်တဲ့လား။

ဦးဇေရတုဆိုသည့် ကိုလူချောကြီးကို ကြည့်ပြီး ကသစ်နီ တ်ပျက်ချင်လာရသည်။

သူသည် မိန်းကလေးတစ်ယောက်နှင့် တစ်ကယ်ပင် ကားမပြောတတ်ဘူးတဲ့လား။

ဟင့်အင်း မဖြစ်နိုင်ပါ။

ဦးဇေရတုပုံစံ ကြည့်ရသည်မှာ ပညာတတ်လူကြီး ကောင်းပုံစံမို့ သူသည် မိန်းကလေးများနှင့် စကားမပြော တတ်သည်မှာ လုံးဝမဖြစ်နိုင်ပါ၊

ဒါနဲ့တောင် ဦးဇေရတုသည် ကသစ်နီကို အဖြေခက်စေ ည့် စကားမျိုး ဘာကြောင့် မေးရတာပါလိမ့်၊

"ကသစ် လူတစ်ယောက်ကို လွယ်လွယ်နဲ့ မခင်တတ် သလို လွယ်လွယ်နဲ့လည်း မမေ့တတ်ပါဘူး ဦးဇေရတု"

"ကသစ်နီပြောချင်တာက"



www.burmeseclassic.com

www.burmeseclassic.com



“ဦးဇေရတုကို ကသစ် မိတ်ဆွေအဖြစ် အသိအမှတ်ပြု ခင်မင်ဖို့ဆိုတာ စဉ်းစားရပါဦးမယ်”

“အိုလေ ဟုတ်တယ်၊ ကသစ်နီပြောတာ မှန်တယ်၊ အားပေါ်မှာ ခရီးသွားလွဲဟန်တွေတဲ့ ယောကျ်ားတစ်ယောက်ကို မိတ်ဆွေအဖြစ်နဲ့ ခင်မင်အသိအမှတ်ပြုဖို့ဆိုတာ မိန်းကလေးဖြစ်တဲ့ ကသစ်နီဘက်က စဉ်းစားရဦးမှာပေါ့၊ စဉ်းစားပါ၊ စဉ်းစားပါ။ ကျုပ်ကလည်း လွယ်လွယ်နဲ့ ခင်မင်တဲ့ ခင်မင်မှုမျိုးထက် အခုလို သေချာစဉ်းစားပြီးမှ ခင်မင်ရတဲ့ ခင်မင်မှုမျိုးကို ပိုပြီး တန်ဖိုးထားရတတ်သူပါ၊ ဒါနဲ့ ကျုပ်ကို စပ်စုတယ်လို့တော့ မထင်နဲ့၊ ကသစ်နီ ဒီခရီးကို တစ်ယောက်တည်းလာတာလား”

“ဟုတ်တယ်”

“ဘာဖြစ်လို့လဲ ဟို ကျုပ် မေးတာက ချာတိတ်လို ငယ်ရွယ်နုနယ်တဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ အဖော်ပါတော့ ပိုကောင်းမလားလို့ပါ”

“အဖော်ဟုတ်လား ကသစ်မှာမှ အဖော်မရှိဘဲ”

“ဩော်...”

သိန်းခင်းစာပေ



ကသစ်နီသည် ပြောပြီးမှ သူမစကားအတွက် နောင်တရသွားရသည်။ ကြည့်စမ်း သူမသည် အခုမှ သိရသည့် သူစိမ်းလူတစ်ယောက်ကို ဘာကြောင့်များ ဒီလောက်ထိ ပွင့်လင်းစွာ ပြောမိရတာပါလိမ့်။

သည်ယောကျ်ားတစ်ယောက်သည် မတော်သူမကို အန္တရာယ်ပေးမည့်သူ ဆိုပါက မခက်ပေဘူးလားဆိုသည့် အတွေးနှင့် သူ့ကို ကြည့်လိုက်သည်။

ကသစ်နီသာ လူကဲခတ်မမှားဘူးဆိုရင်ဖြင့် ဦးဇေရတု ဆိုသည့် ဒီယောကျ်ားသည် သူမကို အန္တရာယ်ပေးမည့်သူ ဘယ်လိုမှ မဖြစ်နိုင်ပါ။

တည်ကြည်ခန့်ညားသော ရုပ်ရည်နှင့်ပိရိုတိကျ သေသပ်သောနှုတ်ခမ်း စူးရှတောက်ပသော မျက်ဝန်းတို့ကို ပိုင်ဆိုင်ထားသော ဦးဇေရတုသည် အသိဉာဏ်ကြီးမား ရင့်သန်သည့် လူတစ်ယောက်ဆိုတာလည်း ကသစ်နီ အကဲခတ်လို့ရပါသည်။

“ဘယ်ကိုသွားမှာလဲ”

“ရှင်”

သိန်းခင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ ငြိမ်သက်သွားရာမှ ရုတ်ခြည်း ထွက်ပေါ်လာသည့် သူ့ဆီက စကားသံကြောင့် ကသစ်နီအတွေးများကြားက လန့်သွားရသည်။

"အဟွန်း... ချာတိတ်ကို မေးနေတာ၊ ဘယ်ကိုသွားမှာလဲလို့"

နှစ်လိုဖွယ်ကောင်းသည့် ဦးဇေရတုထံက အပြုံးကိုမြင်မှ ကသစ်နီ ပါးလေးတွေ နီမြန်းတောက်ပသွားရသည်အထိ ရှက်အားပိုသွားရပြီး

"ကသစ် တောင်ကြီးကို သွားမှာပါ"

"ဟုတ်လား ဒါဆို ကျုပ်နဲ့ ခရီးတူတာပေါ့"

"ဦးဇေရတုလည်း တောင်ကြီးကိုပဲလား"

"ဟုတ်တယ်"

"ချာတိတ်က တောင်ကြီးဇာတိလား"

"ဟင့်အင်း... မဟုတ်ပါဘူး၊ ကသစ် ရန်ကုန်ကပါ။ တောင်ကြီးကို အခုမှ ပထမဦးဆုံး ရောက်ဖူးတာ"

"အင်း... ထင်တော့ ထင်ပါတယ်"

"ရှင်"





"ဪ... ချာတိတ် အအေးဒဏ်ကို ကြောက်နေတာတည်းက တောင်ကြီးသူတော့ မဖြစ်နိုင်ဘူးဆိုတာ"

"အို..."

ကသစ်နီမှာ သူမ ဣန္ဒြေပျက်ရလောက်အောင် အအေးဒဏ်ခံနေရသည့်အဖြစ်ကို ဦးဇေရတု သိနေပါလားဆိုသည့် ရှက်အတွေးဖြင့် လူက သူ့ရှေ့ မနေတတ်အောင် ဖြစ်သွားရသည်။

ကသစ်နီ ရှက်သွားရသည့်အဖြစ်ကို ဦးဇေရတုမှာ အကဲခတ်မိပုံနှင့်

"အဟွန်း...ဟွန်း...မရှက်ပါနဲ့ဗျာ၊ မြေပြန့်သူက ဒီတောင်ပေါ် အအေးဒဏ်ကို မခံနိုင်ဘူးဆိုတာ သဘာဝကျပါတယ် မြေပြန့်သူရယ် အဟွန်း... ဟွန်း... ဟွန်း"

ဦးဇေရတုရယ်တော့ ကသစ်နီသည်လည်း ရှက်ရယ်လေးလိုက်ရယ်မိလေသည်။

ထိုခဏမှာတော့ ဦးဇေရတုနှင့် ကသစ်နီတို့နှစ်ဦးသည် အခုမှ သိရသည့်လူများ မဟုတ်တော့ဘဲ တစ်ယောက်ကိုတစ်ယောက် အရင်ကတည်းက သိလာရသည့် လူစိမ်းများ



www.burmeseclassic.com

www.burmeseclassic.com



ပမာရှိသွားရသည်။

"ကျုပ် ဆေးလိပ်သောက်ရင် ကသစ်နီအတွက်အနှောင့်အယှက်ဖြစ်နေမလား"

"ရပါတယ် အန်ကယ်လေးလည်း ဆေးလိပ်သောက်တတ်သူမို့ ကသစ်အတွက်တော့ မဆန်းတော့ပါဘူး"

"ကသစ်တော့ မသိဘူး၊ တစ်ချို့မိန်းကလေးတွေက ဆေးလိပ်နံ့ကို ကြောက်တယ်"

"များသောအားဖြင့်တော့ ဟုတ်ပါလိမ့်မယ်၊ ကသစ်လည်း ဆေးလိပ်နံ့ကြောက်တာပါပဲ၊ ဒါပေမဲ့ ကိုယ့်ကြောင့်နဲ့တော့ တစ်ဖက်လူရဲ့ဆန္ဒကို မပိတ်ပင် မတားဆီးချင်ဘူး"

"ကသစ်က အရွယ်ငယ်ပေမဲ့ လူတစ်ဖက်သားအပေါ်မှာ နားလည်မှုရှိတာတော့ ချီးကျူးစရာပဲ"

ဦးဇေရတုစကားကို ခေတ်သည် ဘာမှမပြောဘဲ ပြုံးရုံသာ ပြုံးနေလိုက်သည်။

စောစောက မွန်းကြပ်သလိုရှိခဲ့သော ကသစ်နီ၏ စိတ်အတွေးများသည်လည်း ဦးဇေရတုနှင့် စကားပြောလိုက်ရသောအခါ ရင်ထဲအလိုလို ပေါ့ပါးသွားရသလို ရှိသွားရ၏၊





ဦးဇေရတုသည် ခင်ဖို့ကောင်းသည့် လူတစ်ယောက်ဆိုတာ ကသစ်နီ နားလည်လိုက်သည်နှင့်အမျှ ဦးဇေရတု၏ အကြောင်းကိုလည်း ကသစ်နီ ပြည့်ပြည့်စုံစုံ သိချင်လာရသည်။

သို့သော် ကသစ်နီ မမေးရဲပါ။ သူ့အကြောင်းမေး၍ သူမအကြောင်း သိချင်လာလျှင် ကသစ်နီမှာ ပြောဖို့အင်အား မရှိတော့ပါ။

အထူးသဖြင့် သူမအကြောင်းထက် သူမမိသားစုအကြောင်းကိုဆိုလျှင် ပို၍ မုန်းပေလိမ့်မည် ဖြစ်သည်။

ထို့ကြောင့် သူမ မိသားစုအအကြောင်းကို မသိဘဲ ခင်မင်သိကျွမ်းရသည့်အဖြစ်ကိုသာ ကသစ်နီ လိုလားပါ၏။

ဦးဇေရတုကို ကြည့်လိုက်တော့ သူသည် စီးကရက်ကိုသောက်နေလေ၏။

အင်း ယောကျ်ားတွေ စီးကရက်သောက်တာကို မြင်ဖူးသမယ့် အခုလို ဦးဇေရတု ဆေးလိပ်သောက်နေသလိုမျိုးတော့ ဘယ်ယောကျ်ားမှ ကြည့်လို့မကောင်းခဲ့ပါ။

ယုတ်စွအဆုံး စတိုင်ကျကျနှင့် နေတတ် စားတတ်ပါသည်ဆိုသော အန်ကယ်လေး စီးကရက်သောက်ပုံထပင်



www.burmeseclassic.com

www.burmeseclassic.com



သူမရှေ့က ဦးဇေရတုကို မိနိုင်မည်မဟုတ်ပါ။

ကြည့်လို့ကောင်းလိုက်တာ။

ယောကျ်ားတစ်ယောက်ရဲ့ စီးအရက်သောက်နေပုံက

ကသစ်နီ မျက်ဝန်းထဲမှာ ထူးထူးခြားခြား တစ်မျိုးကြည့်ရှု ကောင်းနေသည်မို့ ကသစ်နီသည် ဘာရယ်မဟုတ် ဦးဇေရတု ထံမှ အကြည့်များကိုမလွှဲ ကြည့်နေမိုက်မှာပင် ဖျတ်ခန ဆိုသလို ဦးဇေရတု၏ အကြည့်များက သူမထံရောက် လာသောအခါ-

"အို..."

ရုတ်ခြည်းရှောင်လွှဲလို့မရ။ သူမအကြည့်များကို အဖိုက် မိသွားရသည်မို့ ကသစ်နီမျက်နှာလေး ရှက်သွေးဖြင့် ရဲ တောက်သွားရပါတော့သည်။

ရှက်ရှက်နှင့် ကသစ်နီသည် သူမအကြည့်များက မျက်နှာနီနီနှင့် လွှဲသွားသော ဇေရတုသည် အရှုံသည်းသွ သည့် ချာတိတ်ကိုကြည့်ပျက် ပြုံးသွားရကာ-

"ကသစ်နီက ကျောင်းသူလား"

"ဟင့်အင်း..."





"ဒါဖြင့်"

"ကသစ် မနှစ်ကပဲ ကျောင်းပြီးသွားခဲ့ပြီ"

"အဟွန်း... ကျုပ် မျက်စိထဲမှာတော့ ကသစ်က ကျောင်းသူလေးလိုပဲ"

သူ့စကားအောက်တွင် ကသစ်နီသည် မနေတတ်သလို ဖြစ်လာရသည်မို့

"ဦးဇေရတုကော"

"ဗျာ"

"ရှင်ရော ဘာလုပ်လဲလို့မေးတာ"

"အင်း"

"ကျုပ်အလုပ်ကို ပြောရင်း မင်း ကျုပ်ကို မိတ်ဆွေ အဖြစ် ခင်ချင်မှာတောင် မဟုတ်တော့ဘူး"

"ဟင်... ဦးဇေရတုအလုပ်က ဘာအလုပ်မို့လို့လဲ"

"ကသစ်နီ ခန့်မှန်းကြည့်လေ"

သူမ ဘာကို ခန့်မှန်းကြည့်ရမှာလဲ။

ကသစ်အကြည့်များက ဦးဇေရတုလက်များဆီသို့ အကြည့်တွေ ဖျတ်ခနဲရောက်ရှိသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး။

ပန်းသွေးရောင် ပြေးနေသော လက်က ဘယ်နည်းနှင့်မှ အလုပ်ကြမ်းလုပ်သည့်လက်တော့ မဖြစ်နိုင်။

ဒါနဲ့တောင် ဦးဇေရတုသည် ကသစ်နီအား ဘာကို ခန့်မှန်းခိုင်းနေရတာပါလိမ့်။

"ဟိတ်... ကျုပ်မေးတာမဖြေဘဲ ဘာကြည့်နေတာလဲ"

"ဟို ဦးဇေရတု လက်တွေကိုပါ"

"ဘယ်လို ကျုပ် လက်တွေကို ဟုတ်လား"

"ဟုတ်"

"ပြောပါဦး ကျုပ်လက်တွေကို အမိ ဘာကြောင့် ကြည့်ရတာလဲဆိုတာ"

"သြော်... ဦးဇေရတုလက်ကို ကြည့်ပြီး အလုပ်ကြမ်း လုပ်တဲ့လက် ဟုတ် မဟုတ် ဆိုတာကိုပေါ့"

"ဒီတော့..."

"ဦးဇေရတုဟာ အလုပ်ကြမ်းလုပ်တဲ့ သူတစ်ယောက် ဘယ်နည်းနဲ့မှ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဦးဇေရတုရဲ့ လက်တွေ ကြည့်ရတာ အရမ်းကို အနုပညာဆန်နေလို့ပဲ"





"အဟွန်း... ကသစ်နီက လူကဲခတ်လည်း တော်တော်ပါပဲလား၊ ဟုတ်တယ် ကျုပ်အလုပ်က သီချင်းရေးဆရာဆိုပါရော့"

"သြော်"

ကသစ်နီနှုတ်မှ သြော်တစ်လုံးတည်းသာ ထွက်လာနိုင်တော့သည်။

"ဘယ့်နှယ်လဲ၊ ကျုပ်အလုပ်ကို သိပြီး ခင်ဖို့ စိတ်ပျက်သွားပြီလား"

"ဘာဆိုင်လဲ ကသစ် ခင်တာက ဦးဇေရတုကိုပါ၊ ဦးဇေရတုရဲ့ အလုပ်ကို မဟုတ်ပါဘူး"

"နို့လို သိရတဲ့အတွက် ကျေးဇူးပါပဲ ကသစ်နီ၊ မှန်တာပြောရင် ကျုပ်အလုပ်ကို သိပြီး ကသစ်နီ မခင်နိုင်တော့ဘူး ထင်နေတာ"

"ဦးဇေရတုတွေ့ခဲ့တဲ့လူတွေထဲမှာ ကသစ်နီ မပါဘူး"

"အဟွန်း ယုံပါတယ် ကသစ်နီ၊ ဒါနဲ့ ကသစ်နီ တောင်ကြီးကိုလာတာ အလည်သက်သက်ပဲလား"

"အင်း... ဆိုပါတော့လေ၊ တောင်ကြီးကို ကသစ်နီ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အန်ကယ်လေး အလုပ်တာဝန်နဲ့ ပြောင်းလာလို့ ကသစ်နီ အလည်လိုက်လာတာ”

“ကသစ်နီ အန်ကတ်လေးက ဘာလုပ်လဲ”

“အန်ကယ်လေး ကပါ”

ကသစ်နီသည် အန်ကယ်လေးအလုပ်အကိုင်ကို မပြောချင်ပြောချင်နှင့် ပြောလိုက်ရသည်။

“သြော်… သြော်၊ နောက်ပြောင်းလာတဲ့ အရာရှိ ဦးစိုးနောင်ဆိုတာ ကသစ်နီရဲ့ အန်ကယ်လေးကိုး”

အန်ကယ်လေးနာမည်ကို ဦးဇေရတုနှုတ်မှ ရင်းရင်းနှီးနှီးကြီး ပြောလိုက်တာမို့ ကသစ်နီမှာ အံ့သြသွားရကာ

“ဦးဇေရတုက ကသစ်အယ်ကယ်လေးကို သိနေလို့လား”

“အဟွန်. ကိုပါတော့”

ဦးဇေရတုလို သီချင်းရေးဆရာ အနုပညာသည်တစ်ယောက်နှင့် အန်ကယ်လေး သိနေသည်ဆိုတဲ့အတွက် ကသစ်နီ မအံ့သြဘဲ မနေနိုင်တော့ပါ။

အန်ကယ်လေးဆိုတာ အနုပညာကို ခံစားနားလည်



တတ်သူတစ်ယောက်မဟုတ်။

ဒါနဲ့တောင် ဦးဇေရတုလို သီချင်းရေးအနုပညာသည်တစ်ယောက်နှင့် ဘယ်လိုလုပ် မိတ်ဆွေဖြစ်နေရသည်ဆိုတာ ကသစ်နီစိတ်ထဲ သိချင်နေရတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ခရီးကပန်းကာ လူကနွမ်းနေပေမယ့် ကသစ်နီသည် အိပ်၍မပျော်နိုင်ပါ။

နေရာအပြောင်း၊ ရာသီဥတု အပျော့အပြောင်းတို့ကြောင့် ကသစ်နီတော်တော်နှင့် အိပ်၍မပျော်ဘဲ မျက်စိကြောင်နေရတော့သည်။

ရန်ကုန်မှရောက်လာသော တူမဖြစ်သူ ကသစ်နီကို အန်ကယ်လေးသည် သူကိုတ်တိုင်လာကြိုပါသည်။

မတွေ့ရသည့် အချိန်သုံးလအတွင်းမှာ အန်ကယ်လေးသည် တောင်ကြီးရေမြေသဘာဝနှင့် တည့်၍လားမသိပါ။ လူက အသားတွေ ပိုဖြူလာကာ ယခင်ကထက် ခန့်ထည်နေရသည်။





ကသစ်နီနှင့် အန်ကယ်လေး တစ်ယောက်ကို ဆက် ...ကာ နှုတ်ဆက်နေချိန် ဦးဇေရတုကို ကသစ်နီ နှုတ်မဆက် ...ဘ်ရပါ။

ဦးဇေရတုသည် သူ့အား လာကြိုသည့်ကားနှင့် သူမ ...်ဝန်းထဲက ပျောက်ကွယ်သွားခဲ့သည်။

ကသစ်နီသည် အန်ကယ်လေးခေါ်ဆောင်လာသည့် ...းနှင့်ပင် အန်ကယ်လေးအိမ်ရှိရာသို့ ရောက်လာခဲ့သည်။

အန်ကယ်လေးနေသည့် အိမ်သည်တစ်ယောက်တည်း ...ား လူပျိုကြီးအန်ကယ်လေးအတွက် အရမ်းကို ကြီးမား ...ယ်ဝန်းနေရသည်။

အိမ်ထိန်းအဒေါ်ကြီးမှာ ကသစ်နီအတွက် နေရေးထိုင် ...း အစစအားလုံး စီစဉ်ပေးလေ၏။

ကသစ်နီနေရသည့် အိမ်ခန်းမှ ကြည့်လျှင် မှိုင်းပြာညို ...းနေသော ရှမ်းတောင်တန်းပြာကြီးကို လှမ်း၍ မြင်နေ ...သည်ကလည်း ကသစ်နီအတွက် ရင်ထဲလွမ်းမောစရာ။

ကသစ်နီမှာ အိပ်မပျော်နိုင်သဖြင့် မှန်ပြတင်းတံခါးကို ...င်ရင်း မမျှော်မှန်းနိုင်သည့် အဝေးတစ်နေရာကို ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

"ဦးစိုးနောင်ရဲ့ တူမနဲ့ လာတွေ့နေတာပဲ" ဟု ပြောသွ[...]သော ဦးဇေရတုသည်လည်း ခုချိန် ဘယ်ရောက်နေမ[...] မသိပါ။

သူပြောစဉ်သော သူသည် သီချင်းရေးဆရာတစ်ယော[...] ဟု ဦးဇေရတုကို ကသစ်နီ သိခဲ့ရပါသည်။ ကသစ်နီသ[...] သူ့ကို သီချင်းရေးဆရာတစ်ယောက်ဟု နည်းနည်းမှမထင်[...]

ယောက်ျားပီသကာ ခန့်ထည်သော ရုပ်သွင်နှင့် ပိရိ[...] သပ်သောနှုတ်ခမ်း၊ သူမအလွန်သဘောကျနှစ်ခြိုက်တတ်သ[...] စူးရှတောက်ပသော မျက်ဝန်းအစုံကို ပိုင်ဆိုင်ထားသေ[...] ဦးဇေရတုကို သီချင်းရေးဆရာတစ်ယောက်ဆိုကာ ကသ[...] ယုံရခက် မယုံရခက်ဖြစ်နေရသည်။

ကသစ်နီမှာ သူမအလွန်ချစ်သော အန်ကယ်လေး[...] ပြန်ဆုံရသည့်အတွက် ပျော်ရသည်ကတခြား၊ သူမစိတ်[...] မရှင်ပျနိုင်တာကတခြား ဖြစ်နေရသည်။

တကယ်တော့ ကသစ်နီစိတ်မှာ မရှင်ပျနိုင်မည်ဆို[...] လည်း မရှင်ပျနိုင်စရာပင်ဖြစ်သည်။





ခန့်ထည်ဆိုသည့် ချစ်သူနှင့် ပတ်သက်ကာ ကြုံရသည့်[...]ဖြစ်များက သူမအတွက် စိတ်ညစ်ညူးစရာ။

သူမကို ရိုးလွန်းသည်လို့ပဲပြောပြော ကသစ်နီဘဝတွင်[...]န့်ထည်သာရှိသလို ခန့်ထည်ဘဝတွင်လည်း သူမသာ[...]ရှိမည်လို့ ကသစ်နီ ထင်ခဲ့ပါသည်။

သို့သော် တကယ်တမ်း သူမထင်သလို မဟုတ်သော[...]ခါ ကသစ်နီနှလုံးသားတွေ တစစ်စစ်နှင့် နာကျင်ကြေကွဲရ[...]တော့သည်။

တစ်ခါတစ်ရံတော့လည်း ကသစ်နီ စဉ်းစားမိပါသည်။ [...]မဘဝတွင် ခန့်ထည်ဆိုသော လူတစ်ယောက်နှင့် မဆုံခဲ့မိ[...]လျှင် သူမဘဝအတွက် ဘယ်လောက်ကောင်းလိုက်မည်လဲ[...]တော။

တကယ်တော့ ခန့်ထည်နှင့်သူမဆိုတာက အစကတည်း[...]ကြ အသွင်မတူသည့် လူနှစ်ဦး။

ငယ်ငယ်ကတည်းက ခြံချင်းကပ်နေလာသော ခန့်ထည်[...]သည် အနောက်တိုင်း အနောက်ယဉ်ကျေးမှုကို အထင်ကြီးသူ[...]တစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ခန့်ထည်နှင့် ဆန့်ကျင်ဘက်ကကသစ်နီကတော့ မြန်မ
မိန်းကလေးပီပီ မြန်မာမှုကို အထင်ကြီး လေးစားလျ
ကိုယ့်ယဉ်ကျေးမှုကို ကိုယ် ထိန်းသိမ်းသည့်သူ။

ငယ်စဉ်ကတည်းက မိဘနှစ်ပါး ဆုံးပါးသွားခဲ့သေ
ကသစ်နီသည် မေမေ့မောင်နှင့်ညီမဖြစ်သည့် ဒေါ်ဒေါ်ငယ်
အနက်ကယ်လေး လက်ပေါ်မှာသာ ကြီးပြင်းလာခဲ့ရသည့်

ထို့အတူ... ၊

ခြံချင်းကပ်နေလာခဲ့သော ခန့်ထည်နှင့်လည်း
သူငယ်ချင်းများ ဖြစ်သည်။

ငယ်ငယ်တုန်းကတော့ ငယ်သံယောဇဉ်နှင့် ဖြူစင်
သားစွာ ခင်မင်ခဲ့သော ခန့်ထည်နှင့် ကသစ်နီတို့နှစ်ဦးအရွ
ရောက်လာတော့လည်း နှစ်ဦးကြား ခင်မင်မှုက ပျောက်ပျ
မသွားခဲ့ပါ။

ဒါကလည်း ကသစ်နီဘက်ကသာ ဖြစ်ပါသည်။
ထည်ဘက်ကတော့ အရွယ်လေးရောက်လာသည်နှင့်
သိပ်လှလာသော ကသစ်နီအပေါ် သူ့ဘက်က စိတ်
ပြောင်းလဲလာခဲ့ရပြီဖြစ်သည်။





ထိုပြောင်းလဲမှုများက သူနှင့်ကသစ်နီ တက္ကသိုလ်
ရောက်သည့်အခါ ပို၍ သိသာလာရသည်၊

အပျိုရည် အပျိုသွေးတို့ဖြင့် ကသစ်နီသည် ဝင်းဝါစိုပြည်
သော အသားအရေ၊ နက်မှောင်သန်စွမ်းသော မဟူရာမိုးသား
ယ် ရှည်လျားနက်မှောင်ပါသော ဆံနွယ်ရှည်တို့နှင့် ကြွေရုပ်
လေးတမျှ သိပ်လှလွန်းသော ကသစ်နီသည် ကျောင်း၏
အလှဘုရင်မဘွဲ့ကိုလည်း နေ့ချင်းညချင်း ရရှိသွားခဲ့သူဖြစ်
သည်။

ကသစ်နီ၏ ထိုအလှများကို မြင်ရလေလေ သဝန်တို
စိတ်မချဖြစ်နေရသူကလည်း ခန့်ထည်ပင် ဖြစ်တော့သည်။

အားလုံး၏ ပါးစပ်ဖျားတွင် မချနိုင်လောက်အောင်
အလှဂုဏ်သတင်းတွင် နာမည်ကြီးနေရသော ကသစ်နီကို
ခန့်တိုမှုတို့ဖြင့် စိတ်မချနိုင်လောက်အောင် ချစ်မိနေရသူ
ခန့်ထည်ပင် ဖြစ်တော့သည်။

ခန့်ထည်သည် သိပ်လှလွန်းသော ကသစ်နီကို ချစ်နေမိ
ချေပြီဖြစ်သည်။

တကယ်တော့ ခန့်ထည်ဆိုတာကလည်း သူ့ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ သူ့ဂုဏ်နှင့်သူ နာမည်ကြီးနေသူတစ်ယောက်ပင် ဖြစ်သည်။

ကသစ်နီနှင့်ခန့်ထည် ဆယ်တန်းအောင်တာချင်း တူကြ ပေမယ့် ကသစ်နီကတော့ ရိုးရိုးမေဂျာနှင့်ပင် ကျောင်းတက်ရ ခန့်ထည်ကတော့ စက်မှုတက္ကသိုလ်ကျောင်းသား ဖြစ်လေ သည်။

တစ်ယောက်နှင့်တစ်ယောက် ကျောင်းချင်းမတူကြ ပေမယ့် ခန့်ထည်ကတော့ ကသစ်နီရှိရာကျောင်းကို ချောင် ပေါက်မတတ် ရောက်လာတတ်သူဖြစ်သည်။

အသားဖြူဖြူ အရပ်ရှည်ရှည် မျက်ခုံးမျက်လုံးကောင် ကောင်းနှင့် ငွေကြေးပြည့်စုံချမ်းသာသည့် အရာရှိမိဘများက မွေးဖွားလာသည့် တစ်ဦးတည်းသောသားဖြစ်သူ ခန့်ထည်က တော့ စက်မှုတက္ကသိုလ်ကျောင်းသား ဖြစ်လေသည်။

တစ်ယောက်နှင့်တစ်ယောက် ကျောင်းချင်းမတူကြ ပေမဲ့ ခန့်ထည်ကတော့ ကသစ်နီရှိရာကျောင်းသို့ ချောင် ပေါက်မတတ် ရောက်လာတတ်သူဖြစ်သည်။

အသားဖြူဖြူ အရပ်ရှည်ရှည် မျက်ခုံးမျက်လုံးကောင်





ကောင်းနှင့် ငွေကြေးပြည့်စုံချမ်းသာသည့် အရာရှိမိဘများက မွေးဖွားလာသည့် တစ်ဦးတည်းသောသားဖြစ်သူ ခန့်ထည် အနားတွင် မိန်းမချော မိန်းမလှကလေးများစွာလည်း ရှိနေ ပါသေး၏။

ခန့်ထည်မှာ အားလုံးကို စိတ်မဝင်စားပါ။ သူ့ရင်ထဲ စိတ်ဝင်စား ချစ်မိနေရသည်က သူ၏ ငယ်သူငယ်ချင်းမလေး ကသစ်နီပင် ဖြစ်သည်။

ကသစ်နီကို သူ ချစ်နေမိရပြီမို့ ချစ်သည့်အကြောင်း ဖွင့်ပြောရန်ကိုလည်း ခန့်ထည် စဉ်းစားထားပြီး ဖြစ်ပါသည်။

စဉ်းစားထားပြီးသည့် အတိုင်းလည်း ခန့်ထည်သည် ကသစ်နီအား ချစ်သည့်အကြောင်း ဖွင့်ပြောခဲ့ပါ၏။

သူမျှော်လင့်သလို ကသစ်နီထံမှ ချစ်အဖြေရပြန်တော့ ခန့်ထည်လောက် ပျော်နိုင်မည့်သူ ဒီကမ္ဘာမှာ မရှိတော့ပါ။

သည်လိုနှင့်ပင် ခန့်ထည်နှင့် ကသစ်နီတို့ ချစ်သူတွေ ဖြစ်ခဲ့ရသည်။ ချစ်သူဘဝမှာတော့ နှစ်ဦးသား သွားလာလည် ပတ်ကြတမို့ ထိုရက်များသည် ခန့်ထည်နှင့် သူမအတွက် ပျော်ရွှင်စရာ နေ့ရက်တို့ ဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

သို့သော်။

သူမ ကျောင်းပြီးသည့်အချိန်မှာတော့ ခန့်ထည်၏ အချစ်တို့သည် သူမအပေါ် သိသာစွာ ပြောင်းလဲလာခဲ့ရသည်

သူမအား သိပ်ချစ်ပါသည်ဆိုကာ သူမရှိရာကို ချော ပေါက်မတတ် လာတတ်သော ခန့်ထည်သည့် တဖြည်းဖြည် သူမထံ အလာကျဲလာရသလို သူမအားလည်း ယခင် လောက် ဂရုတစိုက် မရှိတော့ပါ။

သူမသတင်းတွေ ပြန်ကြားရသလောက် ခန့်ထည်သည် သူ့ကျောင်းတွင် မိန်းကလေးတစ်ဦးနှင့် တွဲနေသည်ဆိုသော အကြောင်း ကသစ်နီ သိခဲ့ရ၏။

ခန့်ထည်အကြောင်း ကြားကြားရချင်းကတော့ဖြ ကသစ်နီ သူမနားကိုပင် သူမ မယုံကြည်နိုင်ခဲ့ပါ၊

သူမအား သိပ်ချစ်ပါသည်၊ မခွဲနိုင်ပါဆိုသော ခန့်ထည် က သူမအပြင် ကျောင်းတွင် တခြားမိန်းကလေး တစ်ယောက် နှင့် တွဲနေသည်တဲ့လား။

ထိုသတင်းကို ကြားရတော့ ကသစ်နီရင်ဝယ် ပူလောင် မှုတို့ဖြင့် ခန့်ထည်အပေါ် သဝန်တိုရသလိုလို၊ စိတ်မချနိုင်





တော့သလိုလိုနှင့် ရင်မှာ နင့်သည်းကြေကွဲထိခိုက် ခံစား ရသည်။

ငယ်သံယောဇဉ်နှင့် ခန့်ထည်အပေါ် ကသစ်နီနှင့် သည်းစွာ ချစ်ခဲ့ရသမျှ ခန့်ထည်သည် သူမအချစ်ကို အထင် သေးစော်ကားလာသောအခါ ကသစ်နီရင်ထဲ နာကျင်ကြေကွဲ ရမှုတို့က ဘာနှင့်မှ နှိုင်းယှဉ်ပြလို့မရတော့။

နာကြည်းစိတ်ကြောင့် ကသစ်နီသည် ခန့်ထည်ကို မှတ်ပင်မဆက်တော့ဘဲ အန်ကယ်လေးရှိရာ ဒီတောင်ကြီးကို တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

သူမကို ချစ်ပါသည်ဆိုသော ခန့်ထည်ပင် သူမမဟုတ် သည့် အခြားမိန်းကလေးတစ်ယောက်နှင့် တွဲနေနိုင်သေးလျှင် ကသစ်နီသည်လည်း သူ့ကိုအားကျမခံ တခြားတစ်ယောက် နှင့် ပြန်၍ တွဲပြရတော့မည်ပေါ့၊

သူမှ ကိုယ့်အပေါ် စိမ်းကားရက်နိုင်သေးလျှင် သူမ ကရော ဘာကြောင့် သူ့အပေါ် မရက်စက်နိုင်ရမည်လဲ။

အတွေးနှင့် ကသစ်နီ အံကိုတင်းတင်းလေးစေ့ကြိတ် ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမရှိပါ။

ခန့်ထည်လိုလူနှင့် သူမ ဆုံရလို့လည်း ကာသစ်နီ ဝမ်းနည်းမနေပါ။ သူနှင့် မဆုံရလို့လည်း သူမ ကိစ္စမရှိ။ သူမဘဝတွင် တခြားတစ်ယောက်နှင့် ဖူးစာဆုံနိုင်သေးသည်။

ကာသစ်နီအနားတွင် ခန့်ထည်သက်သာသော ယောကျ်ားများစွာ ရှိနေသည်မို့ ခန့်ထည်လို သစ္စာမရှိသည့် ချစ်သူကို ဆုံးရှုံးသွားပေမယ့် ကာသစ်နီ ဝမ်းနည်းမနေတော့။

ခန့်ထည်နှင့် စိတ်အနှောင့်အယှက်ဖြစ်ရသမျှ ကာသစ်နီသည် ဦးဇေရတုနှင့် လာကြုံရသည်။

တကယ်တော့ ကာသစ်နီ လာကြုံ လာဆုံရသည်က ဦးဇေရတုလို သီချင်းရေးဆရာတစ်ယောက်နှင့် မဟုတ်။

ခန့်ထည်ထက် များစွာသာလွန်မြင့်မားသည့် ပညာတတ်လူမျိုးကိုပင် ဖြစ်သည်။

သို့သော်... ။

ဦးဇေရတုကတော့ ကာသစ်နီအတွေးထဲက မထွက်ပါတော့။

□



## အခန်း (၃)

နှင်းငွေ့တွေ လွှမ်းခြုံထားသည့် ဆောင်း၏မနက်ခင်းက ပြတင်းတံခါးမှတဆင့် ကာသစ်နီမျက်နှာလေးကို ခပ်ကြမ်းကြမ်းလေး တိုးဝှေ့တိုက်ခတ်သွားသောအခါ ကာသစ်နီရင်ထဲ ကြည်လင်လန်းဆန်းသွားရသည်။

ကြည်နူးစရာကောင်းလိုက်တာ။

ဘယ်မျှ ကြည်နူးစရာကောင်းလိုက်သည့် မြင်ကွင်းဆိုတာ ဘယ်နေရာကြည့်ကြည့် မှိုင်းပြာစိမ်းညို့နေသော တောင်တန်းပြာကြီးများ ပတ်လည်ဝိုင်းနေသည့် ရှမ်းတောင်တန်းများ၏အလှကိုကြည့်ရင်း ကာသစ်နီသည် ခန့်ထည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သော စိတ်အာရုံ ရှုပ်ထွေးခဲ့ရသမျှ သောကများ ရင်ဝယ် ခဏမေ့သွားရသည့်အဖြစ်။

ကာသစ်နီသည် ကြည်နူးချမ်းမြေ့လှသည့် ရှမ်းတောင်တန်း၏အလှကိုကြည့်ရင်း ရင်ဝယ်ကြည်နူးနေစဉ် အပြင်မှ တံခါးခေါက်လာရသည်မို့ ကာသစ်နီ အခန်းတံခါးကို ဖွင့်လိုက်သည်။

"မမလေးကို ဘာဘက မှာလိုက်ပါတယ်။ နိုးရင်အောက်ကို ဆင်းခဲ့ပါတဲ့။ ကော်ဖီသောက်ဖို့ စောင့်နေပါတယ်တဲ့"

ဆယ်နှစ်ကျော်သာ ရှိသေးသည့် နန်းဝိုးလေးမှာ ကာသစ်နီအား လက်လေးပိုက်ကာ မှာလိုက်သည့်စကားများကို ရိုရိုသေသေနှင့် ချစ်စဖွယ်လေး ပြောလာလေ၏။

ကာသစ်နီမှာ ပါးမို့ရဲရဲလေးနှင့် ချစ်စရာ နန်းဝိုးလေးကို အပြုံးလေးနှင့်ကြည့်ရင်း...

"အေး...အေး...နန်းဝိုး... ဘာဘကို မမလာခဲ့မယ်လို့ ပြောလိုက်"

"ဟုတ်ကဲ့ နောက်ပြီး ဘာဘက မှာလိုက်ပါသေးတယ်။ ရေပြောင်းမြေပြောင်းမို့ ရေချိုးရင် အကြာကြီး မချိုးပါနဲ့တဲ့"





"အေး... အေး... နောက် ဘာပြောစရာရှိသေးလဲ"

"မရှိတော့ပါဘူး မမလေး"

"အေး... မမခဏနေ ဆင်းလာခဲ့မယ်လို့ ဘာဘကို ပြောလိုက်"

"ဟုတ်"

ချစ်စရာ နန်းဝိုးလေးသည် ခေါင်းလေးညိတ်ကာ အောက်ထပ်သို့ ပြန်ဆင်းသွားလေသည်။

ကာသစ်နီမှာ သူမကို အန်ကယ်လေး ကော်ဖီသောက်ရန် စောင့်နေသည်ဆို၍ တွေဝေငေးမောနေချိန် မရတော့ပါ။

ရေချိုးခန်းထဲသို့ ကိုယ်လက်သန့်စင်မှုကို အမြန်လုပ်လိုက်ပြီးနောက် မှန်ထဲတွင်ပေါ်နေသည့် သူမမျက်နှာလေးကို ပြန်ကြည့်ကာ ဆံနွယ်ရှည်ကြီးများကို ဘီးကျဲကျဲနှင့် အမြန်ဖြီးလိုက်ပြီး မျက်နှာဝင်းဝင်းလေးပေါ် နှီရည်လေးလူးလျက် နှုတ်ခမ်းဖူးဖူးလေးကို မန်းသွေးရောင်ဖျော့ဖျော့ နှုတ်ခမ်းဆိုးဆေး တင်လိုက်ရုံနှင့် ကာသစ်နီ၏ အလှပြင်ဆင်ခြယ်သမှုက ပြီးဆုံးသွားပြီဖြစ်သည်။

သည်နောက် ကာသစ်နီသည် မရမ်းဖျော့ဖျော့ရောင်လက်



www.burmeseclassic.com

www.burmeseclassic.com



အောက်ဆင်တူ ဝတ်စုံဥလေးထက်ပေါ်သို့ ကူစက်နက်ပြာရှည်လေးကို ထပ်ဝတ်လိုက်သည်ဆိုရင်ပဲက သစ်နီအလှကပြီးပြည့်စုံသည့် အလှပိုင်ရှင် ဖြစ်သွားရလေသည်။

အားလုံးပြင်ဆင်ပြီးသည်နှင့် ကသစ်နီသည် မှန်ထဲသူမကိုယ်သူမ တစ်ချက်ပြန်ကြည့်ကာ အောက်ထပ်သို့ဆင်းလာခဲ့လိုက်သည်။

ထမင်းစားခန်းသို့ ရောက်သည်နှင့် အန်ကယ်လေးသည်ကော်ဖီဝိုင်းနှင့် ကသစ်နီအား အသင့်စောင့်နေလေသည်။

"လာ သား၊ ထိုင်"

"အန်ကယ်လေး ကသစ်ကို စောင့်နေတာ အားနာစရာကောင်းနေပြီ၊ ကသစ်ကို ခွင့်လွှတ်ပါနော်"

"ကသစ် ခရီးပန်းလာတာ အန်ကယ်လေး သိနေတာပဲ၊ အန်ကယ်လေးကို တောင်းပန်ဖို့ မလိုပါဘူးကွယ်၊ ဒါနဲ့သမီး ဒေါ်ဒေါ်ငယ်က သမီးဒီကိုလာတာကြည်ကြည်ဖြူဖြူနဲ့မှလွှတ်တာမဟုတ်ရဲ့လား"

အန်ကယ်လေးစကားက ကသစ်နီအရှိက်ကို ထိသွားစေရသည်ကိုတော့ အန်ကယ်လေး သိမည်မဟုတ်။





ကသစ်နီမှာ မျက်နှာလှလှလေး တစ်ချက်မဲ့သွားရပြီး

"အန်ကယ်လေးလည်း သိနေတာပဲ၊ ကသစ်ကို ဒေါ်ဒေါ်ငယ်က ဘယ်ကိုမှ မသွားစေချင်တာ"

"ဟား... ဟား... အဲဒါ အန်ကယ့်သမီးကို သမီးဒေါ်ဒေါ်ငယ်က သိပ်ချစ်တော့ မခွဲနိုင်လို့ ဆိုတာ သမီးလည်းသိနေတာပဲ"

"ဟွန်း... ကသစ် သိတော့သိတာပေါ့၊ ဒါပေမဲ့အန်ကယ်လေးရယ် ကသစ်လည်း အရွယ်ရောက်နေပြီဆိုတာ ဒေါ်ဒေါ်ငယ်မေ့ထားလို့မှမရဘဲ"

"ဟား... ဟား... ငါ့သမီးကတော့ကွာ တစ်ကယ့်ကိုစကားတွေတတ်နေပြီပဲ။ ဟုတ်တာပေါ့။ ကသစ်ပြောတာမှန်တယ်။ ကသစ်အရွယ်ရောက်လာပြီဆိုတာ အန်ကယ်လေးတို့ မေ့ထားလို့မရဘူး"

အန်ကယ်လေးသည် ထိုစကားကို ကြည့်လျက် ပြောလိုက်သည်။

"ဒါနဲ့ ကသစ် အန်ကယ်လေးဆီမှာ ဘယ်လောက်ကြာကြာနေမယ် စိတ်ကူးထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်လေးသည် ကော်ဖီခွက်ကို မော့သောက်ရင်းက မေးလိုက်၏။

ကသစ်နီသည် လှမ်းမြင်နေရသည့် မှိုင်းပြာပြာတောင်တန်းကြီးကို လှမ်းကြည့်လိုက်ရင်း

"ကသစ် ပျော်သလောက်တော့ နေမယ် စိတ်ကူးတာပဲ"

"အင် အန်ကယ်လေးဆန္ဒကလည်း ကသစ်နဲ့ ထပ်တူပါပဲ။ ကသစ်ကို ရောက်တုန်း အေးအေးဆေးဆေး နေစေချင်တယ်။ အန်ကယ်လေးကတော့ အန်ကယ်လေးတူမ ဘယ်မှာနေနေ စိတ်ချမ်းသာတာကိုပဲ မြင်ချင်တယ်"

"အန်ကယ်လေးရယ်"

သူမအပေါ် အရိပ်တကြည့်ကြည့်နှင့် ချစ်ရှာလွန်းသော အန်ကယ်လေးစကားကြောင့် ကသစ်နီရင်ဝယ် ကြည်နူးခြင်းပီတိများ ဖြာပသွားရသည်။

"ဒီရောက်တုန်း ကသစ် အေးအေးဆေးဆေး လျှောက်လည်ပေါ့၊ ကသစ် ဒီနေ့ ဘယ်သွားချင်လဲ၊ အန်ကယ်လေးကတော့ ရုံးသွားစရာရှိသေးတယ်၊ ကသစ် သွားချင်တဲ့နေရာကို အန်ကယ်လေး ဒရိုင်ဘာ လိုက်ပို့ပေးလိမ့်မယ်"





"ဒီနေ့တော့ ကသစ် ဘယ်မှ မသွားချင်သေးဘူး အန်ကယ်၊ နောက်ရက်မှပဲ ကသစ် သွားတော့မယ်"

"အင်းလေ... ကသစ်လည်း ဒီမှာနေရဦးမှာဆိုတော့ ဖြည်းဖြည်းပေါ့၊ ကဲ အန်ကယ်လေး အလုပ်သွားတော့မယ် ကသစ်အတွက် လိုအပ်တာတွေ လုပ်ပေးဖို့ ဒေါ်မြနဲ့ နန်းငိုး ရှိတယ်။ သူတို့ကို ကသစ်လိုချင်တာ ပြောလိုက်ရတယ် ဟုတ်လား"

ကလေးတစ်ယောက်လို ကသစ်ခေါင်းလေးကို ပုတ်ချက် အန်ကယ်လေးသည် ထမင်းစားခန်းထဲမှ ထွက်သွား၏။

ကသစ်နီမှာ ထမင်းစားပွဲတွင် ထိုင်ကာ ကော်ဖီဆက်သောက်နေသည်။

ခဏကြာတော့ ရုံးသို့သွားသည့် အန်ကယ်လေး ကားသံကို ကြားရသည်။ ထိုအချိန်ထိ ကသစ်နီသည် ထမင်းစားပွဲတွင်ထိုင်ရင်းက တစ်စုံတစ်ရာကိုစွက်ကို လေးလေးနက်နက် စဉ်းစားနေဟန်နှင့် ငြိမ်သက်နေသည်။

သည်နောက် ကသစ်နီသည် ထမင်းစားပွဲတွင် ဆက်ထိုင်ချင်တော့သဖြင့် ဧည့်ခန်းဘက်သို့ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းပြာကြီးများရှိရာသို့ မျက်နှာမူထားသော…
အန်ကယ်လေး၏ ဧည့်ခန်းသည် ဇာခန်းဆီးဖြူဖြူကြီးများ…
လေမှာတလွင့်လွင့်နှင့် စိတ်ကြည်နူးစရာကောင်းနေရသည်။

ကသစ်နီသည် ဧည့်ခန်းထဲရှိ ခုံတစ်လုံးတွင် ဝင်ထိုင်…
ရင်းက မှိုင်းပြာစိမ်းညို့နေသည့် ရှမ်းတောင်တန်းကြီး…
အကြည့်မလွှဲ ငေးစိုက်ကြည့်နေမိသည်။

ကြည့်နေရင်းက ဒီနေရာ၊ဒီဒေသကို ရောက်လိမ့်မည်ဟု…
မထင်ထားခဲ့သည့် သူမအဖြစ်ကိုလည်း ကသစ်နီပြန်၍အံ့…
နေရသည်။

ခန့်ထည်သည် သူမဒီနေရာ ဒီဒေသရောက်လာရခြ…
ကို ဘာပြောမည်မသိပါ။

ပြောလည်း ကသစ်နီ ဂရုမစိုက်ချင်တော့။ သူတော…
သူမကို ဂရုမစိုက် အလေးမထား၍ တခြားမိန်းကလေး…
တွဲနေသေးသည်ပဲ။ ကသစ်နီ သူ့ကို ဘာဂရုစိုက်နေဖို့လိုမ…

စောစောက ကြည်လင်နေရသော ကသစ်နီ၏စိတ်…
သည် ခန့်ထည်အကြောင်း တွေးလိုက်တာနှင့်ပင် ပြန်လည်…
နောက်ကျိသွားရသည်။





ခန့်ထည်ဆိုတာက ကသစ်နီ့ဘဝတွင် မေ့ထားသင့်
သည့် လူတစ်ယောက်ဆိုသောအသိနှင့် ကသစ်နီ့နှလုံးသား
…ကျင်သွားရသည်။

ထိုစဉ်…

"တူမကြီး ဒေါ်ဒေါ် ဈေးသွားဦးမလို့ လိုက်ဦးမလား"

ဧည့်ခန်းထဲသို့ ဝင်လာကာ မေးလိုက်သည့် ဒေါ်မြကို
…င်မှ ကသစ်နီသည် အတွေးများကြားမှ နိုးထလာကာ

"ကသစ် မလိုက်တော့ဘူး ဒေါ်ဒေါ်"

"ဒါဆို ဒေါ်ဒေါ် ဈေးသွားလိုက်ဦးမယ်၊ တူမကြီး
…ိုင်းစရာရှိရင် ခိုင်းရအောင်လို့ နန်းမိုးလေးကို ထားခဲ့မယ်နော်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"ဘာမှာဦးမလဲ တူမကြီး"

"နေပါစေ ကသစ်၊ ဘာမှ မမှာတော့ပါဘူး ဒေါ်ဒေါ်"

"တူမကြီးပျင်းရင် ခြံထဲလျှောက်ကြည့်ပေါ့"

"ဟုတ်ကဲ့"

ဒေါ်မြသည် ကသစ်နီ့ကို နှုတ်ဆက်လျက် ဈေးသို့ထွက်
သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကသစ်နီသည် အသားဖြူဖြူ ဝဖိုင့်ဖိုင့်နှင့် စိတ်ရင်
မနောသဘောကောင်းပုံရသည့် ဒေါ်မြကို မျက်စိတစ်ဆုံးကြ
ရင်း ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ကျန်ခဲ့ရပြန်သည်

ပြတင်းတံခါးမှတစ်ဆင့် စိမ့်အေးစွာ တိုးဝင်လာသ
လေနုအေးကြမ်းကြမ်းကြောင့် ကသစ်နီမှာ ပခုံးလေးကျုံ့သွ
ရသည်။

တစ်ဆက်တည်း "အေးလိုက်တာ" ဆိုသည့်စကား
လည်း ကသစ်နီစိတ်မှာ ဆိုလိုက်မိသည်။

ကသစ်နီမှာ သူမကိုယ်လေးကို ပြတင်းတံခါး
လေကွယ်တစ်နေရာတွင်ရပ်ရင်း ရှမ်းတောင်တန်းပြာကြီး
ငေးကြည့်နေပြန်လေ၏။

ရင်မှာ နာကျင်စရာ အလွမ်းဓာတ်ခံနှင့် လာခဲ့ရ၍လ
မသိပါ။ ကသစ်နီသည် မြူနှင်းမြူငွေ့များ ဆိုင်းနေသ
တောင်တန်းပြာကြီးကိုကြည့်ပြီး ရင်ထဲလွမ်းဆွတ်နာကျ
ကြေကွဲရမှုတို့ကသာ ပို၍နေရသည်။

ကသစ်နီသည် သူမရင်ထဲက ခံစားမှုများအား ခန့်ထ
လိုသစ္စာမရှိသည့် ယောကျ်ားနှင့် မထိုက်တန်ဆိုကာ နာကျ





စိတ်နှင့် သူမရင်ထဲ ခံစားနေရမှုတို့ကို မာန်လေးတင်းလျက်
စိတ်အတွင်းပင် မောင်းထုတ်ပစ်လိုက်သည်။

သို့သော်...

ခန့်ထည်နှင့် ပတ်သက်ကာ သူမရင်ထဲက ဝေဒနာခံစား
မှုတွေကို ဘယ်လိုပင် မောင်းထုတ်နေစေဦးတော့ ကသစ်နီ
ရင်ထဲနာကျင်စွာ ကြေကွဲထိခိုက်ခံစားရသည့် စိတ်ကတော့
ထွက်၍မသွားခဲ့ပါ။

ဘယ်လိုလုပ်၍လည်း ထွက်သွားနိုင်မှာတဲ့လဲ၊ ခန့်ထည်
ဆိုတာက ကသစ်နီဘဝရဲ့ အချစ်ဦးပင် မဟုတ်ပါလား။

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ညက ညဉ့်နက်မှ အိပ်သည့်အတွက် မနက်မိုးလင်းတော…
ကသစ်နီသည် အိပ်ရာကနေ တော်တော်နှင့် မထနိုင်ပါ…

မေးဖျားများပင် ရိုက်မတတ် အေးစိမ့်လွန်းသည…
ဆောင်းငွေ့များ ရိုက်ခတ်ထားသည့် ညချမ်းဝယ် မြေပြန့်…
ကသစ်နီတစ်ယောက် ငွမ်းစောင်ထူထူနွေးနွေးကြီးထဲ သူ…
ကိုယ်လေးတိုးဝင်ရင်း အချမ်းဒဏ်ကို အံတုအိပ်ပျော်သွား…
သည်မှာ အိပ်မက်များပင် မက်ခဲ့ပါသေးသည်။

သူမအိပ်မက်ထဲတွင် ဦးဇေရတုလည်း ပါသေး၏…

ဦးဇေရတုသည် သူမအား ရှုရှုတောက်မသော မျက်ဝ…
အစုံနှင့် ပြုံးပြုံးကြီး စိုက်ကြည့်နေလေသည်။

သူ့အပြုံးများကြောင့် သူမရင်တွေ ခုန်ခဲ့ရသည်…





ပြန်တွေးမိတော့ ကသစ်နီတစ်ယောက် ပါးလေးတွေပင်ရှုပ် ရဲတောက်သွားရသည်။

ဦးဇေရတုလို ခရီးသွားဟန်လွှဲ တွေ့ခဲ့ရသည့် လူတစ်ယောက်ကို ကသစ်နီသည် သူမအိပ်မက်ထဲထိအောင် ထည့်မက်ခဲ့သဖြင့် သူမကိုယ်သူမလည်း ကသစ်နီ စိတ်ဆိုးရပါသည်။

ဦးဇေရတုဆိုသည့် ဒီယောကျ်ားသည် သူမအပေါ် ဒီလောက်ပဲ စိုးမိုးနေရာ ယူနိုင်လွန်းသည့်တဲ့လား။

"ဒေါက်… ဒေါက်… မမလေး မမလေး"

"ဟင်…"

အပြင်မှ တံခါးခေါက်နေသည့်နန်းဝိုးလေး၏ အသံကြောင့် ကသစ်နီ အိပ်ရာမှ ဝေါက်ခနဲ ထထိုင်ကာ အခန်းတံခါးကို ဖွင့်လိုက်သည်။

"မမလေးနဲ့ တွေ့ချင်တဲ့ ဧည့်သည်အောက်မှာ ရောက်နေပါတယ်"

"ဘယ်သူလဲ"

ဧည့်သည်ဆို၍ ကသစ်နီ အံ့သြသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာ ဒီဒေသသည် ကသစ်နီနှင့် ရင်းနှီးခြင်း မရှိသည့်အရပ်ဒေသ၊ ဒီလိုနေရာမျိုးမှာ ကသစ်နီကို တွေ့ချင်ပါသည်ဆိုသော ဧည့်သည်ဆိုသည့်စကားကြောင့် ကသစ်နီ အံ့သြသွားရခြင်းဖြစ်သည်။

"ဘယ်သူဆိုတာတော့ ကျွန်မလည်း မသိဘူးမမလေး၊ ဧည့်သည်က မမလေးကိုပဲ တွေ့ချင်တယ်လို့ ပြောနေတယ်"

ဧည့်သည်သည် သူမကို တွေ့ချင်ပါသည်လို့ပဲ ပြောနေသည်တဲ့လား။

ကသစ်နီတစ်ယောက် ဧည့်သည် အဘယ်သူဘယ်ဝါဆိုတာ မစဉ်းစားနိုင်တော့ပါ။

ဘယ်သူပဲဖြစ်နေဖြစ်နေ သူမဆီလာသည့် ဧည့်သည်ကို ကသစ်နီ ထွက်တွေ့ရမည်မို့

"ဧည့်သည်ကို ကော်ဖီတိုက်ပြီး ခဏထိုင်ခိုင်းထားလိုက်နော်၊ မမလေး အခုပဲ လာခဲ့မယ်"

နန်းပိုးလေးကို မှာစရာရှိတာမှာပြီးနောက် ကသစ်နီသည် အိပ်ရာကထလာသည့် သူမကိုယ်ကို သူမ အမြန်ဆုံး သေသေသပ်သပ်ဖြစ်အောင် ပြုပြင်လိုက်သည်။





အားလုံးပြီးသည်နှင့် ကသစ်နီသည် သူမကို တွေ့ချင်ပါသည်ဆိုသော သူမကို စောင့်နေသည့် ဧည့်သည်ဆီ ရောက်လာခဲ့သည်။

ဧည့်သည်ဆို၍ ဘယ်သူများလည်းဆိုပြီး ရင်ဝယ် အတွေးစိတ်တွေနှင့် လာခဲ့ရသော ကသစ်နီတစ်ယောက် ဧည့်ခန်းထဲသို့ ရောက်ချိန်မှာတော့ မျက်ဝန်းလေးပြူးကျယ်ဝိုင်းစက်သွားရသည်အထိ အံ့သြသွားရသည်။

ဘုရားရေ...။

ကြည့်စမ်းပါဦး...

သူမ ဘယ်လိုမှ မထင်ထားခဲ့သည့်သူ ဦးဇေရတုပါလား။

ဦးဇေရတုသည် အံ့သြနေသော ကသစ်နီကို ခပ်လွန့်လွန့်လေး ပြုံးပြလေသည်။

"အို..."

သူ့အပြုံးများကိုမြင်တော့ ကသစ်နီမှာ ရင်ခုန်ခြင်းတွေနှင့်အတူ ပို၍ အံ့သြသွားရသည်။

သည်အပြုံးဟာ သူမညက အိပ်မက်ထဲမှာ တွေ့ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



အပြုံးတွေပါပဲလား။

"အဟွန်း မဖိတ်ခေါ်ဘဲ ရောက်လာတာ ရိုင်းသလို ဖြစ်သွားပြီမဲ့တူတယ်"

"အို...မဟုတ်ပါဘူး၊ ရုတ်တရက် အံ့ဩသွားတာပါ ထိုင်ပါဦး ဦးဇေရတု"

ထိုင်ရာမှထကာ သူမအား ဆီးကြိုနှုတ်ဆက်စကား ဆိုနေသည့် ဦးဇေရတုကို ကသစ်နီ အားနာစွာ ပြန်ထိုင်ခိုင်း လိုက်သည်။

နှစ်ယောက်သားထိုင်မိသည်နှင့်

"ကသစ်လိပ်စာကို မမေးဘဲနဲ့ ကသစ်ဒီမှာရှိမှန်း ဦးဇေရတု ဘယ်လိုလုပ်သိလဲ"

"အဟွန်း... ဟွန်း... ဒါက ဘာခက်တာမှတ်လို့ ကသစ် အန်ကယ်လေးအမည်ကို သိနေမှတော့ ကသစ် ဘယ်မှာနေတယ်ဆိုတာလည်း သိဖို့ မခက်တော့ပါဘူး"

"အဟင်း ဟုတ်ပါရဲ့၊ ကသစ် ဒါကို မေ့နေတာ အန်ကယ်လေး အပြင်သွားနေလို့ ဦးဇေရတုနဲ့ မိတ်ဆက် မဆက်ပေးရဘူး"





"ကိစ္စမရှိပါဘူး ကသစ်၊ ကျုပ်နဲ့ မင်းအန်ကယ်လေး နောက်လည်း ဆုံဦးမှာပါ"

"ရှင်"

ကသစ်နီ ဦးဇေရတု၏စကားကို အံ့ဩသွားရသည်။ အန်ကယ်လေးနှင့် နောက်လည်း ဆုံရဦးမှာပါတဲ့၊ ဒါ ဘာ အဓိပ္ပာယ်ပါလိမ့်။

တွေးရင်းမှ ကသစ်နီသည် နားလည်ရခက်သော မျက်ဝန်းလေးနှင့် ဦးဇေရတုကို ကြည့်လိုက်တော့ သူသည် လည်း သူမကို ပြန်ကြည့်နေလေ၏။

အင်း... ဒီလူ အကြည့်ရဲပုံကတော့ ဉာကယ်မလွယ် ပါလားဟု ကသစ်နီ ရင်စိတ်နှင့် တွေးဖြစ်လိုက်လေသည်။

"ဘာရယ်မဟုတ်ပါဘူး၊ မနက်စောစော လမ်းလျှောက် ထွက်လာရင်း ကသစ်တို့အိမ်နားက အဖြတ်မှာ ကျုပ်ရင်ထဲ ကသစ်ကို တွေ့ချင်စိတ် ဖြစ်လာတာနဲ့ ဝင်လာတာ"

"သြော်"

ကသစ်နီထံမှ အံ့ဩဟန်စကားသံက ခပ်လွင့်လွင့်။

"ဟိုတစ်နေ့က ကျုပ် ကသစ်ကို နှုတ်မဆက်ဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါ"

"ရပါတယ်"

"ဒါနဲ့ ကသစ် တောင်ကြီးရဲ့ အအေးဒဏ်ကို ခံနိုင်သွားပြီအာ၊"

"ဟင့်အင်း သိပ်အေးတာပဲ"

ကသစ်နီစကားကြောင့် ဦးဇေရတုသည် ခေါင်းကို နောက်သို့အနည်းငယ်လှန်ကာ သွားစွယ်ဖွေးဖွေးလေးများပေါ်သည်အထိ နှစ်နှစ်ခြိုက်ခြိုက် ရယ်ပါတော့သည်။

"အဟွန်း... ဟွန်း... ဟွန်း...၊ မြေပြန့်သူက ဒီတောင်ပေါ်အအေးဒဏ်ကို ခုချိန် မခံနိုင်သေးပေမယ့် နောက်တော့လည်း သူ့အလိုလို ကျင့်သားရသွားမှာပါ"

"ဟင်"

သူမမျက်နှာလေးကို စိုက်ကြည့်ကာ ပြောလိုက်သည့် သူ့စကားက ဘာလိုလိုမို့ ကသစ်နီရင်ထဲ တစ်မျိုးဖြစ်သွားရသည်။

ဦးဇေရတုကို သူမ နားမလည်နိုင်တော့ပါ။ သူနှင့် သူမ ကားပေါ်မှာ ခရီးအတူ စီးရင်း ခင်ခဲ့ကြသည်ဆိုပေမယ့်





ကသစ်နီသည် ဦးဇေရတုကို အိမ်လည်လာဖို့အထိတော့ မဖိတ်ခေါ်ခဲ့ပါ။

ဒါနဲ့တောင် ဦးဇေရတုသည် ကသစ်နီတို့အိမ်နားက ဖြတ်သွားတာနှင့် သူမကို ဘာကြောင့်တွေ့ချင်၍ ဝင်နှုတ်ဆက်ရပါသည်လဲ။

ရှားညိုရောင် သက္ကလပ်ကုတ်အင်္ကျီနှင့် ငါးရှဉ့်သွေးရောင် ဘောင်းဘီတော်ဆင်ထားသည့် သူ့ပုံစံအား အခုလိုဆိုပြန်တော့လည်း ပို၍ နုပျိုနေသလိုလို။

"ဦးဇေရတုက တောင်ကြီးသားလား"

"မဟုတ်ဘူး၊ ဒါပေမဲ့ ကျုပ်က ဒီမှာပဲ အခြေများတော့ ဒီမြို့သားတစ်ပိုင်း ဖြစ်နေပါပြီ၊ ဒါနဲ့ ဦးစိုးနောင် ဘယ်သွားတာလဲ"

"အန်ကယ်လေးက မနက်စောစောဆို ဂေါ့ဖ်ရိုက်သွားတယ်လေ၊ ဘာဖြစ်လို့လဲ ,ဦးဇေရတု"

"မေးကြည့်တာပါ။ ဒီနေရာလေးကကြည့်ရင်, ရှမ်းတောင်တန်းကြီးကိုလည်း လှမ်းမြင်နေရသလို အေးအေးဆေးဆေးလည်း ထိုင်လို့ကောင်းလို့ ဦးစိုးနောင် ပြန်အလာကို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ဖို့ စောင့်ရင်းထိုင်မလားလို့ပါ”

“မာင်”

ကာသစ်နှိမှာ သူ့သဘောနှင့်သူ ဆုံးဖြတ်ပြောနေသော ဦးဇေရတုကိုကြည့်ကာ ရင်မှာ အံ့သြမှုတွေအသာ ပိုနေရတော့သည်။

ကြည့်စမ်း။

သူမ မဖိတ်ခေါ်ပါဘဲ ရောက်လာသည့် ဧည့်သည်က သူမအိမ်မှာ ဘာကြောင့် အချိန်ကြာမြင့်စွာ ထိုင်ချင်ရပါသည်လဲ။

“ကာသစ် တောင်ကြီးကို ဘယ်နေ့ရာတွေ သွားလည်ပြီးပြီလဲ”

“အခု လောလောဆယ်တော့ ကာသစ်လည်း လျှောက်လည်ဖို့ သိပ်စိတ်မပါသေးတာနဲ့ ဘယ်မှမသွားဖြစ်သေးဘူး နောက်မှပဲ”

“အဟွန်း နောက်မှ တောင်ကြီးမြို့အနှံ့ လျှောက်လည်မယ်ပေါ့”

“ဟုတ်ကဲ”





“ဒါဖြင့် ကျုပ်ကော ဧည့်မြောင်အနေနဲ့ လိုက်လို့ရမဘူးလား”

“ဦးဇေရတုက ဒီမြို့သားတစ်ပိုင်းဖြစ်နေပြီဆို”

“ဒါဆို လမ်းပြအနေနဲ့ လိုက်မယ်ဆိုရင်ရော”

“ကာသစ် သွားဖို့လာဖို့ အန်ကယ်လေးက စီစဉ်ပေးမယ်နဲ့တူတယ်”

“အဟွန်း... ဟွန်း... ဦးစိုးနောင်က သဘောကောင်းပါတယ်”

“ဟုတ်တယ်... အန်ကယ်လေးရော၊ ဒေါ်ဒေါ်ငယ်ပါ သဘောကောင်းတယ်”

“ကာသစ်ကကော”

“ကာသစ်ကတော့ ကိုယ့်ကိုယ်ကို သဘောမကောင်းဘူးလို့ ထင်တာပဲ”

ဦးဇေရတုမှာ ကာသစ်စကားကို နားထောင်ပြီး ပြုံးလိုက်သည်။

သူ့အပြုံးကိုမြင်တော့ ကာသစ်သည်လည်း သူနှင့်အတူ လိုက်၍ ပြုံးမိသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"စပ်စုတာတော့ မဟုတ်ဘူး၊ ကသစ်မိဘတွေက ရန်ကုန်ကပဲလား"

"ကသစ်မှာ မိဘတွေ မရှိတော့ဘူး"

"ဟင်..."

ဦးဇေရတု၏ အကြည့်စူးစူးတစ်ချက်က ကသစ်၏ မျက်နှာလှလှလေးထက် စူးခနဲရောက်ရှိလာရသည်။

"ဖေဖေနဲ့မေမေက ကသစ် ငယ်ငယ်လေးကတည်းက ဆုံးသွားခဲ့တယ်။ ကသစ်က အန်ကယ်လေးနဲ့ ဒေါ်ဒေါ်ငယ် လက်ထဲမှာ ကြီးပြင်းလာခဲ့ရတာလေ"

"သြော် ဒါကြောင့်ကိုး"

"ဘာဒါကြောင့်လဲ ဦးဇေရတု"

"တခြားမဟုတ်ပါဘူး၊ ကသစ်ကို မြင်လိုက်ကတည်းက တစ်မျိုးထူးပါတယ်လို့ ထင်နေတာ၊ ကသစ်က ဦးလေးနဲ့ အဒေါ် အလိုလိုက်ခံထားရတဲ့သူ ဖြစ်နေတာကိုး"

"ဟင် ဘာဆိုင်လို့လဲ"

မျက်ခုံးနက်နက်တန်းတန်းလေးကို ခပ်ရောင်ရောင်လေး တွန့်လိုက်ရင်းမှ ကသစ်နီသည် ကလေးတစ်ယောက်လို





နှုတ်ခမ်းလေးစူကာ မေးလိုက်သည်။

"ဘာဆိုင်လဲတော့ မသိဘူး၊ ဒါပေမဲ့ ကသစ်ကို တွေ့လိုက်ကတည်းက ဒီချာတိတ် တော်တော်ဆိုးမယ့်ကလေး မှန်းတော့ ကျုပ် သိလိုက်တယ်"

"ဟာ...ဦးဇေရတုနော်"

နှစ်ဦးသား တွေ့စကလောက် စိမ်းမနေတော့သည်မို့ တစ်ယောက်ကိုတစ်ယောက် ပြောရဲဆိုရဲ ရှိလာလေသည်၊

"ကသစ်ဆိုးရင် ဦးဇေရတုက မခင်ချင်တော့ဘူးလား"

"ဘယ်သူပြောလဲ၊ ဆိုးတဲ့ကလေးကိုပဲ ကျုပ်က ရှာပြီး ခင်ချင်နေတာဆိုရင်ကော"

"အဟင်း ဟင်း ဟင်း"

"အဟွန်း ဟွန်း ဟွန်း"

နှစ်ဦးသား မရည်ရွယ်ပါပဲ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက် ရယ်မိကြလေသည်။

"ဦးဇေရတုကြည့်ရတာ သီချင်းရေးဆရာနဲ့ မတူဘူး လား"

"ဟုတ်လား ပြောပါဦး၊ ဘယ်လိုလူမျိုးနဲ့ တူလဲဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ကသစ် ပြောတော့မပြောတတ်ဘူး၊ ဒါပေမဲ့ သေချာတာတစ်ခုကတော့ ဦးဇေရတုဟာ သီချင်းရေးဆရာ နည်းနည်းမှ မတူတာ အမှန်ပဲ"

သူ့မစကားကြောင့် သူ ရယ်ပြန်လေ၏။

သည်နောက် ကသစ်နီအား ခပ်စူးစူးလေးကြည့်လာပြ

"ယုံပါဗျာ၊ ကျုပ်က သီချင်းရေးဆရာပါ၊ ဘာသီချ ရေးတာလဲလို့တော့ မမေးနဲ့နော်၊ ကျုပ်ရေးတဲ့ သီချင်းတွေ ဘာဝသီချင်းတွေ၊ ကသစ်တို့လို ချာတိတ်တွေ သိမှာမဟုတ် ဘူး"

ထိုစကားအရောက်မှာတော့ ဦးဇေရတု၏ စကား တွေက တည်ငြိမ်လျက် လေးလေးနက်နက် ရှိသွားရသ မျက်နှာချောချောကြီးမှာလည်း ခံစားမှုကြောင့် ကြေကွဲသွ ရသလို မှုန်မှိုင်းသွားရပြီး အကြည့်များကို အဝေးတစ်နေ သို့ ပို့ထားလိုက်လေသည်။

ကသစ်နီမှာ ချက်ချင်းလို ပြောင်းလဲသွားရသ ဦးဇေရတုကို မယုံကြည်နိုင်သည့် အကြည့်လေးဖြင့် ကြည့် မိလိုက်သည်။





သည်နောက် အတန်ကြာ ငြိမ်သက်သော ဦးဇေရတု သည် ကသစ်နီရှိရာသို့ မျက်နှာလှည့်လာပြီး

"ကျောင်းပြီးပြီဆိုတော့ အခု ကသစ်နီ ဘာလုပ်လဲ"

"ဟင့်အင်း ကသစ် ဘာမှ မလုပ်ပါဘူး"

"ဟောဗျာ ဘာဖြစ်လို့လဲ၊ ကိုယ်သင်ထားတဲ့ ပညာတွေ နမြောစရာပဲ"

"အင်း အခုလောလောဆယ်မှာတော့ ကသစ် ခေါင်းထဲ အလုပ်ဆိုတာကြီး ထည့်မထားချင်သေးဘူး၊ တစ်ချိန်မှာတော့ ဦးဇေရတု ပြောသလို ကိုယ်သင်ထားတဲ့ ပညာတွေကို နိုင်ငံတော်အတွက် ပြန်ပြီး အသုံးချနိုင်မှာပါ၊ ဦးဇေရတု ကသစ်အကြောင်းကိုပဲ မေးနေတယ်၊ ဦးဇေရတုအကြောင်း ကိုတော့ မပြောသေးပါလား"

"အဟွန်း… ကျုပ်အကြောင်းက စိတ်ဝင်စားဖို့မှ မကောင်းပဲ၊ ကသစ် ကျုပ်အကြောင်းကြားရင် စိတ်ညစ် သွားလိမ့်မယ်၊ ဒါပေမဲ့ ကသစ် နားထောင်ချင်တယ်ဆိုရင် တော့ ပြောပြနိုင်ပါတယ်"

"ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကသစ် သိပြီးတဲ့အတိုင်း ကျုပ်ရဲ့အလုပ်က သိချင်
ရေးဆရာ၊ နေတာက ဒီတောင်ကြီးမှာ၊ ပြီးတော့ ကျုပ်မှာ
မိသားစုမရှိဘူး၊ ကဲ ကျုပ်အကြောင်းက ဘာ စိတ်ဝင်စားစရာ
ကောင်းလဲ"

"မဟုတ်သေးပါဘူး၊ ဦးဇေရတု ကြည့်ရတာ ကသ
ကို တစ်ခုခု လျှို့ဝှက်ထားသလိုပဲ၊ အဲဒါ ဘာလဲဆိုတာ
ကသစ်သိအောင် ပြောပြပါ"

"ကြဲကြဲဖန်ဖန် ကသစ်ရယ်၊ ကျုပ် မင်းကို ဘာ
မလျှို့ဝှက်ထားရပါလား၊ ဘာလဲ ကျုပ်ပုံစံက အဲလို
ဖြစ်နေလို့လား"

"မသိဘူး ဒါပေမဲ့ ဦးဇေရတုနဲ့ပတ်သက်ပြီး၊ ကသ
စိတ်ထဲမှာ တစ်မျိုးပဲ၊ အဲဒါ ဘာလဲဆိုတာလည်း ကသ
မပြောပြတတ်ဘူး၊ ဦးဇေရတုကို သိအောင်တော့ ကသ
ပြောရဦးမယ်၊ ကသစ်ဟာ လိမ်ညာတာကို မုန်းတယ်ဆိုတာ

"ခက်ပြီ ကသစ်ကြည့်ရတာ ကျုပ်ကို သံသယရှိနေ
ရတယ်၊ မင်း ကျုပ်အပေါ် ဒီလောက် သံသယရှိနေရင် မ
အန်ကယ်လေး ပြန်လာရင် ကျုပ်အကြောင်း မေးကြည့်လို





"ဟင်...အန်ကယ်လေးက ဦးဇေရတုအကြောင်း အဘယ်
လိုလုပ် သိမှာလဲ"

ကသစ်နီစကားကြောင့် ဦးဇေရတုသည် နှုတ်ခမ်းထောင့်
စွန်းလေး ကွေးတက်သွားအောင် ပြုံးလိုက်ပြီး

"သိတယ် ကသစ်ရဲ့ အန်ကယ်လေး ကျုပ်အကြောင်း
ကို ကောင်းကောင်းသိတယ်၊ သိတာမှ ခုမှ မဟုတ်ဘူး
အရင်ကတည်းက သိတာ"

"ဟင်"

ဦးဇေရတုအကြောင်းကို အန်ကယ်လေး သိနေပါသည်
ဆိုသော ဦးဇေရတု၏စကားကြောင့် ကသစ်နီ မအံ့သြဘဲ
မနေနိုင်တော့ပါ။

အံ့သြစိတ်နှင့်အတူ ကသစ်နီသည် သူ့မရှေ့တွင်ရှိနေ
သည့် ဦးဇေရတုကို မျက်ဝန်းစူးစူးလှလှလေးနှင့် ကြည့်လိုက်
ရင်း

"အန်ကယ်လေးကို အနုပညာ မခံစားတတ်တဲ့ လူတစ်
ယောက်က ဦးဇေရတုကို အနုပညာသည်တစ်ယောက်နဲ့
သိနေတာ အံ့သြစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျ ဘာအံ့ဩစရာရှိလဲ၊ ကသစ်အန်ကယ်လေး
ကျုပ်ကိုသိတာ သီချင်းရေးဆရာ အနုပညာသည်တစ်ယောက်
အနေနဲ့မှ မဟုတ်ဘဲ"

"ဒါဖြင့် ဘယ်သူ့အနေနဲ့သိတာလဲ"

"ဒီမြို့ရဲ့ ဆရာဝန်ကြီးတစ်ယောက်အနေနဲ့ပေါ့"

"ရှင်"

"ဒါ ဒါဆို ဦးဇေရတုက ဆရာဝန်ကြီးလား"

"ဟုတ်တယ်"

"ကြည်စမ်း ဦးဇေရတု မကောင်းဘူး၊ ကိုယ့်ကိုယ်
သီချင်းရေးဆရာပါဆိုပြီး ဘာလဲ ဦးဇေရတုစိတ်ထဲမှာ ကသ
ဟာ ဘာမှမသိတဲ့ ချာတိတ်မပဲ၊ ငါပြောတာ သူယုံမှာပါဆို
လူကို အရူးလုပ်တာလား"

ညာရက်လေခြင်းဆိုသည့် မခံချင်သည့် အတွေးစိတ်
ကြောင့် ကသစ်နီသည် နှုတ်ခမ်းဖူးဖူးလေးကို ဖိကိုက်ထ
လိုက်သည်၊

ဦးဇေရတုမှာ ဒေါသတွေနှင့် သူ့အပေါ် စိတ်ဆိုးမာန်
ရှိနေသော သူ့ရှေ့က ချာတိတ်မကိုကြည့်ပြီး မျက်နှာပျက်





ရကာ—

"ကသစ်ထင်သလို မဟုတ်ဘူးဆိုတာ ကျုပ် ပြောရဲ
တယ်"

"ဒါဖြင့် ဘာကြောင့်လဲ၊ ဘာကြောင့် ကသစ်ကို ညာ
ရတာလဲ၊ ကသစ် ဦးဇေရတုကို ပြောပြီးပြီလေ၊ လိမ်ညာ
တာကို မုန်းပါတယ်ဆိုတာ၊ တော်ပြီ ဦးဇေရတုနဲ့ ကသစ်
မိတ်ဆွေအဖြစ် အသိအမှတ် မပြုနိုင်တော့ဘူး"

ကသစ်နီမှာ ရင်ဝယ်ရှက်ဒေါသနှင့် ပြုတ်သားစွာ
ဆုံးဖြတ်ပြီးထားသည့်နှယ် ပြောလိုက်တော့ ဦးဇေရတု ဣန္ဒြေ
မဆည်နိုင်လောက်အောင် ဖြစ်သွားရသည်။

"ကသစ်ကို ကျုပ် တောင်းပန်တယ်၊ တကယ်တော့
ကသစ်ကို ကျုပ် တမင်လိမ်ညာခဲ့တာ မဟုတ်ဘူး"

သီချင်းရေးဆရာဆိုတာကလည်း တကယ်ပဲ ကျုပ်
လုပ်တဲ့အလုပ်၊ ဒါပေမဲ့ သီချင်းရေးတဲ့အလုပ်ကိုတော့ ကျုပ်
ရံဖန်ရံခါမှပဲ လုပ်ဖြစ်တယ်၊ ပြီးတော့ ကျုပ်က ကိုယ့်ကိုယ်
ကိုယ် ဆရာဝန်ကြီးပါဆိုပြီး မိတ်ဆက်ရမှာကိုလည်း စိတ်မ
တစ်မျိုးဖြစ်ရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကသစ်က ဦးဇေရတုကို ဆရာဝန်ကြီးတစ်ယောက် ဖြစ်လိမ့်မယ်လို့ မထင်ခဲ့ဘူး"

"ဘယ်လို ထင်လို့လဲ"

"ဆရာဝန်ကြီးဆိုတဲ့ ဂုဏ်ထက်စာရင် ဦးဇေရတု အသက်အရွယ်က ငယ်နေတာကိုး"

ကသစ်နီစကားကြောင့် နဂိုဖြူသော မျက်နှာမှာ ပန် သွေးရောင် တောက်သွားရပြီး

"ခုချိန်မှာ ကသစ်ကို တစ်ခုခုကျွေးဖို့ ဘာမှမရှိဘူးနော် ဘာဖြစ်လို့လည်းဆိုတော့ ကျုပ်ကိုယ်တိုင်က ဧည့်သည်ဖြ နေလို့"

"ကသစ်က လူတစ်ယောက်ကို မြှောက်ပြီးမပြောတတ ဘူး၊ ကိုယ့်ကို မြှောက်ရင်လည်း မကြိုက်ဘူး"

မျက်ဝန်းစူးစူးလေးနှင့် နှုတ်ခမ်းလေးကို တင်းတင်း ကာ ပြောနေသည့် ကသစ်နီစကားတွေ ဦးဇေရတုအတွ စိတ်ဝင်စားဖွယ်ရာ။

"ဆရာဝန်ကြီးဖြစ်တဲ့ ဦးဇေရတုကို ကသစ် မိတ်ဆွေ အဖြစ် ခင်မင်အသိအမှတ်ပြုဖို့ ပြန်စဉ်းစားရလိမ့်မယ





ထင်တယ်"

"ဘာကြောင့်လဲကသစ်"

"ဦးဇေရတုလို ဆရာဝန်ကြီးတစ်ယောက်က ကသစ်လို ချာတိတ်မတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ဖို့ သင့်ပါ့မလားဆိုတာ ကိုပေါ့"

"ဟာကွာ၊ ဘာဆိုင်လဲ၊ ကျုပ် မင်းကို ခင်တာ ဒီ ဆရာဝန်ကြီးဆိုတဲ့ ဂုဏ်နဲ့ ဘာမှမဆိုင်ဘူး၊ ဒီလိုလုပ်လေ၊ ကသစ်စိတ်ထဲမှာ ကျုပ်ကို ဆရာဝန်ကြီးတစ်ယောက်လို မမြင်ဘဲ ကျုပ်နဲ့ကသစ် စသိခဲ့တုန်းကလို ကျုပ်ကို သီချင်းရေး ဆရာတစ်ယောက်အနေနဲ့ပဲ မိတ်ဆွေဖြစ် ခင်မင်ကြတာပေါ့၊ ဒါဆို ကသစ်စိတ်ထဲမှာလည်း မေ့ပါသွားလိမ့်မယ်၊ ဘယ့်နှယ်လဲ ကျုပ်ပြောတာ ကသစ် သဘောတူတယ် မဟုတ်လား"

သူ့စကားနှင့်သူ ဟုတ်နေသော ဦးဇေရတုကို ကသစ်နီသည် သဘောတူသည်လည်း မပြော၊ သဘောမတူပါ ဟူ၍လည်း မပြောတော့ပါ။

ဘယ်လိုပဲဖြစ်နေဖြစ်နေ ကသစ်နီသည် ဦးဇေရတု အပေါ် ခင်မင်သည့် ခင်မင်မှုကိုတော့ သူမအနေနှင့် ဘွယ်



www.burmeseclassic.com

www.burmeseclassic.com



လွယ်ဖြင့် မရုပ်သိမ်းချင်သည်မို့ ဒီအတိုင်းသာ နှုတ်ဆိတ်နေလိုက် ပါတော့သည်။

## အခန်း (၅)

"အန်ကယ်လေး"

"ပြောလေ ကသစ်၊ အန်ကယ်လေးကို သမီး ဘာပြောစရာရှိလို့လဲ"

ညစာထမင်းစားသောက်ပြီး အိမ်ရှေ့ဧည့်ခန်းတွင် အချိုပွဲ ထိုင်မိသည်နှင့် ကသစ်နီသည် မနက်က ဦးဇေရတု လာသွားသည့်အကြောင်းကို သတိရသွားရသည်။

"ဒီမြို့က ဆရာဝန်ကြီး ဦးဇေရတုဆိုတာကို အန်ကယ်လေး သိလားဟင်"

မျက်မှောင်ကြုတ်ကာ အန်ကယ်လေးသည် တစ်ချက်စဉ်းစားလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သမီး၊ ဦးဇေရတု ဒီလာသွားလို့လား"

အန်ကယ်လေး အမေးကြောင့် ကသစ်သည် မျက်လွှာလေး အလိုလို ချသွားရကာ စိတ်မှာ မလုံမလဲဖြစ်သွားရပြီး

"ဟုတ်တယ် အန်ကယ်လေး၊ ဦးဇေရတု ဒီကိုလာသွားတယ်"

"သမီးနဲ့ တွေ့လိုက်လား"

"တွေ့လိုက်တယ် အန်ကယ်လေး၊ အန်ကယ်လေးနဲ့ တွေ့ရအောင်နောက်မှ လာဦးမယ်လို့လည်း ပြောသွားပါတယ်"

"သမီးနဲ့ရော သူ့ စကားတွေ ပြောဖြစ်သေးလား"

"ပြောဖြစ်ပါတယ်၊ သူနဲ့ကသစ် ကားပေါ်မှာ ကတည်းက သိလာခဲ့တာပါ"

"ဪ" ဆိုသည့်စကားမှလွဲပြီး အန်ကယ်လေးသည် ဦးဇေရတုနှင့် ပတ်သက်သည့်အကြောင်းကို မပြောပါတော့။

နှုတ်ဆိတ်သွားသော အန်ကယ်လေးကိုကြည့်ပြီး ကသစ်နီစိတ်ထဲ မချင့်မရဲဖြစ်လာရသည်။

အမှန်က ကသစ်နီသည် ဦးဇေရတုသည် ဘယ်လို





လူမျိုးလဲဆိုတာ အန်ကယ်လေးဆီမှ သိချင်နေရသူဖြစ်သည်။

သို့သော်။

အန်ကယ်လေးဆီမှ ဦးဇေရတုနှင့် ပတ်သက်သည့် အကြောင်းတစ်စုံတစ်ရာမှ ထွက်ပေါ်မလာပါ။

ထိုအခါ စိတ်မှာ မချင့်မရဲနှင့် ကြံရပြန်သူမှာ ကသစ်နီ ဖြစ်သည်။

"အန်ကယ်လေး"

သည့်တစ်ကြိမ်တော့ အန်ကယ်လေးထံမှ အကြည့်များသည် ကသစ်နီထံ ရှုးခနဲရောက်ရှိလာပြီး

"ကသစ်ကြည့်ရတာ ဦးဇေရတုနဲ့ ပတ်သက်တဲ့ အကြောင်း အန်ကယ်လေးဆီက သိချင်နေပုံရတယ်"

"အို"

ပွင့်လင်းလွန်းသည့် အန်ကယ်လေးစကားကြောင့် ကသစ်နီသည် အန်ကယ်လေးရှေ့တွင် မျက်နှာမထားတတ် အောင် ဖြစ်သွားရသည်၊

တစ်ဆက်တည်း အန်ကယ်လေးသည် သူမရင်ထဲ အောင် ထိုးဖောက်မြင်နိုင်သူ တစ်ယောက်ပါလားဆိုသော



www.burmeseclassic.com

www.burmeseclassic.com



အသိနှင့် အန်ကယ်လေးကို အရှိုးရှိ လန့်လာရသည်။

အန်ကယ်လေးသည် ကသစ်နီရှက်သွားသည်ကို သိဟန် နှင့် လွှတ်လပ်ပေါ့ပါးစွာ ပြုံးလိုက်ပြီး

"ဘာဖြစ်လဲကွာ၊ အန်ကယ်လေးသမီးနဲ့ အန်ကယ်လေ ဆိုတာက တစ်ယောက်နဲ့တစ်ယောက် ရှက်ရမယ့်သူတွေ မဟုတ်ဘဲ၊ ပွင့်ပွင့်လင်းလင်းပေါ့၊ ဦးဇေရတုက ဒီမြို့ရဲ့ မြို့နယ်ဆရာဝန်ကြီးတစ်ယောက်ဆိုတာတော့ ကသစ်လည်း သိပြီးရောပေါ့၊ ဦးဇေရတုက ဒီဇာတိ မဟုတ်ပေမယ့် ဒီမြို့မှာ အနေကြတဲ့သူတစ်ယောက် အန်ကယ်လေး ဦးဇေရတု သိကြတာ ခုမှမဟုတ်ဘူး၊ ဦးဇေရတု မိန်း မဆုံးခင်ကတည်းကပေါ့"

"ရှင်..."

ရုတ်တရက်မှာတော့ ကမ္ဘာကြီးချာချာလည်သွားသည် လို့ ထင်ပါသည်။ ကသစ်နီသည် အံ့ဩမှုတွေနှင့် အန်ကယ် လေးကိုသာ ငေးကြည့်နေမိသည်၊

"အန်ကယ်လေး ဦးဇေရတုနဲ့ စသိခဲ့တာ ရန်ကုန်မှာ လေ၊ အဲဒီတုန်းက သူ့မိန်းမလည်း မဆုံးသေးဘူး၊ လင်မယား





နှစ်ယောက် ရှေ့သွားနောက်လိုက်လည်း တော်တော်ညီကြ တယ်၊ ဦးဇေရတုက ယောကျ်ားပီပီသသနဲ့ ချောမောခန့်ထည် သလို သူ့မိန်းမ မသီတာကလည်း တော်တော်ချောတဲ့ အမျိုးသမီးတစ်ယောက်ပေါ့၊ နေနဲ့လ ရွှေနဲ့မြဆိုတာ ဦးဇေရတု တို့ကို ပြောတာနေမှာ၊ ဦးဇေရတုကလည်း ဒေါက်တာ၊ သူ့မိန်းမကလည်း ဒေါက်တာဆိုတော့ ဂုဏ် ဂုဏ်ချင်းညီတဲ့ အပြင် နှစ်ယောက်လုံးက ကျိုကျိုတက်ချမ်းသာတဲ့ မိဘတွေ ရဲ့ တစ်ဦးတည်းသောသား၊ သမီးတွေမို့ သူတို့လင်မယား နှစ်ယောက်လုံး သူတို့ရင်သွေးလေးကို အရမ်းမျှော်လင့်ခဲ့ကြ တယ်။ မျှော်လင့်တဲ့အတိုင်းလည်း မသီတာမှာ ဦးဇေရတုရဲ့ ရင်သွေးလေး လွယ်ခဲ့ရပါတယ်၊ ဒါပေမဲ့ မမြင်နိုင်တဲ့ ကံကြမ္မာဆိုတာ အလွန်ကြောက်ဖို့ကောင်းတယ်လို့ ပြောရ မယ်၊ တစ်နေ့ မသီတာဟာ ဒရိုင်ဘာမောင်းတဲ့ကားနဲ့ ဈေးကို အလာမှာ မဆင်မခြင်မောင်းလာတဲ့ တစ်ဖက်က ကားနဲ့ ဝင်တိုက်မိပြီး ကားယားမှောက်သွားခဲ့တယ်၊ ဒရိုင် ဘာက ဒဏ်ရာအကြီးအကျယ်နဲ့ မသေပေမယ့် ဦးဇေရတုရဲ့ ဇနီး ဒေါက်တာမသီတာကတော့ အဲဒီနေရာမှာပဲ ကိုယ်ဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပွဲချင်းပြီး ဆုံးသွားခဲ့တယ်လေ၊ ဦးဇေရတုဟာ သူ့ ဇနီးနဲ့ ရင်သွေးအတွက် တော်တော်ကြီးလည်း ခံစားရတယ်နဲ့ တူပါတယ်၊ အလုပ်က ခွင့်ရက်ကြာယူပြီး သူ ဒီက ခဏ ပျောက်သွားလိုက်သေးတယ်၊ နောက်မှ သူ အလုပ်ခွင်ထဲ ပြန်ဝင်ပြီး ဒီမြို့ကို ပြောင်းလာခဲ့တာ။ ခုဆို သူ့ ဝေဒနာတွေအတွက် မြို့လေးမှာ ဖြေသိမ့်လို့ ရခဲ့ပြီနဲ့ တူပါတယ်ကွယ်၊ နှစ်တွေလည်း ကြာခဲ့ပြီ မဟုတ်လား”

ကသစ်နီရင်ထဲတွင် နင့်နေရပါတော့သည်။ ဦးဇေရတု အဖြစ်ကိုလည်း ကသစ်နီ ကိုယ်ချင်းစာမိရ၏။

ဇနီးသည်နှင့် ရင်သွေးလေး ဆုံးရှုံးခဲ့ရသည့်အဖြစ်က ဘယ်မှာလာ လွယ်လွယ်နှင့် ဖြေသိမ့်နိုင်မှာတဲ့လဲ။

ကွယ်...ကံကြမ္မာရယ် ရက်စက်လိုက်တာ။ ဘာကြောင့်များ ပျော်ရွှင်စရာကောင်းသည့် ဦးဇေရတုတို့ မိသားစုဘဝလေးကို ဒီလောက်ထိ ရက်ရက်စက်စက် ခွဲပစ်ရသည်တဲ့လဲ။

အချိုပွဲကိုပင် ကသစ်နီ ဆက်၍စားချင်စိတ် မရှိတော့ပါ။ ဘယ်လိုလုပ်၍လည်း စားနိုင်မှာတဲ့၊

ဦးဇေရတုသည် ဒါကြောင့် သူ့ တွင် မိသားစုဘဝလေး





မရှိတော့ပါဂု ပြောနေခြင်းဖြစ်သည်ကိုလည်း ကသစ်နီ အခုမှ နားလည်လာရသည်။

နားလည်လာရသည်နှင့်အမျှ ကသစ်နီသည် ဦးဇေရတု အပေါ်ကိုလည်း သနားကြည်နာမှုများ တိုးနေရသည်။

သူ့ ခမျာ ဇနီးနှင့်ရင်သွေးလေးအတွက် ဘယ်လောက်တောင် ခံစားလိုက်ရှာမလဲ။

ကသစ်နီ မတွေးဝံ့ပါ။

သိပ်ချစ်ပါသည်ဆိုသော ခန့်ထည် သူမအပြင် နောက်တစ်ယောက် ပြောင်းသွားသည်ကိုပင် ကသစ်နီရင်ထဲ ဒီလောက် ခံစားနေရလျှင် ဦးဇေရတုလို ဇနီးနှင့် ရင်သွေး ဆုံးရှုံးခဲ့ရသည့် လူတစ်ယောက်အတွက်တော့ ဆိုဖွယ်မရှိတော့ပါ။

ခန့်ထည်နှင့် ပတ်သက်ကာ သူမနှလုံးသားတွေ နာကျင်ရပါသည်ဆိုတဲ့ကြားက ဦးဇေရတုအတွက်ပ ခံစားရသောအခါ ကသစ်နီနှလုံးသားနုနုမှာ ခံနိုင်ရည် မရှိနိုင်ပါတော့။

ရင်ထဲ အလိုလိုဝမ်းနည်းလာကာ စိတ်မှာ ငိုချင်လာရသည်။ ဪ... မျက်ရည်လွယ်တတ်သည်က မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



သားတို့၏ သဘောသဘာဝပင် ဖြစ်သည်။

ထိုနေ့ညကတော့ ကသစ်နီသည် အိပ်ရာထဲ စောစောဝင်ဖြစ်ပြီး အန်ကယ်လေးဆီမှ သိခဲ့ရသည့် ဦးဇေရတုအကြောင်းများကို တွေးရင်း တော်တော်နှင့် အိပ်မပျော်ဖြစ်ခဲ့၏၊

ဦးဇေရတု၏ ရုပ်ပုံလွှာကသာ ကသစ်နီမျက်ဝန်းထဲ စာဝဲလည်လည် ရှိနေရသည်။

"ဟင်း"

သက်မတစ်ချက်ကို ခက်ခဲစွာ ကသစ်နီ ချမိလိုက်သည်။

"ဦးဇေရတုနဲ့ ပတ်သက်ပြီး ငါ ဘာလို့ စိတ်ဓ ဒီလောက် လှုပ်ရှားနေရတာပါလိမ့်၊ ဦးဇေရတုကို ငါ စိတ်ဝင်စားနေပြီလား၊ ဘုရားရေ ဟုတ်တယ် ငါ... ငါ ဦးဇေရတုကို ချစ်နေမိပြီလား၊ ဟင့်အင်း... မဖြစ်နိုင်ဘူ တကယ်ဆို ငါဟာ အချစ်ကို မတွေ့ဖူးသေးတဲ့ လူတစ်ယော လည်း မဟုတ်ဘူး၊ ဒါနဲ့တောင် ဦးဇေရတုအပေါ် ငါ့ခံ မှုတွေ၊ မဖြစ်စေရဘူး၊ ဦးဇေရတုဆိုတာက ဇနီးနဲ့ရင်သွေး လေးကို လွမ်းဆွတ်နေတဲ့ လူတစ်ယောက်၊ ဒီလို လူထ





ယောက်အပေါ် ငါ့စိတ်တွေ လှုပ်ရှားမိရင် ငါ့ပဲမှားမှာပေါ့၊ ဒါပေမဲ့ ခန့်ညည်နဲ့တုန်းကတောင် ငါ ဒီလောက် မခံစားခဲ့ရတာ၊ ခုဘာဖြစ်လို့ ဦးဇေရတုနဲ့မှ ငါ ဒီလောက် ခံစားနေရတာပါလိမ့်"

မျက်ဝန်းအစုံကို တင်းတင်းမှိတ်ထားရင်းမှ ကသစ်နီသည် ဦးဇေရတုနှင့် ပတ်သက်သည့် အတွေးများကို ရင်ထဲ၌နေ အတင်းပင် ဖယ်ထုတ်နေမိတော့သည်။

သို့သော်။

ဦးဇေရတု၏ မျက်နှာချောချောကြီးကတော့ဖြင့် ကသစ်နီ မျက်ဝန်းထဲက ထွက်ခွာမသွားပါ၊

"ဦးဇေရတုရယ် ရှင် ဘာလို့များ ကသစ်ကို ဒီလောက် နှိပ်စက်နေရတာလဲ" ဆိုသည့် စကားဖြင့်သာ ကသစ်နီသည် သည်းညည်းညူမိလိုက်တော့၏။

□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သမီး... သမီးဒေါ်ဒေါ်ငယ်ဆီက ဖုန်းလာတယ် သူ သမီးကို လွမ်းလို့ ပြန်လာပါတော့တဲ့"

ဒေါ်မြနှင့် ဈေးလိုက်သွားသော ကသစ်နီတစ်ယော ဈေးမှ ပြန်ရောက်သည်ဆိုရင်ပဲ အန်ကယ်လေးသည် ကသစ် အား စာကြည့်ခန်းထဲသို့ခေါ်ကာ ထိုစကားပြောလိုက်ခြင် ဖြစ်သည်။

ကသစ်နီမှာ သူမှား ပြန်လာပါတော့ဆိုသည့် အန်ကယ် လေး၏ နောက်ဆုံးပြောလိုက်သည့် စကားကြောင့် မျက်နှ ဝင်းဝင်းပပလေး ခပ်မှုံမှုံဖြစ်သွားရပြီး

"ဟင့်အင်း... ကသစ် မပြန်သေးဘူး အန်ကယ်လေ ဒေါ်ဒေါ်ငယ်ကို ကသစ်လည်း လွမ်းပေမယ့်ကသစ် ရန်ကု





မှာထက် ဒီမှာနေရတာ ပိုပျော်တယ်"

"ကသစ် အန်ကယ်လေးကို ပွင့်ပွင့်လင်းလင်း ဖြေနော်၊ သမီး မောင်ခန့်ထည်နဲ့ အဆင်မပြေဘူးလား"

"ပြေပါတယ်"ဆိုသည့် စကားကိုတော့ ကသစ်နီ အန်ကယ်လေးအား ခပ်လေးလေးပြောလိုက်မိသည်၊

အန်ကယ်လေးမှာ ကသစ်နီမျက်နှာကလို သေချာ အကဲခတ်ကာ

"မောင်ခန့်ထည်ကြောင့် သမီး စိတ်ညစ်ပြီး ဟိုမှာ မနေချင်တာ မဟုတ်လား"

"ရှင်"

အန်ကယ်လေး၏ မျက်ဝန်းများအောက်တွင် ကသစ်နီ သည့် သူမအဖြစ်ကို ရှေ့ဆက်မညာရဲသည်မို့...

"အန်ကယ်လေး ဘယ်လိုသိလဲ"

"လူပျိုကြီးဆိုပေမယ့် အန်ကယ်လေးလည်း ငယ်ရာက ကြီးလာတဲ့သူပါကွယ်၊ ကသစ်မျက်နှာကိုကြည့်တာနဲ့ ကသစ် ရင်ထဲမှာ ဘယ်သူ့ကြောင့် ဘာတွေဘယ်လို ခံစားနေရတယ် ဆိုတာ အန်ကယ်လေး သိတယ်၊ သမီးတခြား လူတွေကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ညာချင်ညာလို့ရမယ်၊ သမီးကို အရိပ်တကြည့်ကြည့်နဲ့ ဖခင်လို ရှိနေတဲ့ အန်ကယ်လေးကိုတော့ သမီး ညာလို့မရဘူးဆိုတာ သိထားပါ”

“အန်ကယ်လေးရယ်”

ဘယ်သူ့ကြောင့်ရယ် သေချာမသိပေမယ့် ရင်ထဲတွင် တင်းကျပ်ကာ ခံစားနေရမှုများအတွက် ကသစ်နီရင်ထဲ ဝမ်းနည်းလာရကာ မျက်ဝန်းအိမ်တွင် မျက်ရည်စတို့ ရစ်ဝဲလ ရသည်။

ရစ်ဝဲလာသော မျက်ရည်စများကို ကသစ်နီသည် မျက်တောင်ရှည်ကြီးများဖြင့် ပုတ်ခတ်သိမ်းဆည်းလိုက်ရင်း

“အန်ကယ်လေး သူ့အကြောင်း မသိဘူးနော်၊ သူ ခန့်ထည်က သစ်အပေါ်မှာ မကောင်းဘူး”

“မောင်ခန့်ထည်ကို ကောင်းတယ်လို့လည်း အန်က လေး မပြောလိုက်ပါဘူးကွယ်၊ ဒါပေမယ့် ဘယ်ကိစ္စမ တစ်ယောက်နဲ့တစ်ယောက် ပြေလည်အောင် ညှိယူရတ ဆိုတဲ့ သဘောကိုတော့ သမီး မမေ့နဲ့”

“မမေ့ပါဘူး အန်ကယ်လေး၊ ကသစ်နဲ့သူ့ကို





ညှိယူလို့ရတဲ့ကိစ္စ မဟုတ်တော့ဘူး၊ ခုကိစ္စက သူ ကသစ် အပေါ်မှာ သစ္စာဖောက်တဲ့ကိစ္စ၊ ဒီကိစ္စကို ကသစ် ဘယ်လိုမှ သူ့ကို ခွင့်မလွှတ်နိုင်ဘူး၊ နောက်ပြီး ကသစ် ဒီကိုလာတယ် ဆိုတာကလည်း သူ့ကြောင့်ရယ်လို့တော့ မဟုတ်ပါဘူး၊ ကသစ်ကိုယ်တိုင်က အန်ကယ်လေးကို သတိရတာရယ် ရေသစ်၊ မြေသစ်၊ ပတ်ဝန်းကျင်သစ်မှာ နေချင်တာရယ် ကြောင့်ပါ”

နှလုံးသားဒဏ်ရာတွေနှင့် တူမချောကို ဦးစိုးနောင်သည် စိတ်မကောင်းစွာ ကြည့်ရင်းက

“အေးလေ အန်ကယ်လေးကတော့ သမီးတို့ လူငယ် တွေကိစ္စ ဘာမှဝင်မပြောလိုပါဘူး၊ ဘာပဲ ဆုံးဖြတ်ဆုံးဖြတ် အခုကတော့ သမီး စိတ်ချမ်းသာဖို့ပါပဲ၊ သမီး ဒေါ်ဒေါ်ငယ် ကတော့ သမီးကို လွမ်းလို့ ပြန်လာစေချင်ပေမယ့် သမီး စိတ်ချမ်းသာမယ့် နေရာမှာသာနေပါ၊ အန်ကယ်လေး သမီး ဒေါ်ဒေါ်ငယ်ကို ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြလိုက် ပါမယ်”

ပြောပြီး အန်ကယ်လေးသည် အခန်းထဲမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။

ထုံးစံအတိုင်း ကသစ်နီသည် တစ်ယောက်တည်း ကျန်ခဲ့ရသည်။ ကသစ်နီသည် အခန်းထဲမှ လှမ်းမြင်နေရသည့် မဲနယ်ပြာရောင် တောင်တန်းကြီးများကို ငေးကြည့်ရင်းက ဦးဇေရတုကို သွား၍ သတိရနေမိသည်။

တကယ်တော့ ကသစ်နီ ဦးဇေရတုကို သတိရခြင်းမှာ သူ၏ဂုဏ်ဖြစ်သည့် မြို့နယ်ဆရာဝန်ကြီးဆိုတာထက် ဦးဇေရတုကို ကသစ်နီသည် သီချင်းရေးဆရာတစ်ယောက်အနေနှင့်သာ သတိရခြင်းဖြစ်သည်ကိုတော့ ကသစ်နီ သူမကိုယ်သူမသာ သိပါသည်၊

ဦးဇေရတုကို သူမသည်အိမ်မှာ တစ်ခါပဲတွေ့ပြီး ကတည်းက နောက်ထပ် မတွေ့ရတော့ပေ။

သူကိုယ်တိုင်က သူမကို နောက်ထပ်တွေ့ဖို့ မကြိုးစားသလို ကသစ်နီသည်လည်း ဦးဇေရတုနှင့်တွေ့ရန် မကြိုးစားမိပါ။

ဒါကလည်း သူနှင့် သူမကြား မမြင်နိုင်တဲ့ စည်းတစ်ခု ခြားထားသောကြောင့်သာ ဖြစ်ပါလိမ့်မည်။





တောင်တန်းပြာကြီးကို ငေးကြည့်ရင်း ကသစ်နီအတွေးတို့က ဦးဇေရတုထံကိုသာ ရောက်ရှိနေရသည်။

ဦးဇေရတု သူရော ကသစ်နီဆိုတဲ့ ချာတိတ်မတစ်ယောက်ကို သတိမှရပါတော့ရဲ့လား မသိ။

အတွေးနှင့် ကသစ်နီသည် မချိပြုံးလေး ပြုံးလိုက်မိလေသည်။

သည်နောက် ကသစ်နီသည် ပြတင်းတံခါးမှ ခွာကာ ဒေါ်မြနှင်နန်းဝိုးလေးတို့ရှိသည့် မီးဖိုခန်းဆီသို့ထွက်လာခဲ့သည်။

ဒေါ်မြသည် ကသစ်နီကို မြင်သည်နှင့် ပါးအို့ရဲရဲကြီး မို့တက်သွားအောင် ပြုံးလိုက်ပြီး

"တူမကြီး... လာ...လာ...၊ တစ်ယောက်တည်း ပျင်းနေပြီလား"

"အဟင်း ပျင်းတယ်ရယ်လို့လည်း မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်၊ ဒါနဲ့ ကသစ် ဘာကူလုပ်ပေးရမလဲ ဒေါ်ဒေါ်"

"ရတယ် တူမကြီး ရတယ်၊ တူမကြီးသာ ပျင်းနေရင် နန်းဝိုးလေးကို အဖော်ခေါ်ပြီး ဒီပတ်ဝန်းကျင်နားမှာ ဟိုဒီ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြည့်ပေါ့"

"အင်း... အဲဒါလည်း ကောင်းတာပဲ၊ ဒေါ်ဒေါ် တ
ယောက်တည်း မီးဖိုထဲ ဖြစ်ပါ့မလား"

"ဖြစ်တယ် တူမကြီး ဖြစ်တယ်၊ နန်းဝိုးကိုသ
တူမကြီး အဖော်ခေါ်သွား၊ သူ ဒီနားတဝိုက်ကိုတော့ ကောင်
ကောင်း သွားတတ်ပါတယ်"

ကသစ်နီမှာ တစ်ယောက်တည်း ဟိုဒီအတွေးတွေ
စိတ်ရှုပ်နေတာထက်စာလျှင် ဒေါ်မြပြောသလို နန်းဝိုးလေး
အဖော်ခေါ်ပြီး ဒီနားတစ်ဝိုက် လျှောက်ကြည့်တာကမှ တော်
မည်ဆိုသော အတွေးနှင့် နန်းဝိုးလေးကို အဖော်ပြု
ထွက်လာခဲ့လိုက်သည်။

သူမတို့ အိမ်မှ ထွက်လာချိန်တွင် အန်ကယ်လေးသည်
လည်း အလုပ်သွားပြီမို့ အိမ်တွင်မရှိပါ။

ကသစ်နီသည် နန်းဝိုးလေးကို အဖော်ပြုရင်း
ပတ်ဝန်းကျင်ကို ဟိုငေးဒီငေးနှင့် လျှောက်လာခဲ့လိုက်သည်

နန်းဝိုးလေးနှင့် နှစ်ယောက်သား လမ်းလျှောက်လ
သည်မှာ အိမ်နှင့်ဝေးမှန်းမသိ ဝေးလာခဲ့ရပြီဖြစ်သည်။





ထိုအချိန်ထိ ကသစ်နီသည် အိမ်သို့ လှည့်ပြန်ရန်
စိတ်မကူးမိသေး။ သွားရင်းလာရင်းက ပတ်ဝန်းကျင်
အမြင်ဆန်းနှင့်အတူ လေကောင်းလေသန့်များကို ရှူရှိုက်ရင်း
ကသစ်နီနှင့် နန်းဝိုး နှစ်ဦးသား လျှောက်လာရာ တစ်နေရာ
အရောက်မှာတော့

"ကျွိ"

"အမေ့"

"အဟွန်း ဟွန်း ဟွန်း…ပိလန့်သွားလား ကသစ်"

"ဟင်"

"ဦးဇေရတု"

ပတ်ဝန်းကျင်ကို ဟိုငေးဒီကြည့်နှင့် လမ်းလျှောက်လာ
ရာမှ လမ်းအချိုးကွေ့ တစ်နေရာအရောက်မှာတော့ သူမ
ရှေ့မှနေ ပိတ်ရပ်လိုက်သည့် ကားတစ်စီးကြောင့် ကသစ်နီ
သည် ရင်ဘတ်ပေါ် လက်လေး ဖိတင်လိုက်မိရသည် အထိ
ထိတ်လန့်သွားရသည်။

ထိတ်လန့်စိတ်နှင့် ကသစ်နီမှာ ကားမောင်းသူကို
ရန်တွေ့မည်အလုပ် အပြုံးလွှန့်လွှန့်ကြီးနှင့် သူမကို နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



လာသော လူတစ်ယောက်ကြောင့် ကသစ်နီတစ်ယောက် ရှုံ့တွေ့မည့်စကားများ ပျောက်ကွယ်သွားရသည်။

ထိုသူမှာ တခြားသူတော့ဖြင့် မဟုတ်ပါ။ ကသစ်နီ၏ စိတ်အာရုံကို အစဉ်စိုးမိုးနေသည့် ဦးဇေရတုပင် ဖြစ်တော့သည်။

"ရုတ်တရက် တွေ့လိုက်တော့ ကသစ် ဟုတ်မှ ဟုတ်ပါ့မလားလို့ ကျုပ်က သေချာကြည့်နေတာ၊ နောက်မှ ကသစ်မှန်းသိတော့ ဝမ်းသာသွားပြီး ကားကို ရပ်လိုက်တာ ကသစ် သိပ်လန့်သွားလား"

လန့်တာကို မလန့်ပါပေ့လည်း မပြောချင်သည်မို့ ကသစ်သည် သူ့မအား စူးစူးစိုက်စိုက် ကြည့်နေသည့် သူ့အကြည့်များကို လွှဲရင်း

"အင်း နည်းနည်းပါးပါးပါ"

"ဆောရီးကွာ၊ ကျုပ်က ကသစ်ဖြစ်လိမ့်မယ်လို့ မထင်ဘူးလေ၊ ကသစ်မှန်းသိတော့လည်း ဝမ်းသာသွားမိတယ်၊ ဒါနဲ့ ပြောစမ်းပါဦး ကသစ်က လူကြီးလူကောင်း အဖော်ကိုခေါ်ပြီး ဘယ်သွားမလို့လဲဆိုတာ"





ဦးဇေရတုသည် သူ့မဘေးတွင် ရှိနေသည့် နန်းဝိုးလေးကိုကြည့်ရင်းက သဘောတူကျနှင့် မေးလိုက်တော့ ကသစ်နီသည် မျက်နှာလေး ရဲပသွားရပြီး

"အာရယ်လို့ မဟုတ်ပါဘူး၊ အိမ်ထဲမှာ တစ်ယောက်တည်း နေရတာထက်စာရင် ဒီနားက ပတ်ဝန်းကျင်ကို လျှောက်ကြည့်မလားလို့ နန်းဝိုးလေးကို အဖော်ခေါ်လာတာ"

ကသစ်နီ၏ စကားအဆုံး၌ ဦးဇေရတုသည် စိတ်မကောင်းဖြစ်သွားရသည့် မျက်နှာနှင့်

"ဟုတ်တာပေါ့၊ ဦးစိုးနောင်ကလည်း အလုပ်သွားနေတာဆိုတော့ အိမ်ထဲမှာ ကသစ်တစ်ယောက်တည်း နေရတာ ပျင်းမှာပေါ့"

"ဦးဇေရတု အလုပ်မသွားဘူးလား"

"သွားတယ်၊ ခုပဲ ဆေးရုံကနေ အိမ်ခဏ ပြန်မလို့၊ ဒီလို လုပ်ပါလား၊ ကျုပ်လည်း အိမ်ပြန်မှာ၊ ကသစ်လည်း ကျုပ်အိမ်ရောက်ဖူးတယ်ရှိအောင် လမ်းကြုံတုန်း တစ်ခါတည်း လိုက်ခဲ့ပါလား"

ဦးဇေရတုကို ကသစ်သည် စဉ်းစားသလို တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သွားရပြီးနောက်

"ဦးဇေရတုအိမ်က ဝေးလား၍င်"

"အိပ်မဝေးဘူး ရှေ့နားကို ကျုပ်အိမ်ရောက်ပြီ"

"ဪ"

ကသစ်နီမှာ အံ့သြသွားရသည်၊

ကြည့်စမ်းပါဦးတော့။

သူမကတော့ ဦးဇေရတုအိမ်နှင့် သူမတို့အိမ် အဝေးကြီး လို့ ထင်ထားသမျှ ခုတော့ ဘယ်မှာလာဟုတ်လို့လဲ။

လမ်းသုံးလေးလမ်း ကျော်လိုက်တာနှင့်ပင် ဦးဇေရတု အိမ်က ရောက်နေရပြီဖြစ်သည်။

ဒါနဲ့တောင် ဦးဇေရတုသည် သူမရှိရာကို ဘာကြောင့် မရောက်လာရသည်တဲ့လဲ။

သေချာပါသည်။

ဦးဇေရတုသည် ကသစ်နီ သူ့ကို ခင်မင်သလိုမျိုး မခင်ဆိုတာ။ အတွေးနှင့် ကသစ် ရင်နာကျင်သွားရသည်။

သည်လူတစ်ယောက်သည်လည်း ကသစ်နီကို ဝေဒနာ တွေ ပေးဖို့များ ထပ်မံဆုံတွေ့ရသည်လား မသိပါ။





အသေချာဆုံးကတော့ ကသစ်နီသည် ဦးဇေရတု၏ ရှုမစိုက် ဥပေက္ခာပြုမှုများကြောင့် ရင်ထဲနင့်နင့်သည်းသည်း ကြီး ခံစားသွားရခြင်းပင် ဖြစ်သည်။

ဦးဇေရတု မောင်းသောကားပေါ်တွင် ကသစ်နီသည် တစ်လမ်းလုံး ဘာစကားမှမဆိုဘဲ နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းလေး စေ့ပိတ်ထားလျက် တိတ်ဆိတ်စွာ လိုက်ပါ လာခဲ့သည်မှာ ဦးဇေရတုအိမ်ရောက်သည်အထိပင် ဖြစ်သည်။

တိတ်ဆိတ်ငြိမ်သက်ကာ ကျယ်ဝန်းအေးချမ်းလှသည့် မီးခိုးရောင်နှစ်ထပ်တိုက်ကြီး၏ ဆင်ဝင်အောက်ရှေ့ ကားရပ် သွားသည်နှင့် ဦးဇေရတုသည် ကားပေါ်မှဆင်းကာ ကသစ်နီ အား ကားတံခါး လာဖွင့်ပေးလေ၏။

ကသစ်နီသည် စကားမဆို ကားပေါ်မှ ဆင်းလိုက် လေသည်။

"လာ ကသစ်၊ အိမ်ထဲဝင်လိုက်ဦး"

သူ ခေါ်ပြန်တော့လည်း ကသစ်မှာ မငြင်းပါ။ သား မွေးကော်ဇောများ ခန်းလုံးပြည့်ခင်းထားသည့် ဧည့်ခန်းအလယ် ဆိုဖာထက် ဝင်ထိုင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ထိ ကသစ်ထံမှ ဘာစကားမှ မပြောမလာသေး သည်ကို ဦးဇေရဘုသည် သတိထားမိလိုက်ဟန်နှင့်

"ကသစ်ကြည့်ရတာ ကျုပ်အပေါ် တစ်ခုခု စိတ်ဆိုးနေ သလိုပဲ၊ ဘာလဲဆိုတာ ကျုပ် သိခွင့်ရှိရင် သိပါရစေ"

ကသစ်နီသည် ဦးဇေရဘု စကားကို တော်တော်နှင့် မဖြေသေး။ နှုတ်ခမ်းဖူးဖူးလေးကိုသာ ဖိကိုက်ထားလျက် အတန်ကြာ ငြိမ်သက်နေပြီးနောက်

"ကသစ်က ဦးဇေရဘုအိမ်ကို အဝေးကြီး ထင်နေတာ ခုတော့ ဘယ်ဟုတ်မလဲ၊ ဦးဇေရဘုအိမ်နဲ့ ကသစ်အိမ်က ဝေးမှ မဝေးပဲဟာ"

"ဒါကို ကသစ် ကျုပ်အပေါ် စိတ်ဆိုးနေတာလား"

"စိတ်မဆိုးပါဘူး၊ စိတ်ဆိုးရအောင် ဦးဇေရဘုနဲ့ ကသစ်က ဘာဆိုင်လို့လဲ"

ပါးစပ်ကသာ စိတ်မဆိုးပါဘူး ပြောနေပေမယ့် မျက်နှာ လှလှလေးကတော့ မှုန်တည်တင်းမာနေသည့် ကသစ်နီကို ကြည့်ပြီး ဦးဇေရဘုသက်ပြင်း ချလိုက်သည်။

"ဟင်း မှန်တာပြောရင် ကျုပ်လည်း ဒီရက်တွေမှာ





ကသစ်ကို သတိရနေတာပါ၊ သတိရလို့ ကသစ်ဆီကို ကျုပ်လာဖို့လည်း စဉ်းစားပါသေးတယ်၊ ဒါပေမဲ့ ကသစ် ကျုပ်အပေါ် တစ်မျိုးထင်မှာကိုလည်း စိုးရိမ်မိတယ်"

ထိုစကားအရောက်ဝယ် ကသစ်သည် မခံချင်စိတ်နှင့် ဒေါသဖြစ်သွားရပြီ။

"နေပါဦး ကသစ် တစ်မျိုးထင်မှာကို စိုးရိမ်တာလား၊ ဦးဇေရဘုကိုယ်တိုင် ကသစ်ကို မေ့နေတာလား"

"ကသစ်ဟာ ကျုပ်ဘဝအတွက် မေ့စရာ မိန်းကလေးမှ မဟုတ်ဘဲ"

"အို"

သည်လို ကြုံပြန်တော့လည်း ကသစ်နီသည် ရှက်သွေး ဖြာသွားကာ မျက်နှာလှလှလေးမှာ နှင်းဆီနီ ပန်းခင်းလေး ဖြစ်သွားရသည်။

ဦးဇေရဘုသည်ကတော့ ကသစ်နီ၏ ရှက်သွေးဖြာသော မျက်နှာလေးကိုသာ ငေးကြည့်နေ၏။

"ကသစ် အင်းလေးသွားလည်ရတာ ပျော်ရဲ့လား"

"ဟင်း..."



www.burmeseclassic.com

www.burmeseclassic.com



ကာသစ်မှာ အံ့သြသွားရသည်။ အံ့သြစိတ်နှင့် သူ့ကို ကြည့်လိုက်တော့ ဦးဇေရတုသည် သူမအား ပြုံးကြည့်နေပြီး

"အဟွန်း... ဟွန်း... ကာသစ် အင်းလေးသွားတာ ကျုပ်သိလို့ အံ့သြနေတာလား"

"ကာသစ် အင်းလေးသွားတာ ဦးဇေရတု ဘယ်လို သိနေလဲ"

"သိဆို ကျုပ်အရိပ်က မင်းနောက်မှာ ရှိနေတာကိုး"

"ဟင်..."

"ဘယ့်နှယ်လဲ၊ တော်တော်မှ ပျော်ခဲ့ရဲ့လား"

"ဘုရားဖူးသွားတာ၊ အပျော်သွားတာမှ မဟုတ်ဘဲ"

"အဟွန်း... အင်းလေးအပြင် တခြား ဘယ်နေရာ ရော ရောက်ပြီးပြီလဲ"

"ဘယ်မှ မရောက်သေးဘူး၊ အန်ကယ်လေးက ရှုံးအ ရက် လိုက်ပို့ပေးမယ် ပြောပေမယ့် ကာသစ်ကိုယ်တိုင် ဘယ်မှ သွားချင်စိတ် မရှိသေးလို့"

"အင်းလေ နောက်လည်း ရောက်မှာပဲဟာ"

"ဦးဇေရတုကကော"





"ဗျာ"

"ဒီမြို့သားတစ်ပိုင်းဖြစ်နေတဲ့ ဦးဇေရတုကကော ကာသစ်ကို လိုက်ပို့ပေးဖို့ အစီအစဉ်မရှိဘူးလားလို့ မေးတာ"

"ဖြစ်နိုင်ရင်တော့ ကာသစ်သွားချင်တဲ့ နေရာအနှံ့ကို ကျုပ် လိုက်ပို့ပေးချင်ပါတယ်၊ ဒါပေမဲ့ ပို့ဖြစ်လိမ့်မယ်တော့ မထင်ဘူး"

"ရှင်"

ကာသစ်ရင်ထဲ ဝမ်းနည်းစိတ်တို့က ဘာနှင့်မှ နှိုင်းပြလို့ မရနိုင်အောင် ကြေကွဲထိခိုက်သွားရသည်။

"လောကကြီးမှာ တစ်ခါတလေတော့လည်း ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ပိုပြီး ဦးစားပေးရတဲ့သဘော ကာသစ်လည်းသိမှာပါ"

ဟင့်အင်း မသိပါဆိုသည့်စကားကို ကာသစ်နှီသည် စိတ်မှာ ခံပြင်းနေမိသည်က ဘာကြောင့်မှန်းလည်း သူမကိုယ်သူမ မသိတော့၊

"ကာသစ် ဟန်ဆောင်တတ်လား"

ဟင့်အင်း ဟန်ဆောင်တာကို ကာသစ် မုန်းတယ်



www.burmeseclassic.com

www.burmeseclassic.com



"အပြွန်း ကျွမ်လည်း မှန်းတာပါပဲ၊ ဒါပေမဲ့ တချို့
ကိစ္စတွေမှာ ဟန်မဆောင်လို့ မဖြစ်တာမျိုးတွေ ရှိတယ်
အဲဒီအချိန်မှာတော့ ဟန်ဆောင်တာကို ဘယ်လောက်ပဲမုန်
တယ်ပြောပြော ခဏတာအချိန်လေးအတွင်းမှာ ဟန်ဆော
လိုက်ရတာမျိုးတွေလည်း ကျုပ်ဘဝမှာ ရှိတယ်ဆိုရင် ကသ
ယုံမလား"

"သူများကို လိမ်ညာဖို့အတွက် ကိုယ့်ကိုယ်ကို
ဟန်ဆောင်လိုက်တယ်ဆိုရင် တကယ်တမ်း ဘယ်သူနစ်န
မလဲဆိုတာ ဦးဇေရတု တွေးမိရဲ့လား"

ကသစ်နီအသံမှာ တစ်စုံတစ်ရာ ထိခိုက်ခံစားမှုကြော
တုန်ခါနေရသည်။

"ကသစ်ပြောသလို ကျုပ် တွေးခဲ့မိပါတယ်၊ တွေးလည်
တွေးနေဆဲပါပဲ၊ ဒါပေမဲ့ ပင်မြင့်က ပန်းတစ်ပွင့်ကို ဆွတ်ခူး
ဆိုတာ မလွယ်လှပါဘူးလေ"

တစ်လုံးချင်း ပြောလိုက်ပါသည့် ဦးဇေရတု၏ အသ
မှာလည်း ခြောက်ကပ်ကပ်နှင့် အက်ကွဲနေရသည်။

"ဒါတွေအားလုံးဟာ ဦးဇေရတုကိုယ့်ကိုယ်ကို လိမ်ည





နေတာ၊ ဖြစ်အောင် မကြိုးစားကြည့်ဘဲနဲ့ ဘာလို့ မဖြစ်နိုင်ပါ
ဘူးဆိုတဲ့ အားလျော့တဲ့စကားကို အရှင်ပြောနေရတာလဲ၊
ရှင်... ရှင်... ကသစ်ကို ဒီနည်းနဲ့ နှိပ်စက်နေတာလား"

"ဟောဗျာ ကသစ်နဲ့တော့ ခက်နေပါပြီ၊ မင်း ကျုပ်ကို
ဒီထက်ပိုပြီး ဝေဒနာတွေ မပေးပါနဲ့တော့ ကသစ်ရယ်
ကျုပ်လေ ကျုပ်"

"မမဂလေး"

"ဟာင်"

ဦးဇေရတုအိမ်မှထမင်းချက် အဒေါ်ကြီးနှင့်အတူ နောက်
ဘက်သို့ပသွားသော နန်းဝိုးလေးမှာ ကသစ်နီတို့အနားသို့
ပြန်လည်ရောက်ရှိလာကာ သူမအားခေါ်လိုက်သဖြင့် ဦးဇေ
တုရော ကသစ်နီပါ လန့်သွားရသည်။

"ဘာလဲ နန်းဝိုး"

"မမလေး ကြာဦးမယ်ဆို နန်းဝိုး ခြံထဲခဏဆင်း
ချင်လို့ပါ"

နန်းဝိုးစကားကြောင့် ကသစ်နီ၏ အကြည့်များ
ဦးဇေရတုထံ ရောက်ရှိသွားရပြီး...



www.burmeseclassic.com

www.burmeseclassic.com



"မကြာတော့ပါဘူးကွယ်၊ မမတို့ ပြန်တော့မှာပါ...
ကသစ်တို့ ပြန်တော့မယ် ဦးဇေရတု ဒေါ်မြကလည်း...
ကသစ်တို့ ကြာလို့ မျှော်နေရောပေါ့၊ ကသစ်တို့က ဒီနားခ...
လမ်းလျှောက်ဆိုပြီး ထွက်လာတာ"

"ကျုပ် လိုက်ပို့ပေးမယ်"

"နေပါစေ"

"ဘာလဲ ကျုပ် လိုက်ပို့ပေးတာကို မကြိုက်လို့လား...
ကြည့်... ဒီလူတော့။

ကသစ်နီမှာ သူ ဆောရုံသွားရဦးမည်ဆိုသဖြင့် စေတန...
နှင့် ပြောသည်ကို လက်မခံဘဲ သူမကိုပင် ပြန်၍ တစ်မျိုး...
ထင်နေသောကြောင့် ကသစ်နီသည် သူမစေတနာကို စော်ကား...
ရပါ့မလားဆိုသည့်စိတ်နှင့် ဒေါသလေးများ ဖြစ်သွားပြီး...

"မကြိုက်လို့ ပြောနေတာ မဟုတ်ဘူး ရှင် ပင်ပန်းမှ...
စိုးလို့ ပြောနေတာ၊ စေတနာကို နည်းနည်းမှ နားမလည်ဘူ...
မုန်းဖို့ကောင်းလိုက်တာနော်"

ပြောလည်းပြော ရှေ့ကနေ ခြေလှမ်းလေး တော...
ဆတ် ဆောက်ဆတ်နှင့် ထွက်သွားသော ကသစ်နီ၏စကား...





အပြုအမူကြောင့် ဦးဇေရတုရင်ထဲ ကြည်နူးကျေနပ်ခြင်း ပီတိတွေနှင့် ပြည့်လျှံသွားရသည်။

ကားပေါ်ရောက်တော့ တစ်ယောက်နှင့်တစ်ယောက် မျက်ဝန်းချင်း ဆုံသွားကြပေမယ့် နှစ်ဦးစလုံးသည် ရင်ထဲက ခံစားမှုကို မပေါ်လွင်တော့။

တစ်ယောက်အတွင်းစိတ်ကို တစ်ယောက် လှမ်းမြင်နေရပေမယ့်လည်း ဦးဇေရတုနှင့် ကသစ်နီသည် ထိုအခြေအနေကို ရောက်ခွင့်မပေးဘဲ နှစ်ဦးစလုံး ကိုယ့်ကိုယ်ကိုယ် ထိန်းထားလေ၏။

"ကသစ် ဘယ်တော့လောက် သွားချင်လဲ"

"ဘာကိုလဲ"

ရုတ်တရက် စကား အဆက်အစပ်မရှိ ပြောလိုက်သော ဦးဇေရတုစကားကြောင့် ကသစ်နီ မျက်ခုံးလေးပင့်တက်သွားရကာ သူ့အား ပြန်မေးလိုက်သည်။

"ကသစ် သွားချင်တဲ့နေရာအနံ့ ကို ကျုပ် လိုက်ပို့ပေးဖို့ ဆုံးဖြတ်လိုက်ပြီ"

"နေပါစေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဘာဖြစ်လို့လဲ"

"စေတနာမပါဘဲ ဝတ္ထုရားအရ လုပ်ဖို့ပေးတာမျိုး ကသစ် မလိုချင်ဘူး"

ဦးဇေရတုမှာ ဒီကလေးမ သူ့ကို ချစ်ကျနေပြီဆိုတာ သိလိုက်တာမို့...

"အဟွန်း... ဒါဖြင့် စေတနာရော ဝတ္ထုရားရော ပါမယ်ဆိုရင်ရော"

"အို..."

သူမအား ပြုံးကြည့်ကာ ဆိုလာသော ဦးဇေရတုအကြည့် ကို ကသစ်နီ ပြိုင်မကြည့်ရဲတော့ပါ။

သို့သော်။

ဒီလူကြီးကိုလည်း ကသစ်နီသည် အရှုံးမပေးချင်သည် မို့...

"စေတနာရော ဝတ္ထုရားပါ ပါတဲ့ ဦးဇေရတုကို ကသစ် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ရှင်ကြီးကိုတော့ ကသစ် မုန်းတယ်"

"ဟာ... ကသစ် ကသစ်"





ဦးဇေရတု ဘယ်လိုခေါ်ခေါ် ကသစ်သည်ကား လှည့် မကြည့်ပါလေတော့။

အကြောင်းမှာ...

ကသစ်နီသည် သူမခြံရှေ့ သူ့ကားလေးရပ်သွားသည် နှင့် သူ့အား ထိုစကားများပြောကာ အိမ်ထဲသို့ တရှိန်ထိုး ပြေးဝင်သွားပြီ မဟုတ်ပါလား။

❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ယခုရက်ပိုင်းမှာ ကသစ်နီသည် ဦးဇေရတုကို စိတ်မှ
ပြင်းပြင်းထန်ထန် သတိရနေပေမယ့် သူ့ရှိရာကို သွားတွေ့
ဖို့တော့ သူမ စိတ်မကူးခဲ့ပါ။

တစ်ယောက်နှင့်တစ်ယောက် နှုတ်က ဖွင့်မပြောပေမယ့်
ရင်ထဲ နှစ်ယောက်သား နားလည်နေသည့် ခံစားချက်တွေနှ
ဦးဇေရတုနှင့် ကသစ်နီတို့သည် မျက်လုံးချင်းသာမက အသည်
နှလုံးချင်းလည်း စကားများစွာ ပြောထားခဲ့ပြီဖြစ်သည်။

ကသစ်နီသည် ဦးဇေရတု ကားပေါ်မှ ဆင်းခဲ့စဉ်က
သူ့အား မုန်းတယ်ဟု ပြောပေမယ့် စာကယ် သူမရင်ထဲက
စကားကတော့ မုန်းပါသည်ဆိုသောစကားနှင့် ဆန့်ကျင်ဘက်
ဖြစ်သည်ကိုတော့ ကသစ်နီ သူမကိုယ်သူမသာ သိပါသည်





ဦးဇေရတုနှင့် မတွေ့ရသည့် ဒီတစ်ပတ်အတွင်းမှာ
ကသစ်နီရင်ထဲ လစ်ဟာနေသလိုလို၊ မနေတတ်သလိုလိုနှင့်
တစ်မျိုးမှ ဘယ်လို တစ်မျိုးကြီးမှန်းမသိ ခံစားနေရသည်။

ထိုခံစားမှုသည် ဘာနှင့်မှ မတူပေ။

ချစ်ဦးသူ ခန့်ထည်နှင့်တုန်းကလည်း ကသစ်နီ ဒီလိုမျိုး
မခံစားခဲ့ရပါ။

ခန့်ထည်နှင့် ချစ်သူတွေဖြစ်ခဲ့ကြပေမယ့် ကသစ်နီသည်
ခန့်ထည်ကို မတွေ့လျှင်လည်း နေနိုင်ခဲ့ပေမယ့် ယခု သူမ
အား စိတ်လှုပ်ရှားစေသည့် ဦးဇေရတုကိုတော့ ကသစ်နီ
မတွေ့ဘဲ မနေနိုင်ပါ။

မျက်နှာများသော ခန့်ထည်လိုလူမျိုးကို ကသစ်နီ
ချစ်ခဲ့မိသလို ဦးဇေရတုလို သူမထက် အသက်များစွာကြီးသည့်
သေဆုံးသွားသော ဇနီးသည်အပေါ် ယခုထက်တိုင် သစ္စာရှိစွာ
ချစ်နေဆဲဖြစ်သော လူတစ်ယောက်ကိုလည်း ကသစ်နီ စိတ်ဝင်
စားနေမိပြန်သည်။

ဦးဇေရတုကို မတွေ့ဘဲနေလျှင် မေ့သွားလိမ့်မည်လို့
ထင်ခဲ့ပေမယ့် သူမထင်သလို ဦးဇေရတုကို ကသစ်နီသည်



www.burmeseclassic.com

www.burmeseclassic.com



မေ့၍မရခဲ့ပါ။

ကသစ်နီသည် သူမကိုယ်သူမလည်း အံ့ဩနေရသည်။ တကယ်ဆို သူမသည် ခုချိန် ချစ်ဦးသူ ခန့်ထည်ကို သတိ နေရမှာ ဖြစ်ပေမယ့် တကယ်တမ်း ကသစ်နီ သတိရနေ သည် ခန့်ထည်မဟုတ်ဘဲ ဦးဇေရဲတုဖြစ်နေသောအခါ ကသစ်နီသည် သူမနှလုံးသားကို သူမများစွာ ကြောက်ရွံ့လာ ရသည်။

အသိစိတ်က မဖြစ်နိုင်ပါဟု တားနေပေမယ့် မသိစိတ် ကတော့ ဦးဇေရဲတုကိုသာ သူမ သတိရနေမိတော့သည်။

သတိရပေမယ့် ကသစ်နီသည် ဦးဇေရဲတုနှင့်တွေ့ဖို့ကို တော့ မကြိုးစားမိပေ။

သူမဘက်က မကြိုးစားပေမယ့် ကြိုးစားတဲ့သူကတော့ ဖြင့် သူမအနှင့်တွေ့ရအောင် ကြံနေလေ၏။

ထိုသူကား ဦးဇေရဲတုပင် ဖြစ်တော့သည်။

ကသစ်နီသည် ဦးဇေရဲတုနှင့် မတွေ့ရသည့် ရက်တင် ပတ်တင်းတင်းပြည့်သည့် တစ်ညနေတွင် ဦးဇေရဲတုသည် အလုပ်မှပြန်လာသော အန်ကယ်လေးနှင့်အတူ အိမ်သို့ပါလာ

သိန်းမင်းစာပေ



ခဲ့သည်။

ခြံထဲသို့ ကသစ်နီဆင်းနေခိုက်မို့ အန်ကယ်လေးကို ကသစ်နီသည် ဆီးကြိုနှုတ်ဆက်လိုက်လေသည်။

"ကသစ်နဲ့ ဆရာဝန်ကြီးနဲ့ သိတယ်ဆို၊ ဒီမှာ ဆရာဝန် ကြီးက ပြောနေတယ်"

ကသစ်နီမှာ သူမအား ပြုံးကြည့်နေသည့် ဦးဇေရဲတုကို မျက်လွှာလေးပင့်လျက် တစ်ချက်ကြည့်လိုက်ပြီး…

"ဟုတ်ကဲ့ အန်ကယ်လေး ကသစ်တို့ ကားအတူစီးရင်း သိခဲ့တာပါ၊ ထိုင်ပါဦးရှင့်"

"ဟုတ်ကဲ့ပါခင်ဗျာ"

ဦးဇေရဲတုသည် ကသစ်နီစကားကို ပြုံးစိစိနှင့် ပြန်ပြော လိုက်တော့ ကသစ်နီမှာ မျက်စောင်းလှလှလေးတစ်ချက် အန်ကယ်လေးအလစ်တွင် ဦးဇေရဲတုထံသို့ ရောက်ရှိသွားရ သည်။

"လာဗျာ ဦးဇေရဲတု၊ ထိုင်ပါဦး၊ ရောက်တုန်း အေးအေး ဆေးဆေးပေါ့"

"အဟွန်း… ရတယ် ဦးစိုးနောင်၊ ကျွန်တော့်ကို အား

သိန်းမင်းစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စရာမလိုပါဘူး"

"ဒါဆို ထိုင်ဦးဗျာ၊ ကျွန်တော် အဝတ်အစားလဲလိုက်ဦးမယ်၊ ကသစ်နဲ့ စကားပြောကြဦးပေါ့"

အန်ကယ်လေးမှာ ဦးဇေရတုကို အားနာနာနှင့်ပင် ကသစ်နှင့်ထားခဲ့ကာ အပေါ်ထပ်တက်၍ အဝတ်အစား လဲလိုက်သည်။

ဧည့်ခန်းထဲတွင် ဦးဇေရတုနှင့် ကသစ်နှစ်ယောက်တည်း ကျန်ခဲ့သည်နှင့်။

"ကသစ်ကို တွေ့ချင်လို့ ဦးစိုးနောင်နဲ့ လမ်းကြုံသလို လှည့်ပြီး လိုက်လာတာ"

"ဒုက္ခရှာလို့ရှင်"

"ကသစ်က ကျုပ်အတွက် ဒုက္ခဆိုရင်လည်း အဲဒီဒုက္ခကို ကျုပ်က ကျေကျေနပ်နပ်ကြီး ခံစားချင်တာဆိုရင်ရော"

"အို..."

မျက်ဝန်းစူးစူးတောက်တောက်ကြီးနှင့်ကြည့်ကာ ပြော လိုက်သည့် သူ့စကားက ဘာလိုလိုနှင့် ကသစ်နီမျက်နှာလေး





ရဲသွားရသည်။

"ကသစ် ဘယ်မှ မသွားဘူးလား"

"ဘာဖြစ်လို့လဲ ဦးဇေရတု"

"ဪ... ကသစ်သွားရင် လိုက်ပို့ပေးမယ့် ဒကာက အသင့်ရှိနေလို့ပါ"

"အဲဒီလူက..."

"အဟွန်း ကျုပ်ပဲပေါ့၊ တကယ်ပြောတာကသစ်က သွားမယ်ဆိုပြော၊ ကျုပ်ဘက်က လိုက်ပို့ပေးဖို့ရာ အသင့်ပါပဲ"

ဦးဇေရတု ကသစ်ကို ဘာလို့ လိုက်ပို့ပေးချင်ရတာလဲ ဆိုတာကိုတော့ ကသစ်သည် ဦးဇေရတုကို မမေးတော့ပါ။

"ကျေးဇူးတင်ပါတယ် ဦးဇေရတု၊ ကသစ် သွားမယ့် ရက်ကျရင် ဦးဇေရတုကို ပြောပါ့မယ်"

"ဒါနဲ့ ကသစ် ရန်ကုန်ကို ဘယ်တော့ပြန်မလဲ"

"ခုလောလောဆယ်တော့ ပြန်ဖြစ်သေးမယ် မထင်ဘူး"

"ရန်ကုန်ရောက်လို့ ကသစ်သူငယ်ချင်းတွေနဲ့တွေ့ရင် ကျုပ်ကို မေ့သွားမယ်နဲ့ တူတယ်"

"မမေ့ပါဘူး"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အမှန်း ဟုတ်ရဲ့လားဗျာ၊ ဘယ်ယောက်ျားမှ မမေ့ပါဘူး ပြောပြော တစ်ယောက်သောသူနဲ့တွေ့ရင်တော့ ကာသစ် ကျုပ်ကို မေ့မှာ သေချာပါတယ်"

"ဦးဇေရတုနော် ဘယ်က တစ်ယောက်သောသူလဲ"

"ကာသစ်မှာ မရှိဘူးပေါ့"

"ဘာကိုလဲ"

"ကျုပ်ပြောတဲ့ တစ်ယောက်သောသူလေ"

ကာသစ်နီ မျက်ဝန်းထဲ ခန့်ထည်ရုပ်သွင်ပေါ်လာရပေ မယ့် သစ္စာဖောက်ရက်သူအဖြစ် နာကြည်းရသည်မို့ ကာသစ်ရဲ့ သည် ခေါင်းလေးခါယမ်းလိုက်ပြီး...

"ဟင့်အင်း မရှိပါဘူး"

"ကာသစ် ညာတယ်"

"ရှင်"

"ကာသစ်ရဲ့ ထူးခြားမှုက ဘာလဲသိလား"

"ဟင့်အင်း"

"မျက်လုံးပဲ၊ ကာသစ်မျက်လုံးတွေက ကာသစ်ရင်ထဲက ခံစားမှုတွေကို ဘယ်လိုမှ မဖုံးကွယ်နိုင်တာပဲ"





ကာသစ်နီသည် ပါးနပ်လွန်းသော ဦးဇေရတုကို ဝန့်မခံ လို့မရတော့သည်မို့

"ထားပါတော့လေ၊ ဦးဇေရတုပြောသလို ရှိတယ်လို့ပဲ"

"ကာသစ်စကားက တစ်မျိုးပါလား၊ ရှိတယ်ဆိုလည်း ရှိတယ် မရှိဘူးဆိုလည်း မရှိဘူးပေါ့"

"ကာသစ် ဒီကိုမလာခင်မှာ သူ ကာသစ်ဘဝထဲက မရှိတော့ဘူး"

"ဪ..."

ကာသစ်သည် ခန့်ထည်နှင့်ပတ်သက်လာလျှင် ဦးဇေရတု အား ဒီထက်ပိုပြီး ရင်မဖွင့်ချင်သည်မို့ စကားကို ဖြတ်လိုက် လေသည်။

"ကဲပါ ဦးဇေရတုကို ကာသစ် စိတ်ညစ်အောင် တာတွေ ပြောမိတာရယ် မသိဘူး၊ ဟိုတစ်နေ့က ကာသစ်ကို အိမ်ပြန်လိုက် ပို့ပေးတဲ့အတွက် ဦးဇေရတုကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်တာထက် အဲဒီနေ့ကစကား ကာသစ်ကို ကျုပ် ငမေးချင်နေတာ"

"ဘာစကားပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ကာသစ်နီသည် သူမစကားကို သူမ မမှတ်မိတော့သလို မျက်တောင်ရှည်ကြီးများ ပုတ်ခတ်ပုတ်ခတ်နှင့် စဉ်းစားသလို ငြိမ်သွားရသည်။

ဒါကိုပင် ဦးဇေရတု လူချောကြီးမှာ အသည်းယားသွား ဟန်နှင့် ကာသစ်အား စိုက်ကြည့်ပစ်လိုက်ပြီလေး

"မုန်းတယ်ဆိုတဲ့ စကားလေ"

"ဟင်..."

"ကျုပ်ကို မုန်းတယ်ဆိုတာ တကယ်လား ကာသစ်"

"ရှင်..."

သူမ အင်မတန်သဘောကျ နှစ်ခြိုက်ပါသည်ဆိုသော ဦးဇေရတု၏ ရူးရှတောက်ပသည့် မျက်ဝန်းထဲတွင် သူ နားလည်ရခက်သည့် အကြည့်များကို မြင်တွေ့လိုက်ရသည် ကာသစ်ရင်တွေ ဆောင့်ခုန်သွားရသည်။

"ဖြေလေ ကာသစ်၊ ကျုပ်ကို ကာသစ် တကယ် မုန်းသလားဆိုတာ"

"အို..."

ရူးရှတောက်ပ စိုလက်နေသည့်ဦးဇေရတု အကြည့်များ





ကို ကာသစ်သည် ပြိုင်မကြည့်ဝံ့တော့ဘဲ နှုတ်မှနေ တအိုအိုနှင့် သာဖြစ်လျက် ရှက်သွေးတွေ ဖြာနေရတော့သည်။

သို့သော်...

ရင်ထဲမှာတော့ ဦးဇေရတုကို ကာသစ် မမုန်းပါဆိုသည့် စကားကိုလည်း အကြိမ်ကြိမ်ပြောနေမိသည်။

သူမေးတာ မဖြေဘဲ ခေါင်းလေးငုံ့ ငြိမ်သက်နေသော ကာသစ်ကိုကြည့်ပြီး ဦးဇေရတုသည် တစ်စုံတစ်ရာကို နားလည် သွားဟန်နှင့် နာကျင်သွားရပြီး...

"ကျုပ်သိပါပြီ ကာသစ်၊ ကာသစ် ကျုပ်ကို"

"ဦးဇေရတုကို ကာသစ် မမုန်းပါဘူး"

"ဗျာ..."

"ကာသစ် ကာသစ် တကယ်ပြောတာနော်"

"ဘာလဲ ညာပြောတယ်ထင်လို့လား"

"အဟွန်း... ဟွန်း... မထင်ပါဘူးဗျာ၊ ကျုပ် ကျုပ် ပျော်သွားလို့ပါ"

"ဘာကြောင့်... ပျော်တာလဲ"

"ကာသစ် ကျုပ်ကို မမုန်းဘူးဆိုလို့ပေါ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အို..."

သည်တစ်ခါတော့ ကသစ်သည် ဦးဇေရတု၏ စို
လက်ဖြာနေသော အကြည့်စူးစူးတို့ကို ရင်ဆိုင်နိုင်ဖို့ပင်အင်
မရှိတော့သည်မို့ သူ့အနားကပင် ရှောင်ထွက်မည်အ
အန်ကယ်လေးသည်လည်း အဝတ်အစားလဲပြီး ရောက်
သောအခါ ကသစ်နီမှာ အခွင့်အရေးရသွားကာ ဦးဇေရ
လှစ်လှစ်ပါအောင် ပြေးထွက်ခဲ့တော့သည်။



## အခန်း (၈)

"ကသစ် ရန်ကုန်ပြန်တော့မယ်"

"ဟင်"

ကသစ်စကားကြောင့် ဦးဇေရတု မျက်နှာပျက်သွား
သည်ကို သူမ သတိထားမိလိုက်လေသည်။

"တကယ်လား၊ ကသစ် ရန်ကုန်ပြန်တော့မယ်ဆိုတာ
တကယ်ပဲလား"

"ဟုတ်တယ် ဦးဇေရတု၊ ကသစ်ကို ဒေါ်ဒေါ်ငယ်
လည်း ပြန်ခေါ်နေပြီ၊ ပြီးတော့ ကသစ် ဒီကိုရောက်တာ
လည်း ကြာပြီ မဟုတ်လား"

"ဒါပဲလား"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကသစ် ရန်ကုန်ကို ပြန်ချင်တဲ့အကြောင်းရင်းဟာ ဒါပဲလားလို့ မေးတာ"

ကသစ်သည် သူ့စကားကို ပြန်မဖြေပါ။ တောင်တန်း ပြာကြီးများရှိရာ အဝေးတစ်နေရာသို့ ငေးကြည့်နေသော ဦးဇေရတုကိုသာ အသေအချာ ကြည့်နေမိသည်။

သည့်နေ့ ဦးဇေရတုသည် ကသစ်နီအား သူကိုယ်တိုင် ပင်းတယသို့လိုက်ပို့ပြီး အပြန်တွင် ကသစ်နီသည် ထိုစကားကို ဦးဇေရတုအား ပြောလိုက်ခြင်းဖြစ်သည်။

ကားကို လမ်းဘေးတစ်နေရာတွင် ရပ်ကာ တောင်ပေါ်မှ ဆီးမြင်နေရသည့် မှိုင်းပြာစိမ်းညို့နေသော တောင်စဉ်တောင်တန်းအသွယ်သွယ်နှင့် သာယာလွမ်းမောဖွယ်ရာ ကောင်းသည့် ရှမ်းတောင်တန်းကြီးများ၏ သဘာဝရှုခင်းအလှကို ကြည့်နေပေမယ့် သူတို့နှစ်ဦးရင်မှာတော့ မရွှင်ပျနိုင်ပါ။

ခွဲရတော့မည်မှုသော အသိနှင့် ရင်မှာ နာကျင်နေသည်ကလည်း ဦးဇေရတုနှင့် ကသစ်နီတို့ နှစ်ဦးလုံးပင် ဖြစ်သည်။

"ကသစ် ကျုပ်ကို ကျောခိုင်းသွားတာတော့ မဟုတ်





ပါဘူးနော်"

"ရှင်"

သူမအား ရီဝေဆွတ်ကျင်နေရသော မျက်ဝန်းတွေနှင့် ကြည့်ကာ ဆိုလိုက်သည့် ဦးဇေရတုစကားက ကသစ်နီကို နားလည်ရ ခက်သွားစေရသည်။

"ဦးဇေရတု ဘာကိုဆိုလိုတာလဲ"

"အဟွန်း... အိပ်ချင်ယောင်ဆောင်တဲ့လူက အနိုးရ ခက်တယ်တဲ့၊ ကျုပ် ကသစ်ကို သံယောဇဉ်တွယ်နေတယ် ဆိုတာ ကသစ် သိမှာပေါ့၊ ဒါကြောင့်များ ကျုပ်ကို ကသစ် ကျောခိုင်းသွားတာလားလို့ပါ"

"ဘာဆိုင်လဲ"

"တကယ်ပဲ ဘာမှမဆိုင်ဘူးလား သကစ်"

"ဟို... ကသစ်ပြောတာ"

"ဟုတ်ပါတယ်လေ၊ ကျုပ်လို နှလုံးသားမှာ ဒဏ်ရာ ဒဏ်ချက်တွေနဲ့ ရှိခဲ့ဖူးတဲ့ လူတစ်ယောက်က ကသစ်လို မိန်းကလေးနဲ့ မထိုက်တန်ဘူးဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမဲ့ ကျုပ်ဟာ ကသစ်နဲ့ မတွေ့ခင်အထိ လောကကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်အတွက် ဘာမှ အဓိပ္ပာယ်မရှိ၊ မျှော်လင့်ချက်တွေ
ကုန်ဆုံးနေတဲ့ လူတစ်ယောက်လို ကျုပ် ခံစားခဲ့ရတယ်
ဒီခံစားမှုတွေဟာ ကာသစ်ကို တွေ့လိုက်တဲ့အချိန်မှာ ကျုပ်ဘဝ
ထဲက ပျောက်ကွယ်သွားခဲ့ရတယ်၊ ကျုပ် ဝန်ခံပါတယ်ကာသစ်
တကယ်တော့ မင်းဟာ အသက်ရှင်လျက်နဲ့ သေဆုံးနေတဲ့
ကျုပ်ဘဝရဲ့ မျှော်လင့်ချက် အလင်းရောင်တစ်ခုဆိုရင်မမှား
ပါဘူး။ ကျုပ်ဘဝကို မျှော်လင့်ချက်တွေနဲ့ ပြန်ပြီး အသက်ဝင်
လာအောင် လုပ်ပေးခဲ့တဲ့ ကာသစ်ကို ကျုပ် ကျေးဇူးတင်ပြီး
အမှတ်ရနေမိမှာပါ။ တကယ်ပါ ကာသစ်၊ မင်းကို ကျုပ်
ကျေးဇူးတင်ပါတယ်"

ဦးဇေရတုသည် ကာသစ်နီ မျက်နှာလေးကို စူးစိုက်
ကြည့်လာပေမယ့် ကာသစ်နီကတော့ဖြင့် ဦးဇေရတုကို မကြည့်
ပါ။ ကြည့်နိုင်စွမ်းလည်း သူမတွင် မရှိ။

နှလုံးသားချင်း နားလည်နေပါလျက်နှင့် အသိတရားနှင့်
ကိုယ်စီ ထိန်းချုပ်ထားရသည့်အဖြစ်က နှစ်ဦးစလုံး၏ ရင်ကို
နင့်သည်းကြေကွဲနာကျင်ထိခိုက်စေရပါသည်။

ကာသစ်နီသည် သူမခံစားချက်များကို ထည့်မတွေးပေး





ည့် ဦးဇေရတုကို နာကျင်သွားရသလို ခြည့်အိုင်လာသည့်
က်ဝန်းမှ မျက်ရည်စများကို မဖယ်ရှားမိတော့ဘဲ နှုတ်ခမ်း
ား:ကိုသာ ဖိကိုက်လျက် ခံစားမှုတွေ လှိုင်းထန်နေရသော
ကြည့်ဖြင့် ဦးဇေရတု မျက်နှာချောချောကြီးကို ကြည့်လိုက်ပြီး

"ဦးဇေရတု ရင်ထဲမှာ ကာသစ်ကို ပြောစရာရှိတာတွေ
အကုန်ပဲလား"

ကာသစ်အား မမြင်ဖူးသူတစ်ယောက်ကို မျက်တောင်
ခတ် ငေးစိုက်ကြည့်နေသော ဦးဇေရတုမှာ ကာသစ်စကား
ကြောင့် အံကို တင်းခနဲ စေ့ကြိတ်ပစ်လိုက်ပြီး...

"မင်းနဲ့ ပတ်သက်ပြီး ကျုပ်ရင်ထဲမှာ စကားတွေ
နေသေးပေမယ့် ကျုပ် မပြောပါရစေနဲ့တော့၊ အဲဒါကို
သစ် နားလည်ပေးပါ"

ကာသစ်ရင်မှာ မွန်းကြပ်သွားရသည်။ ဦးဇေရတုသည်
ူ့ခံစားချက်ကိုသာ သူ ကြည့်တတ်သည့်လူ။ ကာသစ်ရင်ထဲ
ခံစားမှုတွေကို နည်းနည်းလေးမှ ထည့်မတွေးပေးပါလား
ိုသည့် အတွေးနှင့် ရင်မှာ နာကျည်းဒေါသဖြစ်သွားရကာ

"နားလည်ပေးပါဟုတ်လား၊ ကာသစ်က ဘာကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပေးရမှာလဲ၊ ဘာလဲ ဦးဇေရတုရဲ့ ထောက်ထားရမယ့် ဆရာဝန်ကြီးဆိုတဲ့ ဂုဏ်သိက္ခာကိုလား"

"ကသစ် မင်း ဘာလို့ ကျုပ်အပေါ် အဲလို ထင်ရတာလဲ၊ ကျုပ်ပြောနေတဲ့ စကားတွေဟာ ကျုပ်ရဲ့ ဂုဏ်သိက္ခာအတွက်ကြောင့် ပြောနေတဲ့ စကားတွေ မဟုတ်ဘူး၊ အဓိကက မင်းပဲ၊ မင်းအတွက် ကျုပ်နှလုံးသားကို ကျုပ်ပြန်နင်းပြီး ပြောနေရတာ၊ ကသစ်နားလည်အောင် ရှင်းပြဖို့ ခက်ပေမဲ့ ဘာပဲပြောပြော ကျုပ်ပြောသမျှ စကားတွေဟာ ကသစ်အပေါ် တန်ဖိုးထားပြီး ကျုပ်နှလုံးသွေးနဲ့ ရင်းပြောနေရတဲ့ စကားတွေ ဆိုတာတော့ ကသစ် သိထားပါ"

ဦးဇေရတုစကားတွေက ဘာကို ဆိုလိုမှန်း ကသစ် နားလည်သလို ရှိပေမယ့် သူ့ကို သူမ ဘာမှ ပြန်မမေးမိတော့

ထို့အတူ ကသစ်နီသည် သူ့စကားများကို နားမလည်ပါ ဟူ၍လည်း မပြောချင်တော့။

ကိုယ်စီ အသိတရားတွေနှင့် ထိန်းချုပ်ထားသည့် အနေအထားမှာ ကသစ်နီသည် ဦးဇေရတုအား စိတ်ချမ်းသာ





စေချင်သည့်မို့

"ကံကြမ္မာကို ဘယ်သူမှ မမြင်နိုင်ပါဘူး ဦးဇေရတု၊ လူတစ်ယောက်နဲ့တစ်ယောက် မဆုံနိုင်တော့ဘူးလို့ ထင်ထားပေမယ့် ဆုံဖို့အခွင့်အရေး တစ်ချိန်မှာရှိရင်လည်း ရှိလာနိုင်တာပဲ၊ နောက်ပြီး ဦးဇေရတုမှာ မျှော်လင့်ချက်တွေ ရှိလာပြီဆို၊ အဲဒီမျှော်လင့်ချက်တွေကို ဦးဇေရတု ဘာလို့ လက်လွှတ်ဆုံးရှုံးခံမလဲ"

"ကသစ်ပြောတာ ဟုတ်ပါတယ်။ ကသစ် ပြောသလို ဖြစ်လည်းဖြစ်နိုင်ပါတယ်။ မှန်တာပြောရရင် ကျုပ်ရဲ့နှလုံးသား ကံကြမ္မာကို ကျုပ် ပြန်မယုံရဲတော့ဘူး။ ကသစ်လည်း ဦးစိုးနောင်ဆီက ကျုပ်အကြောင်း သိသင့်သလောက် သိနေပြီးရောပေါ့၊ ကျုပ်ဘဝမှာ ကျုပ်ဇနီးကို ဆုံးရှုံးခဲ့တဲ့ အချိန်ကစပြီး ကျုပ်နှလုံးသားတွေဟာလည်း သေဆုံးခဲ့ရသလိုပါပဲ။ မထင်မှတ်ဘဲဘဝဟာ သိပ်ကို အထီးကျန်ဆန် နာကျင်သွားခဲ့ရတယ်။ အထီးကျန်နာကျင်ကြေကွဲနေရတဲ့ နှလုံးသားနဲ့ပဲ ကျုပ် နှစ်များစွာကို ဖြတ်ကျော်ခဲ့တယ်။ ဒါပေမဲ့ ကျုပ်နှလုံးသားကို ပြန်ပြီးသက်ဝင်လာတဲ့ မိန်းကလေးကို တွေ့တဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ကျုပ်သူ့အကြောင်းတွေကိုပဲ နေ့နေ့ညည တွေးတော စဉ်းစားပြီး သူ့မျက်နှာ သူ့အရိပ်လေးကိုပဲ တွေ့ရမြင်ရဖို့ ကြိုးစားနေမိတယ်။ ဒီမိန်းကလေးရဲ့ မျက်နှာကို မြင်ရတွေ့ရဖို့ ကြိုးစားမိတာ တစ်ခါတစ်ခါ ကျုပ်ကိုယ်ကျုပ် သံသရာဝန်ကြီး ဆိုတဲ့ဂုဏ်ကို မေ့သွားရတဲ့အထိပဲ။ အဟွန်း ဒါပေမဲ့ ကျုပ် အဖြစ်က ကြုံသာကြုံရ မဆုံရတဲ့ ဘဝမျိုးပါ"

"အို... ဘာဖြစ်လို့ မဆုံနိုင်ရမှာလဲ၊ ဦးဇေရတုဘက်က ဆုံနိုင်အောင် ကြိုးစားပေါ့"

"တကယ်လား ကသစ်၊ ကျုပ်ဘက်က ကြိုးစားရင် တကယ်ပဲ ဆုံနိုင်မှာလား"

"အို..."

အလျော့ပေးလွယ်သူရယ်လို့ မချင့်မရဲ စိတ်အတွေးနှင့် ကသစ်သည် ဦးဇေရတုကိုကြည့်ကာ အားမလို အားမရပြော လိုက်မိပြီးမှ ချက်ချင်းပင် မှားသွားပါလားဆိုတာ သိလိုက်ရ ပေမယ့် သူမ စကားပြင်ချိန် မရတော့ပါ။

ဦးဇေရတုသည် ကသစ်နီအား မျှော်လင့်ချက်များစွာ ဖြာနေသော မျက်ဝန်းများနှင့် ကြည့်ကာဆိုလာပေ၊ ကသစ်နီ

သိန်းခင်စာပေ



ရက်စိတ်နှင့် မဖြေတတ်တော့ပါ၊

ရှက်ရှက်နှင့် ခေါင်းလေးငုံ့ကာ နှုတ်ခမ်းကိုသာ ဖိကိုက် ထားလိုက်သည်။

ဦးဇေရတုမှာ ငြိမ်သွားရသည့် ကသစ်နီကို ကြည့်ကာ မချင့်မရဲကြီး ဖြစ်လာရသည်မို့...

"ကျုပ်နဲ့ စကားမပြောချင်တော့ဘူးလား ကသစ်"

"မဟုတ်ပါဘူး"

"ကသစ် ဘာပြောရမှာလဲ"

"ရန်ကုန်ပြန်ရောက်ရင် ကသစ် ကျုပ်ကို သတိရနေ မယ့် အကြောင်းမျိုးကိုပေါ့"

"သတိရနေမှာပါ"

"ဘယ်သူ့ကိုလည်း"

"ဦးဇေရတုကိုပေါ့"

"အဟွန်း... အခုလို ပြောတဲ့အတွက် ကျေးဇူးတင် ပါတယ်။ ဒါပေမဲ့ ကသစ်ရဲ့ စိတ်တွေက ကျုပ်မဟုတ်တဲ့ တခြားတစ်ယောက်ဆီမှာ ရောက်နေခဲ့ရင်တော့ဗျာ"

"ကသစ်ဘဝမှာ သူ မရှိတော့ပါဘူး"

သိန်းခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သေချာလို့လား"

"အသေအချာပါပဲ"

"ကျုပ်ဘဝမှာလည်း အတိတ်ဆိုတာ မရှိတော့ဘူး၊ အနာဂတ်ကိုပဲ မျှော်လင့်နေမိတယ်၊ ကျုပ်ရဲ့ အနာဂတ်က ရှိလာနိုင်ပါဦးမလား ကသစ်"

သူသည် ဒီစကားကို ရိုးရိုးမမေး၊ ကသစ်မျက်နှာလေး အား လက်ဖြာစိုရွှန်းနေရသော အကြည့်တွေနှင့် ကြည့်ကာ မေးလိုက်တော့ ကသစ် ရင်ခုန်သံတွေ ဆူညံသွားရသည်။

"ကသစ်ကို ဒီလိုမကြည့်ပါနဲ့ ဦးဇေရတု" ဟု ကသစ်မှာ ရှက်စိတ်နှင့် တားနေမိသ်၊

"ဖြေလေ ကသစ်"

"မသိဘူး"

"ဘာဖြစ်လို့လဲ"

"မဖြေတတ်လို့"

ဦးဇေရတုမှာ ကသစ်အဖြေကြောင့် ပြုံးသွားရသည်။ ထူးထူးခြားခြား သူ့အပြုံးတွေသည် ဒီနေ့မှ ပို၍ သက်ဝင်နေ သလိုလို။





"အဟွန်း ... ဟွန်း ... ကသစ်ကတော့ ကျုပ်ကို ခက် အောင်လုပ်ပြီ၊ ကျုပ် အဖြေကို ဖြေနိုင်မယ့်သူဆိုလို့ ကသစ် တစ်ယောက်တည်းပဲ ရှိတာ"

"ကသစ်ကို ဦးဇေရတု ဘာလို့ အဲလို မေးရတာလဲ"

"ဟင်"

ကသစ်၏ မထင်မှတ်သည့် အမေးကြောင့် ဦးဇေရတု ရုတ်တရက် မျက်နှာကြီး နီမြန်းသွားရသည်။

ဒါကိုပင် ကသစ်နီသည် သူ့အဖြစ်ကို စိတ်မှာ မသိ ဟန်ပြုနေလိုက်ပြီး ...

"ဖြေလေ ဦးဇေရတု၊ ကသစ်ကို ဘာကြောင့် အဲလို မေးရတာလဲဆိုတာ"

ဦးဇေရတုသည် ကသစ်နီအား စူးစူးကြီး စိုက်ကြည့် လာလေ၏၊

သည်နောက် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်ကာ ...

"ကျုပ်ပြောရင် ကသစ် စိတ်ဆိုးမှာလား"

"ဟင့်အင်း"

"ကသစ်က ကျုပ်ဘဝရဲ့ အနာဂတ်ဖြစ်နေလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အို…"

ကသစ်နီသည် ဦးဇေရတုကို ရှေ့ဆက်မမေးရဲတော့ လောက်အောင် ရင်မှာ ရှက်ရွံ့မှုတွေနှင့် တစ်ကိုယ်လုံး ထူပူသွားကာ ရင်ခုန်သံတွေ တဒိတ်ဒိတ် အခုန်မြန်သွားရသည် မှာ သူမအား ပြုံး၍ စိုက်ကြည့်နေပါသော ဦးဇေရတုကြားသွား မှာကို စိုးရိမ်သွားရသည်။

ခန့်ထည်နဲ့တုန်းကတောင် ဒီလောက် ရင်ခုန်သံတွေ မမြန်ခဲ့သော ကသစ်နီတစ်ယောက်၊ ယခု ဦးဇေရတုနှင့်ကျ ဘာကြောင့် ရင်ခုန်သံတွေ ဒီလောက်မြန်ဆန်နေရသည်ကို လည်း ကသစ် မသိပါလေတော့။

◻



## အခန်း (၉)

တကယ်တမ်း ကသစ်နီ ရန်ကုန်ပြန်မည်ဆိုသောအခါ ရင်ထဲထိခိုက်နာကျင်ရဆုံးသူမှာ ကသစ်နီပင် ဖြစ်နေရလေ သည်။

ကသစ်နီအား ဒီမြေမှ ပြန်ရန်ခက်အောင် တုပ်နှောင် ထားသူက ဦးဇေရတုဆိုသည့် သံယောဇဉ်ကြိုးတစ်ချောင်းပင် ဖြစ်သည်။

သူမအား ချစ်ပါသည်ဟု တိတိကျကျပြောဆိုခြင်း မရှိဘဲ ချည်နှောင်လွန်းသည့် သံယောဇဉ်စကားဖြင့် ကသစ်နီ အား သူ၏ အကြင်နာရပ်ဝန်းက ရုန်းမထွက်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြားယောင်းထားသူလည်း ဖြစ်သည်။

ဒါကို ကသစ်နီ မသိမဟုတ် သိပါသည်။ သိပါလျက်

ရှုန်းရခက်နေရသူကလည်း သူမပင်ဖြစ်သည်။

အကြောင်းမှာ...

သူမသည်လည်း ဦးဇေရတုအပေါ် မမြင်နိုင်သ

သံယောဇဉ်ကြိုးတစ်ချောင်း တွယ်နေရသောကြောင့်ဖြစ်သ

ကသစ်နီ ပြန်မည့်ရက်တွင် ဦးဇေရတု ရောက်

သည်။ သူ့မျက်နှာချောချောကြီးသည်လည်း စိတ်ဝယ်ထိ

ခံစားရမှုတို့ဖြင့် မှုန်မှိုင်းနေရသည်။

အန်ကယ်လေးသည် အလုပ်ကိစ္စ အရေးကြီးသည်

ကာ ဦးဇေရတုကိုပင် ကောင်းကောင်းဧည့်မခံနိုင်တော

အလုပ်ကို ချက်ချင်းသွားရလေ၏။

ကျန်ရစ်သူမှာ ဦးဇေရတုနှင့် ကသစ်တို့ဖြစ်သ

ခွဲရတော့မည်ဟူသော အသိကြောင့်လား မသိပါ။ ဦးဇေ

သည် ကသစ်နီအား တွေတွေကြီး ငေးစိုက်ကြည့်နေပြ

"ရန်ကုန်ရောက်ရင်း ကသစ်ဆီ ကျုပ် လာလည်

ရမလား"





"ဦးဇေရတု တကယ်ပြောတာလား"

"ဘာကိုလဲ ကသစ်"

"ကသစ်ဆီ လာလည်မယ်ဆိုတာ"

"အဟွန်း... ဒါ ညာစရာမှ မဟုတ်ပဲဗျာ"

"ကသစ် မျှော်နေပါ့မယ်"

"ကသစ်ရယ်"

ဦးဇေရတုသည် ကသစ်အား နောက်ထပ်ပြောစရာ

ရှိတော့သလို တိတ်ဆိတ်ငြိမ်သက်သွားလျက် ကသစ်ကိုသာ

ငေးစိုက်ကြည့်နေသည်မို့ ကသစ်သည် သူ့ရှေ့တွင် အနေခက်

သာရသည်။

"ဦးဇေရတု"

"ဗျာ"

"ကသစ်ကို ဘာလို့ ကြည့်နေတာလဲ"

"ကသစ်ပြန်သွားရင် ကျုပ်ကို သတိရနေမှာကို တွေး

နေတာပါ"

"ကသစ်လည်း ဦးဇေရတုကို သတိရနေမှာပါ"

"ရန်ကုန်ရောက်ရင် ကသစ်ကို ကြိုနေမယ့်သူ ရှိ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့နော်”

သူ့စကားက ဘာကို ရည်ရွယ်ပြောမှန်း ကသစ်[illegible]
နားလည်လိုက်သည့်မို့...

“ကသစ် ပြောပြီးပြီလေ၊ သူနဲ့ကသစ်ရဲ့ ဇာတ်လမ်းက[illegible]
ပြီးခဲ့ပါပြီဆိုတာ”

“အဟွန်း... ဒါက ခင်ဗျားဘက်ကိုး၊ ဟိုတစ်ဘက်က[illegible]
ခင်ဗျားပြီးသလို ပြီးဦးမှပေါ့ ဒေါ်ကသစ်ရဲ့”

“ဘာပဲဖြစ်ဖြစ် ကသစ်ကတော့ ခန့်ထည်ကို လုံး[illegible]
ခွင့်မလွှတ်နိုင်ဘူး”

“ခန့်ထည်တဲ့လား”

“ဟုတ်တယ်”

“သူနဲ့ကသစ် ဘယ်လိုတွေ့တာလဲ”

“ခန့်ထည်နဲ့ ကသစ်အကြောင်းက စိတ်ဝင်စား[illegible]
မကောင်းပါဘူး၊ ခြုံချင်းကပ် ယှဉ်သူယှဉ်ချင်း ဘဝက[illegible]
ချစ်သူ ဖြစ်ခဲ့တာ”

“ဒါဆို ယော်ကျွမ်းခွေတွေပေါ့”

“ထိန်းထားသည့်ကြားက ဦးဇေရတုစကားသံထဲတွ[illegible]





သဝန်တိုမှုများ ပါသွားရသည်ကို ဦးဇေရတုမှာ သူ့ကိုယ်သူ
မသိလိုက်ပေမယ့် ကသစ်နီကတော့ဖြင့် သိလိုက်လေသည်။

ထို့ကြောင့် ကသစ်နီသည် ဦးဇေရတု မျက်နှာချော
ချောကြီးကို ကြည့်လိုက်ပြီး...

“ဦးဇေရတု ကသစ်အပေါ် သဝန်တိုနေတာလား”

“အဟွန်း... အဲလို သဝန်တိုခွင့်ရှိရင် သိပ်ကောင်းမှာပဲ
လို့ တွေးနေမိတာ”

“သစ္စာမရှိတဲ့လူ လိမ်ညာတတ်တဲ့လူမျိုးကို ကသစ်
[illegible]မုန်းတယ်၊ ခန့်ထည်ကို ကသစ် ခွင့်မလွှတ်နိုင်တာဟာ
ကသစ်အပေါ် လိမ်ညာလှည့်စားပြီး သစ္စာဖောက်သွားလို့ပဲ”

“ဘာလဲ ခန့်ထည်က တခြားမိန်းကလေးနဲ့ တွဲနေလို့
လား”

“ဟုတ်တယ်၊ ဒါကြောင့် ကသစ် သူ့အပေါ် ခွင့်မလွှတ်
နိုင်တာ”

“အခု ခန့်ထည်က သူ့အမှားတွေကို သူသိပြီး ကသစ်ကို
ကျနပ်အောင် တောင်းပန်မယ်ဆိုရင်တောရာ”

“သူနဲ့ကသစ်ကြားမှာ အက်ကြောင်းရှိပြီးပြီမို့ ဘယ်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆက်ဆက် အကောင်းပကတိ အတိုင်းတော့ ရှိလာမှ
မဟုတ်တော့ပါဘူး"

"အဟွန်း... ဟွန်း... ကျုပ် မထောင်ခဲ့ဘူးသိလား"

"ဘာကိုလဲ ဦးဇေရတု..."

"ကသစ်ကို သိပ်လှတဲ့ ချာတိတ်မတစ်ယောက်
အက်ကြောင်းနဲ့ နှလုံးသားဒဏ်ရာ ရှိနေမယ်ဆိုတာကိုပေါ့

"ဒါ ဘာဆန်းလဲ ဦးဇေရတုရယ်...၊ အချစ်နဲ့ မကင်း
လူတိုင်း အနည်းနဲ့အများတော့ နှလုံးသားမှာ ဒဏ်ရာရှိ
မှာပါပဲ"

"ဒါဖြင့် ကျုပ်နဲ့ ကားပေါ်မှာ ဆုံတုန်းက ကသစ်
နှလုံးသားဒဏ်ရာ ခံစားနေချိန်ပေါ့"

"အသေအချာပါပဲ၊ နှလုံးသားဒဏ်ရာ ခံစားရတာ
ဆိုတာထက် ကသစ်ရင်ထဲမှာ ခန့်ထည်အပေါ် ခွင့်မလွှ
နိုင်တဲ့စိတ်တွေ ရှိနေတယ်ဆိုရင် ပိုမှန်လိမ့်မယ်၊ ခုတော့လ
ကသစ်စိတ်ကို ကသစ် ဖြေသာသွားပါပြီ၊ ဘာလို့လဲဆိုတေ
ကသစ်ဘဝမှာ ခန့်ထည်ဆိုတာ မရှိတော့လောက်အေ
ကသစ်နှလုံးသားတွေက သူ့ကို ဥပေက္ခာပြုလိုက်နိုင်လို့





ကသစ်သည် နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ရင်း
က ထိုစကားများကို ပြတ်သားစွာ ဆိုလိုက်ခြင်းဖြစ်ကြောင်း
ကို စိမ်းလဲ့နေသော သူမ၏ မျဉ်းတောက်တောက်လေးကို
ကြည့်တာနှင့် ဦးဇေရတု သိလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကသစ် ရန်ကုန်ရောက်ရင် ကျုပ်ကို
မမေ့ပါဘူးဆိုတဲ့ ကတိတော့ ပေးရမယ်"

ဆရာဝန်ကြီးဆိုတဲ့ ဂုဏ်ကို မေ့ကာ လူငယ်လေးတစ်
ယောက်လို ကသစ်အား ကတိတွေတောင်းနေသော ဦးဇေရတု
ကို ကြည့်ပြီး ကသစ် ရယ်ချင်စိတ်ကို ထိန်းလို့မရတော့သည်
မို့ နှုတ်ခမ်းလေးစေ့ကာ ရယ်လိုက်ရင်း...

"ဦးဇေရတုက ခုလိုဆိုတော့လည်း ကလေးကျနေ
တာပဲ"

"ဟုတ်လား ကျုပ်ရဲ့ အပြုအမူတွေက ကလေးဆန်သွား
ပြီလား၊ ဒါပေမဲ့ မတတ်နိုင်ဘူးကွာ၊ ကျုပ်က ခင်ဗျားလေးဆီ
က ကတိစကား ကြားချင်နေတဲ့သူပဲ"

"စိတ်ပါ ဦးဇေရတုရယ်၊ ကသစ် ဦးဇေရတုကို မေ့
မသွားပါဘူး၊ မေ့ချင်းမေ့ ဦးဇေရတုကသာ ကသစ်ကို



www.burmeseclassic.com

www.burmeseclassic.com



မေ့သွားမှာပါ"

"ကျုပ်ဟာ လူတစ်ယောက်ကို လွယ်လွယ်နဲ့ မေ့တတ်သူမဟုတ်ပါဘူး၊ အထူးသဖြင့် ကသစ်ကိုပေါ့"

"ဦးဇေရတုရယ်"

သူ့စကားတွေက ကသစ်ရင်ကို ထိရှသွားစေရသည်ကို ဦးဇေရတု သိမည်မဟုတ်ပါ၊

ကသစ်သည် ဦးဇေရတုကို နှုတ်ဆက်ခွဲခွာလာရပေမယ့် သူ့မရင်ထဲမှာတော့ဖြင့် အလာတုန်းကနှင့် မတူတော့သည့် ခံစားမှုတွေနှင့် ဦးဇေရတုအား ရင်မှာ ပြင်းပြင်းထန်ထန် သတိရနေမိတော့သည်။

* * *

"ကသစ် ကိုယ့်ကို ဘာလို့ နှုတ်မဆက်ဘဲ ခရီးထွက်သွားရတာလဲ"

"နှုတ်ဆက်ဖို့ကော လိုသေးလို့လား ခန့်ထည်"

ကသစ်နီ၏ အေးစက်စက်စကားကြောင့် ခန့်ထည်သည် ပျက်သွားရသည့် မျက်နှာကို ပြင်လိုက်ပြီး...

"ကိုယ့်အပေါ် ကသစ် စိတ်ကောက်နေတာလား"





"ဟင့်အင်း..."

"ဒါဖြင့် ဘာဖြစ်နေတာလဲ"

ကသစ်မှာ သူ့အပေါ် အေးစက်စက် ဆက်ဆံနေလေလေ ခန့်ထည်မှာ မနေတတ်အောင် ဖြစ်ရလေနှင့် ကသစ်ရှေ့မှာ ခန့်ထည်သည် သူ့ကိုယ်သူ အပြစ်ရှိသူတစ်ယောက်လို ဖြစ်နေရသည်။

"တောင်ကြီးကို သွားခဲ့တာ ပျော်ရဲ့လား"

"ဒီနေရာကလွဲရင် ကျန်တဲ့နေရာတွေအားလုံး ကသစ်အတွက် ပျော်စရာတွေပါပဲ"

"ကသစ်ကြည့်ရတာ ကိုယ်နဲ့ပတ်သက်ပြီး တစ်ခုခု အထင်လွဲနေပုံရတယ်"

"အထင်လွဲတယ်ဟုတ်လား၊ အဟင်း...ဟင်း... အထင်လွဲစရာ ကသစ်အပေါ် ခန့်ထည်ဘာလုပ်ခဲ့လို့လဲ"

ကသစ်သည် ခန့်ထည်နှင့် မျက်လုံးချင်းဆုံအောင်ကြည့်ပြီး ပြောပေမယ့် ခန့်ထည်ကတော့ ကသစ်နီအကြည့်များကို ရင်ဆိုင်မကြည့်ပါပေ။

အကြည့်များကို လွှဲထားရင်းက...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က သဘောပြောတာပါ၊ ကသစ်ကို ကြည့်ရတာ ဆောင်ကြီးက ပြန်လာပြီးကတည်းက အရင်ကနဲ့ မတူတော့ တာအမှန်ပဲ"

ခန့်ထည်ထင်လို့ပါ။ ကသစ်က အရင်ကလည်း ဒီပုံ ခုလည်း ဒီပုံစံပါပဲ၊ အဲ... ပြောင်းလဲချင်ပြောင်းလဲ"

"ဘာလဲ... ကသစ်က ကိုယ့်ကို ပြောမလို့လား"

ကသစ်မှ ဘာစကားမှ မဆိုရသေး၊ သူ့ကိုယ်သူ မ မလဲ ဝင်ပြောလိုက်သည့် ခန့်ထည်ကြောင့် ကသစ်သ မှုလဲရောင်တောက်နေသည့် သွားလေးများပေါ်အောင် ရ လိုက်လေသည်။

"ဒီလိုဆိုတော့လည်း ခန့်ထည်က ကိုယ့်ကိုယ်ကို သိနေသားပါပဲလား"

"ကသစ် ဘာကိုပြောချင်တာလဲ၊ ကြည်ပြာနဲ့ ကို ကိုလား"

"ကြည်ပြာတဲ့လား"

"ကသစ်..."

"ဒီမှာခန့်ထည်၊ ကသစ် ခန့်ထည်ကို ရှင်းရှင်းပဲ





မယ်၊ ကသစ် လိမ်တာညာတာကို မုန်းသလို အစွာမရှိတဲ့ လူကိုလည်း သိပ်မုန်းတယ်၊ ခန့်ထည် ကသစ်အပေါ် သစ္စာ ဖောက်နေတာ ကသစ် မသိဘူးထင်နေလား"

ကသစ်သည် မျိုသိပ်ထားရသမျှ ဆက်ပြီး ဟန်မဆောင် နိုင်တော့။ သူမရင်ထဲမှာ ခန့်ထည်နှင့်ပတ်သက်ပြီး တအုံနွေးနွေး ခံစားရသမျှတို့ကို ခန့်ထည်အား ပွင့်ပွင့်လင်းလင်း မျက်နှာ ချင်းဆိုင် ဖြေရှင်းချင်သည်မို့ ခန့်ထည်က သူမအခုလိုလက်ခံ တွေ့ဆုံလိုက်ခြင်း ဖြစ်သည်။

ကသစ်နီမှာ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလာပြီဆိုတော့ ခန့်ထည်လည်း မနေသာတော့ပါ။

တကယ်တမ်း အပြစ်ရှိသူသည် သူသာဖြစ်သည်မို့ မျက်နှာပျက်နေရပြီး...

"ကြည်ပြာနဲ့ ကိုယ်ဟာ"

"ဘာလဲ၊ ဘာမှမဆိုင်ပါဘူး၊ ကိုယ်တို့ချင်း ရိုးရိုးမိတ် ဆွေပါလို့ပဲပြောဦးမလို့လား"

ခက်ထန်နေသော ကသစ်မျက်နှာလေးကို ကြည့်ရာ နှင့် သူမ သူ့အပေါ် ဘယ်လောက်ဒေါသတွေ ဖြစ်နေရမှန်း



www.burmeseclassic.com

www.burmeseclassic.com



ခန့်ထည်သည် ယော်ပေါင်းမို့ သိလိုက်သည်။

"ကြည်ပြာနဲ့ ကိုယ့်ကို ကာသစ် အထင်မလွဲပါနဲ့ကွာ

ကိုယ်တို့ချင်းက ခင်ရုံသက်သက်ဆိုတာ ကာသစ် ယုံစမ်းပါ။

ကိုယ်တကယ်ချစ်တာ ,ကာသစ်ကိုပါ"

ယုံစမ်းပါတဲ့၊ ကာသစ်သည် သူ့စကား ဘာကို ယုံ

ယုံရမည်ဆိုတာ သူကိုယ်တိုင်ရော စဉ်းစားမိရဲ့လား မသိပါ

ခန့်ထည်သည် ကာသစ်ကို လျော့တွက်ထားပုံရပါသည်

ဒါကြောင့်သာ သူသည် ဒီစကားကို လွယ်လွယ်နှင့် ပြောရ

ချင်းဖြစ်မည်။

ကာသစ်မှာ သွားများကို စေ့ကြိတ်လိုက်ရင်း...

"ကာသစ် အပွင့်လင်းဆုံးပဲ ပြောတော့မယ် ခန့်ထည်

ခန့်ထည်ဘာသာ ခန့်ထည်ကြည်ပြာနဲ့ ရိုးသားပါတယ်

မရိုးသားပါဘူးပြောပြော ကာသစ် စိတ်မဝင်စားဘူး အဲဒါ

ဘာကြောင့်လဲဆိုတော့ ကာသစ်နှလုံးသားထဲမှာ ခန့်ထည်

ဆိုတာ မရှိတော့လို့ပဲ"

"ကာသစ်"

"သောရိုးပဲခန့်ထည်၊ ကာသစ် ခရီးပန်းထားလို့ နားချင်





နေပြီ၊ ကာသစ်ကို ခွင့်ပြုပါဦး"

ပြောပြီး ကာသစ်သည် ခန့်ထည်ကို လှည့်မကြည့်တော့

ဘဲ ကျောခိုင်းခဲ့လေသည်။

သို့အတွက် ကာသစ်ရင်ထဲ ဂပ်ဖွေးခဲ့ရသမျှ ရှင်းသွား

ရသည်ကတော့ အမှန်ဖြစ်သည်။

ခုမှပင် ကာသစ်ရင်ထဲ ခန့်ထည်ပတ်သက်ခဲ့ရသမျှ

တစ်စုံတစ်ရာ အကျဉ်းအကျပ်ထဲက လွတ်မြောက်သွားရသလို

မျိုး စိတ်ရောလူပါ လွတ်လပ်ပေါ့ပါးသွားရ၏။

လွတ်လပ် ပေါ့ပါးသွားရသောစိတ်နှင့်အတူ ကာသစ်နို

မျက်ဝန်းထဲ မေ့ပျောက်၍ မရသည့် အရိပ်တစ်ခုက ဝင်လာရ

သည်။

ထိုသူမှာ ဦးဇေရတုပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ခန့်ထည်နှင့်သူမ ပြုတ်ပြုတ်သားသား လမ်းခွဲပြီ
ကတည်းက ကာသစ်နီတစ်ယောက် ရင်မှာ ပေါ့ပါးလန်းဆ
လျက် တစ်ခါတစ်ရံ ဦးဇေရတုကို အထူးသတိရမိသည့်အရ
ကလွဲပြီး ကာသစ်နီရင်ထဲ ပို၍ပင် ပျော်ရွှင်နေရသည်။

ကာသစ်နီသည် အလုပ်တစ်ခု ဝင်လုပ်ရန် သူမအတွ
လိုအပ်မည့် သင်တန်းများကိုလည်း တက်နေလေ၏။

ဘာလိုလို့နှင့် ကာသစ်နီ ရန်ကုန်ပြန်ရောက်တာ နှစ်
ကျော် သုံးလနီးပါးရှိနေပေမယ့် သူမအား မမေ့ပါဘူးဆိုသ
ဦးဇေရတုကတော့ ကာသစ်ထံ ဘာအဆက်အသွယ်မှ ပြုလ
ခဲ့ခြင်းမရှိပါ။





ထို့အတွက် ကာသစ်နီရင်ထဲ အခံရခက်ရသည်ကတော့ အမှန်ဖြစ်သည်။

သူပဲ ကာသစ်နီကို ကတိတွေတောင်းကာ မေ့မသွားရန် ပြောခဲ့ပေမယ့် တကယ်တမ်း မေ့သွားသူက ဦးဇေရတုဆိုသည့် သူကိုယ်တိုင်ပင် ဖြစ်နေလေသည်။

ကာသစ်နီမှာ ဦးဇေရတုကို သတိရသောကြောင့် သူ့ထံ သူမကပင် စ၍ ဆက်သွယ် ဖုန်းဆက်လိုက်ရမလား စဉ်းစားလိုက်ပေမယ့် သူမကို မေ့ထားသည့် သူ့ကိုလည်း မကျေနပ်ရသည်မို့ ကာသစ်နီ သူ့ထံ ဖုန်းဆက်ရန် ကြံလိုက်တိုင်း ထိုအတွေးနှင့် ပျက်ခဲ့ရသည့်ကလည်း အကြိမ်ကြိမ်ပင် ဖြစ်သည်။

တကယ်ဆို ဦးဇေရတုသည် သူမ ဖုန်းနံပါတ်ကို မသိလည်း မဟုတ်ပါ။ ဒါနဲ့တောင် သူမအပေါ် နေစိမ့်လွန်းသော ဦးဇေရတုကို စိတ်မှာ နာကြည်းသလို ရှိရသည်မို့ ကာသစ်နီသည် မုန်းမုန်းနှင့် သူ့ကို မေ့ပစ်ရန် ကြိုးစားပေမယ့် မေ့၍မရသောအခါ သူနှင့်ပတ်သက်၍ ရင်ထဲ ဝေဒနာတွေ တိုးရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့်ပင် ကသစ်နီသည် သူ့ကို သတိရသည့်စိ
များကို တခြားအလုပ်တွေနှင့် အစားထိုးကာ မေ့နိုင်အော
ကြိုးစားခဲ့လေသည်။

ကသစ်နီအဖြစ်က လူကြားရင်ဖြင့် ရယ်ချင်စ
ဖြစ်ပါလိမ့်မည်။ ချစ်သူနှင့် လမ်းခွဲထားတာ မကြာသေးပေမ
ကသစ်နီသည် ထိုချစ်သူကို သူမအနေနှင့် လုံးဝ သတိမရ
သူမနှင့် ဘာမှမသက်ဆိုင်သည့် သူမထက် ဂုဏ်ရောအသက်
များစွာကြီးသည့် ဦးဇေရတုကို သတိရနေမိခြင်းကတော
အံ့ဩစရာပင် ဖြစ်သည်။

ကသစ်နီတစ်ယောက် သူမကို ဦးဇေရတု ဆက်သွ
လာလိမ့်မည်ဆိုသော စိတ်အတွေးအထင်နှင့်ပင် အချိန်တွေ
ကုန်မှန်းမသိ ကုန်ဆုံးခဲ့ရသည်။

အခုဆိုလျှင် ကသစ်နီတစ်ယောက် ကုမ္ပဏီတစ်ခုတွ
အလုပ်ဝင်လုပ်နေပြီဖြစ်သည်။

အချိန်တွေ ရက်တွေ ကုန်ဆုံးလာရပေမယ့် ကသစ်
ကတော့ ဦးဇေရတုကို နာကျင်စိတ်နှင့် မေ့၍ မရနိုင်ခဲ့သေးပါ။

သည်လူတစ်ယောက်ကို မေ့လိုက်၊ နာကြည်းလိုက်တော





ည်ဟု စဉ်းစားလိုက်တိုင်းလည်း သူမနှလုံးသားနှုန်က မခံ
ရပ်နိုင်အောင် နာကျင်သွားရမြဲဖြစ်သည်။

ဒီလိုနှင့် မထင်မှတ်သည့် တစ်နေ့မှာတော့ ကသစ်နီထံ
ဇေရတု ဖုန်းဆက်လာလေ၏။

ကသစ်နီသည် ဦးဇေရတုနှင့် ပတ်သက်သမျှ ဆံယော
ကို ဖြတ်ပစ်လိုက်တော့မည်ဟု ဆုံးဖြတ်ထားချိန်မှာမှ
ထံက ဖုန်းဝင်လာသောအခါ ကသစ်နီ ဟန်မဆောင်နိုင်
တော့ပါ။

ထိုအတူ မကျေနပ်စိတ်နှင့် သူ့အပေါ် တင်းထားသည့်
စ်များလည်း အရည်ပျော်သွားရပြီး ဖုန်းကိုကောက်ကိုင်
က်မိသည်။

"ဟဲလို"

ဝမ်းနည်းသောစိတ်ကြောင့် ကသစ်နီသည့် တုန်ခါနေ
ာသူမအသံကို မနည်းသတိထားကာ ပြောလိုက်ရသည်။

"ကသစ်လား"

"ဟုတ်ပါတယ်"

"ကျုပ် ဇေရတုပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မငိုမိအောင် ထိန်း၍ပြောနေရသော ကသစ်နီအသံမှာ တကယ့်ကို တိုးတိုးလေးဖြစ်သည်။

"အသံတစ်မျိုးဖြစ်နေပါလား၊ နေမကောင်းဘူးလား ကသစ်"

"ကောင်းပါတယ် ဦးဇေရတု၊ ကသစ်ဆီ ဘာလို့ ဖုန်းဆက်တာလဲ"

"ဗျာ"

"ဦးဇေရတု ကသစ်ဆီ ဘာလို့ ဖုန်းဆက်တာလဲလို့ မေးနေတာ"

"ကသစ် ကျုပ်ကို သိပ်ပြီး စိတ်ဆိုးနေလား"

"ဒါတော့ ဦးဇေရတု စဉ်းစားကြည့်ပေါ့"

"အဟွန်း... ကျုပ်တောင်းပန်ပါတယ် ကသစ်ရယ် တကယ်တော့ ကျုပ်လည်း ကသစ်ဆီ ဖုန်းဆက်ချင်ပါတယ် ဒါပေမဲ့ ဒီကြားထဲ ကျုပ် နေမကောင်းဖြစ်လိုက်သေးတယ်"

"ဟင်... ဦးဇေရတု နေမကောင်းဖြစ်တယ် ဟုတ်လား"

"ဟုတ်တယ်...၊ ဒါကြောင့် ကျုပ် ကသစ်ဆီ ဖုန်း





မဆက်ဖြစ်တာ၊ ကသစ်ကို ကျုပ် တစ်နေ့မှ မမေ့ပါဘူး"

"ဦးဇေရတုအပေါ် စိတ်ဆိုးခဲ့သမျှ သူ့စကားကြားသည်နှင့် ကသစ်နီ ချက်ချင်းပင် စိတ်ဆိုးပြေသွားခဲ့ရုံမက နေမကောင်းဖြစ်ပါသည်ဆိုသော ဦးဇေရတုအတွက်ပင် သူမ စိတ်ပူသွားရသည်မို့

"ခုရော ဦးဇေရတု နေကောင်းသွားပြီလားဟင်"

"အင်း... ခုတော့ ကောင်းသွားပြီပဲ ဆိုပါတော့"

"ဘာဖြစ်တာလဲဟင် ဦးဇေရတု"

"အဟွန်း ကလေးလို ပြောရရင်တော့ ကျုပ်လည်း လွမ်းဖျား ဖျားတယ်လို့ ပြောရမှာပေါ့"

"ရှင်"

"ကသစ် ပြန်သွားပြီးကတည်းက ကျုပ် ကသစ်ကို တစ်ရက်မှ မမေ့လို့မရခဲ့ဘူးလေ"

"အို"

"ကျုပ် တကယ်ပြောတာ၊ ကသစ်ကို ကျုပ် သိပ်လွမ်းနေတယ်"

"ဦးဇေရတုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇေရတုသည် သူမနှလုံးသားကို စကားလုံးတွေနှင့် တစ်စချင်းဖွဲ့ခြွေနေလေ၏။

"ဦးဇေရတု ရန်ကုန်မလာတော့ဘူးလား"

"ကျုပ် လာခဲ့ရမလား"

"ဦးဇေရတု ဒီလူကြီး တော်တော်လည်း ခက်သည့်လူပါ လား။

သူ့ကို ကသစ်က လာခဲ့ပါလို့ ပြောရမည်တဲ့လား သို့သော် သူမ မပြောဘဲနဲ့လည်း သူ သိမှာမဟုတ်သည် ကသစ်နီသည်ရှက်သည့်စိတ်လေးကို ရင်မှာဖုက်ရင်း

"လာခဲ့ပေါ့"ဟုဆိုကာ ဖုန်းလေးကို ရှက်ရှက်နှ ချလိုက်မိတော့သည်။

* * *

ပြောသည့်အတိုင်းပင် ဦးဇေရတုတစ်ယောက် ကသစ် ထံ မထင်မှတ်သောတစ်နေ့တွင် ဘုကယ်ပင် ရောက်ရှိလ ခဲ့သည်။

အဲ့ဒေါင်ယ်အသည် ကသစ်ကို တောင်ကြီးက ညှိ့သူ





ရောက်နေသည်ဟု ပြောခဲ့စဉ်က ကသစ်နီသည် ဦးဇေရတု ဖြစ်လိမ့်မည်ဟု မထင်ခဲ့ပါ။

အန်ကယ်လေး လူကြုံလွှတ်လိုက်သည့် ညှိသည်ဟုပ် ထင်ထားခဲ့လေသည်။

အပေါ်ထပ်မှ ဆင်းလာသော ကသစ်နီ၏အကြည့်များ က အောက်ထပ် ဧည့်ခန်းတွင် သူမအား ကျောပေးထိုင်နေ သောလူကို မြင်ရသောအခါ ရင်မှာ ဖျတ်ခနဲလူးသွားရကာ ထိုလူ ဘယ်သူဆိုတာကိုလည်း ကသစ်နီ နှလုံးသားက သူ့အလိုလို ချက်ချင်းပင် မှတ်မိသွားရသည်။

"ဦးဇေရတု"

ခပ်တိုးတိုးထွက်လာသည့် ကသစ်နီထံမှ ခေါ်သံကြောင့် ဦးဇေရတု အကြည့်များက သူမထံ ရောက်ရှိလာရသည်၊

"ကသစ် ကသစ်ရယ်"

"ဦးဇေရတုရယ်"

ဦးဇေရတုအား သူမ နှုတ်ဆက်ခွဲခွာလာရစဉ်ကနှင့် တခြားစီ လူကအနည်းငယ် ပိန်သွားကာ နေမကောင်းထားနှ ထင်၊ ခရီးပန်းတာနှင့် ပေါင်းကာ မျက်နှာမှာ နွမ်းနယ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



သူမ တောင်ကြီးမှာ တွေ့ခဲ့စဉ်ကထက် ဦးဇေရတုသ
ပို၍ ရင့်ရော်နေရသည်။

"ဦးဇေရတု နေမကောင်းသေးဘူးလားဟင်"

"ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့ အဖျားနည်း
နည်း ကျန်ချင်သေးတယ်"

"ဒီလောက်ကြီး ဘယ်လိုဖြစ်ရတာလဲ"

"ကာသစ်ကို ကျုပ် ပြောပြီးပြီလေ"

"မနောက်ပါနဲ့၊ ကာသစ် တကယ်မေးနေတာ"

"ကာသစ်ကို သတိရလို့ အိပ်မပျော်တိုင်း ကျုပ် ခြ
ဆင်းဆင်းပြီး ထိုင်မိတာကစဖြစ်တာ၊ အဆုတ်အအေးမိ
တယ် ဆိုပါတော့"

"ဘာဖြစ်လို့ ကာသစ်ကို မပြောရတာလဲ"

"ကာသစ် စိတ်မပူစေချင်လို့ပါ"

"ရှင်ဖျားတယ်ဆိုတော့ ကာသစ် ရှင့်အတွက် ဘ
လောက် စိုးရိမ်သွားလဲဆိုတာ ရှင်သိရဲ့လား ဦးဇေရ

"ကာသစ် ကျုပ်အတွက် ဘာကြောင့် စိုးရိမ်ရတာ

ဦးဇေရတုစကားကြောင့် ကာသစ်သည် သူမအ





များကို ဦးဇေရတုနှင့် ဆုံအောင်ကြည့်လိုက်ပြီး...

"ရှင် တကယ်ပဲ မသိဘူးလား ဦးဇေရတု"

ကာသစ်အသံမှာ စိတ်လှုပ်ရှားရက်ရှိမှုတို့ကြောင့် လှိုက်
ဖြာနေရသည်။

ဦးဇေရတုသည် သူမထံမှ အကြည့်နှင့်စကားများကို
မသိဟန်ပြုလိုက်ပြီး...

"အခု ကာသစ် အလုပ်လုပ်နေတယ်ဆို"

"ဦးဇေရတု ဒေါ်ဒေါ်ငယ်ဆီက သိပြီးပြီနဲ့ တူတယ်"

"အဟွန်း...ဆိုပါတော့၊ ဒါနဲ့ နေပါဦး၊ ကာသစ်ကရော
ကျုပ်ဆီ ဘာလို့ဖုန်းမဆက်ရတာလဲ ဘာလဲ၊ သူစိမ်းယောကျ်ား
တစ်ယောက်ဆီ ဖုန်းဆက်ဖို့ ကာသစ်လူက ခွင့်မပြုဘူးတဲ့လား"

ဦးဇေရတု စကားက ခန့်ထည်ကို ရည်ရွယ်ပြောမှန်း
ကာသစ်နီ သိလိုက်သည်မို့...

"ခန့်ထည် လက်ထပ်သွားပြီ ဦးဇေရတု"

"ဘယ်လို ခန့်ထည်က လက်ထပ်သွားပြီဟုတ်လား"

"ဟုတ်တယ်၊ ကြည်ပြာနဲ့လေ"

"ကာသစ် သိပ်ခံစားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ကာသစ်စိတ်မှာ လွတ်လပ်သွားတာ
အကျဉ်းအကျပ် တစ်ခုထည်းက လွတ်မြောက်သွားသလိုမျိုး
ပျော်ရွှင်သွားတာ"

"ဒါဟာ အမှန်ဆိုရင်တော့ ကာသစ်အတွက် ကျ
ဝမ်းသာရ ကပေါ့"

"အသေအချာ အမှန်ကန်ဆုံးပါပဲ၊ ခု ဦးဇေရတ့ ဒီ
လာတာ အလုပ်ကိစ္စနဲ့လား၊ အလည်သက်သက်ပဲလား"

"အင်း... ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရ
ဆိုပါတော့"

"ဘာလဲ လိပ်ဥတူးရမယ့်သူ တွေ့နေပြီလား"

"တွေ့တာက ခုမှမဟုတ်ဘူး၊ လွန်ခဲ့တဲ့ သုံးလေး
လောက်က ဆောင်းမနက်ခင်းမှာ ကားအတူစီးရင်းတွေ့ခဲ့တာ

"အဲဒီမိန်းကလေးကရော ဦးဇေရတ့ စိတ်ဝင်စားနေတ
ကို သိနေပြီလား"

"ကျုပ်တို့ မျက်လုံးချင်းတော့ စကားပြောပြီးပါပြ
"ဦးဇေရတ့ဘက်က ချစ်တယ်လို့ရော ပြောပြီးပြီလာ
"အင်း... ခုတော့ ဖွင့်ပြောတော့မယ်လို့ ဆုံးဖြတ်လို





ပြီ"

"ဩော်..."

"ဒါနဲ့ ကာသစ် အလုပ်သွားမှာ မဟုတ်လား"

"သွားမယ် ဘာဖြစ်လို့လဲ"

"အဟွန်း... ကာသစ် အလုပ်သွားမယ်ဆို ကျုပ်က
ကာသစ်ရဲ့ ဒရိုင်ဘာ လုပ်ပါရစေလို့ ပြောချင်လို့ပါ"

"ဒရိုင်ဘာလုပ်ချင်ရင်တော့ ရပါတယ်၊ ဒါပေမဲ့ လခ
တော့ ရမှာမဟုတ်ဘူးနော်"

"ကိစ္စမရှိပါဘူး၊ ကာသစ်မျက်နှာကို မြင်ရရင် ကျုပ်
အတွက် ဘာမှမလိုဘူး"

"ဒါဆိုရင်တော့ ဖြစ်ပါတယ်"

ကာသစ်နှင့် ဦးဇေရတ့မှာ တိုက်ပေါ်ကိုအောက်တွင်
ရပ်ထားသည့် ကားရှိရာကို လာခဲ့သည်၊

"လာ ကာသစ်"

နက်ပြာရောင်လက်လက် တောက်နေသည့် နောက်ဆုံး
ပေါ် အကျွာရာနံပါတ်နှင့် ကားတံခါးကို ဖွင့်ပေးရင်း ဦးဇေရတ့
ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲရောင် ရောက်နေသော အဖြူခံပေါ်တွင် အနက်စင်
လေးများပါသော ရှပ်လက်ရှည်ကို ဘောင်းဘီအနက်နှ
တွဲဝတ်ထားသည့် ဦးဇေတုပုံစံက မသိပါက သူ့ကို ဆရာဝ
ကြီးတစ်ယောက်ဟု ဘယ်သူမှ မထင်ရအောင် သူ့ဂုဏ်ထ
သူ့ရုပ်ရည်က နုပျိုနေရသည်။

"ကသစ် ကျုပ်ကို ဘာကြည့်နေတာလဲ"

ကသစ်မှာ သူမအကြည့် သူခိုးလေး လူမိသွားရသည
မို့ မျက်နှာတစ်ခုလုံး နီရဲဒေါင်းခတ်သွားကာ...

"ဟင့်အင်း ဘာမှ မဟုတ်ပါဘူး" ဆိုလျက် ကားထဲ
ထိုင်လိုက်လေသည်။

လေအလျှင်နှုန်းနှယ် တရိပ်ရိပ်ပြေးနေသော ကားလေ
ထက်ဝယ် ဦးဇေရတုနှင့် ကသစ်နီတို့ နှစ်ဦးမှာ တစ်ယော
နှင့်တစ်ယောက် စကားမဆိုမိပါ။

ရင်ထဲတွင် စကားပြောခြင်းထက် ပို၍ ထိရောက်
သည့် အတွေးများဖြင့်ရှိနေကာ နှစ်ဦးလုံး ငြိမ်သက်နေသည

အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေရာမှ ပထမဦးဆ
စကားစလာသူက ဦးဇေရတုပင် ဖြစ်သည်။

သိန်းမင်းစာပေ



"ကသစ် တိတ်လှချည်လား"

"ဦးဇေရတုကော"

"အဟွန်း ကျုပ် အခု စကားပြောပြီလေ၊ ကသစ်လည်း
ပြောပါဦး..."

"ဘာပြောရမှာလဲ"

"ဘာမှ မပြောချင်ဘူးလား"

"ပြောချင်တယ်၊ ဒါပေမဲ့ ဘယ်က စပြောရမှန်း
မသိဘူး"

"ဒါဆို စဉ်းစားရင်း ကျုပ်ပြောတာ နားထောင်ပေါ့၊
ကသစ်လည်း ပန်းသွားတယ်၊ တောင်ကြီးမှာတွေ့တုန်းကလို
ကသစ် မဝတော့ဘူးနော်"

"ဟုတ်တယ်၊ ဦးဇေရတုလို ကသစ် မဖျားပေမယ့်
တစ်ယောက်သောသူကို သတိရနေမိတာတော့ အမှန်ပဲ"

"ဘယ်သူလဲဆိုတာ ကျုပ် သိခွင့် မရှိဘူးလား"

"ဟင့်အင်း... ကသစ် ဘယ်သူ့ကိုမှ မပြောပြဘူးလို့
စိတ်ကူးထားတယ်"

"ဘာလို့လဲ"

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး"

"ကသစ်တောင် ညာတတ်နေပြီနော်"

"မညာရဘူးလား၊ ဦးဇေရတုပဲ ကသစ်ကို တစ်ခါက ပြောခဲ့တယ်လေ၊ တစ်ခါတလေ ကိုယ့်စိတ်မှာ မပါပေမယ့် မဖြစ်မနေ သူများအကျိုးလည်း ယုတ်မသွားစေတဲ့ လိမ်ညာ မျိုးနဲ့ ညာလိုက်ရတာမျိုးလည်း ရှိတယ်ဆိုတာ"

"ကျုပ်နဲ့မတွေ့တဲ့အချိန်တွင်းမှာ ကသစ်တောင် စကား ဖွေ သိပ်တတ်လာပြီပဲ"

"စကားဖွေ တတ်လာတာမဟုတ်ဘူး၊ ဘဝနဲ့ယှဉ်ပြီ အသိက သင်ပေးလာတဲ့ ပညာတွေကို ပိုသိလာတာ၊ တစ်ခါ တလေတော့လည်း ကသစ်ချစ်တဲ့သူရော မုန်းတဲ့သူပါ မေ့ပစ် လိုက်ချင်တယ်"

"အမုန်း မုန်းတဲ့လူကို မေ့ပစ်လို့ရပေမယ့် ချစ်တဲ့ လူကိုတော့ မေ့ပစ်လို့ လွယ်ပါ့မလား၊"

"မလွယ်ပေမယ့် ရအောင်တော့ မေ့ပစ်ရမှာပဲ၊ နက်ရှိုင်း လေးနက်လွန်းတဲ့ နှလုံးသားခံစားမှုကို ကသစ် မခံစားနိုင်တော့ ဘူး၊ ကသစ် ကိုယ့်ကိုယ်ကိုယ် တစ်ခါတစ်ခါ ပြန်သနား





မိတယ်၊ ငါ ဘာဖြစ်လို့ လူတစ်ယောက်ကို ဒီလောက်ထိ ချစ်မိသွားတာပါလိမ့်လို့ပေါ့"

"ကသစ်"

"ကသစ်ရယ်"

"အို"

ကားကို မောင်းနေရင်းမှ ရုတ်ခြည်းလမ်းဘေးတစ်နေ ရာသို့ အရှိန်နှင့် ထိုးရပ်ပစ်ကာ ဘာမပြော ညာမပြောနှင့် ကသစ်ကိုယ်လေးကို သူ့ရင်ထဲ သိမ်းကျုံးဆွဲပွေ့ဖက်လိုက် သော ဦးဇေရတုကြောင့် ကသစ် မျက်လုံးပြူးလေးနှင့် ရင်ခုန်ရှက်ရွံ့ ထိတ်လန့်သွားရသည်။

ထို့နောက် ကသစ်သည် ဦးဇေရတု ရင်ခွင်ထဲမှ ရုန်း ထွက်လိုက်ပြီး

"ဦးဇေရတု ကသစ်ကို လွှတ်ပါ"

"ကျုပ် ကသစ်ကို ချစ်တယ်"

"ကသစ် သိတယ်"

"ဟင်"

"ကျုပ် ချစ်နေတာကို ကသစ် တကယ်သိနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဘယ်တုန်းကလည်း ကသစ်"

"ဦးဇေရတု ကသစ်ရှိရာကို ပထမဦးဆုံး ရောက်လာတဲ့ အချိန်ကတည်းကပေါ့"

"ကသစ်ရယ်"

သူချစ်နေတာတွေကို သိပါသည် ပြောပြန်တော့လည်း ကသစ်မှာ မသက်သာလှပါ။

အချစ်ဦးဖြစ်သည့် ခန့်ထည်နှင့်တောင် မနမ်းရှိုက်ဖူးသည့် သူမပါးပြင်ကို ဦးဇေရတု အချစ်လှုဆိုးကြီးကတော့ဖြင့် အကြိမ်ကြိမ်နမ်းရှိုက်နေလေတော့သည်။

"ကသစ် အသက်ရှူကြပ်တယ်"

"ဆောရီး ကသစ်ရယ်၊ ကျုပ်လေ ကျုပ် ကသစ်ကို လက်လွတ်ဆုံးရှုံးလိုက်ရမှာကို ကြောက်တယ်"

"ဘာကြောင့်လဲ ဦးဇေရတု"

"ကသစ်နဲ့ ကျုပ်ဘဝက"

"တော်ပါတော့ရှင်"

သူ့စကား ရှေ့မဆက်လာနိုင်အောင် ကသစ်သည်





ဦးဇေရတု ပါးစပ်ကို သူမပါးပြင်လေးနှင့် ဖိကပ်ထားလိုက်ပြီး

"မဖြစ်နိုင်ဘူးဆိုတဲ့ စကားကို ကသစ်မကြားချင်ဘူး၊ ကသစ်ကို ဦးဇေရတု တကယ်ချစ်ရင် အဆုံးရှုံးမခံနဲ့ပေါ့"

"ချစ်တယ် သိပ်ချစ်တယ်၊ ဖြစ်နိုင် ကျုပ်ချစ်တာတွေကို ကသစ်သိအောင် ရင်ခွဲပြလိုက်ချင်တယ်ဆိုတာ ကသစ်ယုံပါ"

"ယုံပါတယ် ဦးဇေရတုရယ်၊ ကသစ် ယုံပါတယ်ရှင်"

ပြောပြီး ကသစ်သည် ဦးဇေရတု ရင်ခွင်ကျယ်ကြီးထဲ သူမကိုယ်လေးကို တိုးဝင်လိုက်သည်။

"ကသစ်"

"ရှင်"

"ကသစ် ကျုပ်ကို ချစ်ရဲ့လား"

"လူတစ်ယောက်လုံး ဦးဇေရတုရင်ခွင်ထဲ ရောက်နေပြီပဲ၊ ကသစ်ချစ်တာကို မေးဖို့ လိုသေးလို့လား"

"အမှန်း... မေးဖို့မလိုပေမယ့် ကသစ်ဆီက ချစ်တယ်ဆိုတဲ့ စကားကိုတော့ ကျုပ်ရင်ခုန်စွာနဲ့ ကြားချင်သေး



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ ကဲ… ဖြေပါဦး၊ ကျုပ်ကို ကသစ်ချစ်လားဆိုတာ”

“ချစ်တယ် ဦးဇေရတု ယုံချင်မှယုံ၊ ခနဲ့ထည်နဲ့တုန်းက ေတာင် အခုလို ဦးဇေရတု ချစ်မိသလိုမျိုး မချစ်ခဲ့ဖူးဘူး။ ခုမှ ဦးဇေရတုနဲ့ကျမှ ကသစ်ရင်ထဲ ဒိန်းစားမှုနဲ့ ချစ်ခြင်းတွေ ဖြစ်ပေါ်လာတာ၊ ဦးဇေရတုက ကသစ်အတွက် အချစ်ဦး မဟုတ်ပေမယ့် ကသစ်ဘဝရဲ့ အချစ်ဆုံးလူတစ်ယောက်ပါပဲ”

“ဟား… ကသစ် ကသစ်ရယ်ဗျာ”

ကသစ်ထံမှ ချစ်အဖြေစကားတို့သည် ဦးဇေရတုနှလုံး သားကို ဘယ်လောက်ထိ ဘဝင်ခိုက်သွားရသည် မသိပါ။

သူ့ရင်ခွင်ထဲမှ ကသစ်နီကိုယ်လုံးလေးကို လုံးဝ ထွက်ခွင့် မပြုတော့ဘဲ သူမကိုယ်လေးကိုသာ တင်းတင်းကျပ် ကျပ် သူ့ရင်ခွင်ထဲ ထွေးပွေ့ထားလိုက်သည်။

“ချစ်တယ်ကသစ်ရယ်”

“ကသစ်လည်း ချစ်ပါတယ်”

“ဘယ်သူ့ကို ချစ်တာပဲ”

“ဟောဒီက ကျုပ်ကြီးကို”

“အဟွန်း… ဟွန်း”





“ချစ်ရယ်”

ချစ်သူရည်းစား ထားခဲ့သည်ဆိုပေမယ့် ခနဲ့ထည်နဲ့ လည်းချစ်သူသဘာဝ ရင်ရင်းနှီးနှီး မနေခဲ့သည်မို့ ယခုလို ဦးဇေရတု၏ အထွေးအပွေ့ အယုအယများကြားတွင် ကသစ် မှာ တစ်ကိုယ်လုံး အေးစက်တုန်ယင်နေရသည်။

ထို့အတူ…

ဦးဇေရတုအား ချစ်ပေမယ့်လည်း ရုက်စိတ်တို့ကြောင့် ရင်ခုန်သံတွေသည် မူမမှန်နိုင်ဘဲ ကသောင်းကနင်းကြီးဖြစ် နေရသည်။

“ကသစ်”

“ဟင်”

“ကျုပ်တို့နှစ်ယောက် ဘယ်တော့မှ မခွဲကြစို့နော်”

“ဟုတ်ကဲ့ပါ”

“တစ်သက်လုံးနော်”

“တစ်သက်လုံးပါ”

“ကသစ်ရယ်”

အတန်ကြာမှ စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်နေရသေ



www.burmeseclassic.com

www.burmeseclassic.com



အသံဖြင့် ဦးဇေရတုသည် တိုးရှိုက်စွာပြောရင်းမှ ကသစ်ကိုယ်လေးကို အသာအယားလွှတ်ပေးကာ ကားမောင်းထွက်လာခဲ့သည်။

မချော်လင့်ပဲ ပွင့်လင်းသည့် ချစ်သူဘဝကို ရောက်ရှိသွားခဲ့သည့် ဦးဇေရတုနှင့် ကသစ်တို့နှစ်ဦးမှာ တစ်ယောက်မျက်နှာကိုလည်းတစ်ယောက် ရဲရဲမကြည့်ရဲတော့ဘဲ ရင်ခုန်သံတွေသာ နှစ်ဦးလုံး မြန်နေရတော့သည်။



## အခန်း (၁၁)

ကသစ်နီတစ်ယောက် လူက အိပ်ရာထဲတွင် ရှိနေရပေမယ့် အိပ်၍ကား မပျော်ပါပေ။

သူမအတွေးထဲတွင် ဦးဇေရတုကသာ စိုးမိုးနေရာယူနေရသည်။

ကသစ်နီသည် ဦးဇေရတုနှင့် မမျှော်လင့်ဘဲ ပွင့်လင်းစွာ ချစ်သူဘဝ ရောက်ခဲ့သည့်အဖြစ်ကို တွေးမိတိုင်းလည်း သူမကိုယ်သူမ မယုံနိုင်အောင် ဖြစ်ရပါသည်။

ဦးဇေရတုလို လူတစ်ယောက်ကို ကသစ်နီ နှင့်သည်းစွာချစ်မိသွားလိမ့်မည်လို့ မထင်ခဲ့ပါ။

ခန့်ထည်ကို သူမချစ်ခဲ့စဉ်တုန်းကတော့ ခန့်ထည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သမျှ သူမ ဘာတစ်ခုကိုမှ စေးလေးနက်န
မစဉ်းစားခဲ့သလောက် ယခု ဦးဇေရတုကို ချစ်ရသည့်အ
မှာတော့ လေးနက်ခြင်း၊ နက်ရှိုင်းခြင်း၊ ချစ်ခြင်းများစွာ
ပါဝင်နေရသည်။

ငယ်သူငယ်ချင်းအာဝမှနေ ချစ်သူဘဝကို ရောက်ခဲ့
မယ့် ကသစ်နီသည် ခန့်ထည်ကို တကယ်ချစ်ခဲ့သလာ
မချစ်ခဲ့သလားဆိုတာလည်း သူမ သေချာစွာ မသိခဲ့။

သေချာသည်ကတော့ ကသစ်နီသည် ချစ်ခြင်း
အဓိပ္ပာယ်ကို သေချာစွာ နားမလည်ခဲ့ခြင်းပင် ဖြစ်သည်

ယခု နားလည်တတ်သည့် အချိန်မှာတော့ ကသ
သည့် ဦးဇေရတုအပေါ် ချစ်ခြင်းနှင့် ခန့်ထည်အား ချစ်ခဲ့ခြ
တို့ကို ခွဲခြားနားလည် သိခဲ့ရပြီဖြစ်၏။

ခန့်ထည်ကို ချစ်ခဲ့ခြင်းက သူ့အပေါ် သူငယ်ချင်းတ
ယောက်၏ ရှိရင်းစွဲ သံယောဇဉ်ဖြင့် ခန့်ထည်အချစ်
လွယ်ကူစွာ လက်ခံခဲ့ခြင်းသာဖြစ်သည်။

ဦးဇေရတုကို ချစ်ရသည့် သူမအချစ်မှာတော့ ကသ
သည် ဦးဇေရတုအပေါ် အားကိုးတွယ်တာ ယုံကြည်လေးန





မှုတွေနှင့် နှလုံးသားမှာ နက်ရှိုင်းစွာ ချစ်ခဲ့မိခြင်းဖြစ်သည်။

ကသစ်နီသည် ဦးဇေရတုကို ရင်မှာ တစ်ခါမှ မဖြစ်
ပေါ်ခဲ့ဖူးသည့် အချစ်ဖြင့် သိပ်ချစ်မိရသလို ဦးဇေရတုသည်
လည်း သူမကို သိပ်ချစ်မှန်း ကသစ်နီသိပါ၏။

သို့၍လည်း ကသစ်နီရင်မှာ ဦးဇေရတု၏ ချစ်ခြင်းများ
အတွက် ကြည်နူးရလေသည်။

ဦးဇေရတုကို ကသစ်နီသည် ဒီလောက်ချစ်တတ်လိမ့်
မည်မှန်း မထင်ခဲ့ပါ။

လူကြီးဆန်သော အပြုအမူတွေနှင့် ချစ်စကားလှလှ
လေးတွေကို ဆိုတတ်သော ဦးဇေရတုသည် ကသစ်နီနှလုံး
သားတွင် ရှုံးနစ်စွာ စိုက်ဝင်ခဲ့ရပြီဖြစ်သည်။

"ဦးဇေရတုရယ်"

ကသစ်နီသည် သူမကိုယ်လေးကို ဘယ်ညာလွန့်လူးရင်း
က ချစ်သူ ကိုလူချော ဦးဇေရတု၏နာမည်ကိုသာ ခပ်တိုးတိုး
ညည်းခေါ်မိလိုက်သည်။

သည့်နောက် မျက်ဝန်းလေးအစုံကို မှိတ်လိုက်သည်
ဆိုည အိပ်မက်ထဲမှာတော့ ဦးဇေရတုသည် ကသစ်နီအား



www.burmeseclassic.com

www.burmeseclassic.com



ချစ်စကားတွေဆိုလျက် ကြင်နာယုယမှု ချစ်အနမ်းတွေကို
ရင်ခုန်စွာ ပေးနေမိတော့သည်။

* * *

ချစ်အဖြေပေးပြီးကတည်းက ဦးဇေရတုသည် ကသစ်
ရှိရာသို့ ပေါ်မလာပါတော့။

တစ်ရက် နှစ်ရက် ဒီနေ့ပါနဲ့ဆို သုံးရက်မြောက်
ဖြစ်သည်။

ကသစ်နီရှိရာသို့ လူလည်းမလာ၊ ဖုန်းလည်းမဆက်
ဦးဇေရတု သူမအနားမှ ပျောက်ချင်းမလှ ပျောက်နေသောအ
ကသစ်နီတစ်ယောက် မနေတတ်အောင် ဖြစ်ရပါတော့သည်

ဦးဇေရတု သူ သူမရှိရာသို့ ဘာကြောင့်မလာရတ
ပါလိမ့်၊ လူမလာနိုင်သည်ထား၊ ကသစ်ဆီသို့ သူ အနည်းဆုံး
ဖုန်းတော့ဆက်ဖို့ ကောင်းပါသည်။

ယခုတော့ ဦးဇေရတုလုပ်နေပုံက ကသစ်ဆီက ချစ်
အဖြေကိုယူပြီး ကသစ်ကို ဥပေက္ခာပြုသွားသည့်အဖြစ်။

ကသစ်နီ နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့က
သွားများကို စေ့ကြိတ်ပစ်လိုက်သည်။





တစ်ဆက်တည်း လုပ်ရက်လိုက်တာ ဦးဇေရတုရယ်ဆို
သည့် စကားကိုလည်း စိတ်မှာ ပေါက်ကွဲစွာ ပြောနေမိတော့
သည်။

ချစ်ရတာက တစ်ရက်၊ လွမ်းရတာက တစ်ရာဆိုသလို
ဦးဇေရတုနှင့် တစ်ရက်လေးသာချစ်ခဲ့ပြီး သူမကို နောက်ပြန်
လှည့်မကြည့် ထားသွားခဲ့သည်ကတော့ ဦးဇေရတုရက်စက်
လွန်းပါသည်။

ထိုရက်အတွင်းမှာ ကသစ်နီသည်လည်း ငိုရလွန်း
သဖြင့် မျက်ရည်များပင် မရှိသလောက်ဖြစ်သည်။

ဦးဇေရတု ဘာကြောင့် သူမဆီ မလာရသည်လဲ။ သူ
တောင်ကြီးကို ရုတ်တရက် ပြန်သွားရ၍လားဆိုသည့်အတွေး
နှင့် ကသစ်ရင်မှာ နာကျင်သွားရပြန်သည်။

ဘယ်လိုအကြောင်းကိစ္စနဲ့ပဲ တောင်ကြီးကို ပြန်သွားပါ
စေဦးတော့ အနည်းဆုံး သူမကိုတော့ ဦးဇေရတု နှုတ်ဆက်
သွားသင့်ပါသည်။

ယခုတော့ သူ့ အပြုအမူတွေက သူမအပေါ် စိမ်းစိမ်း
ကားကားနှင့် သွေးအေးစွာ ရက်စက်လွန်းသည့်အပြင်။



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာနာကျင်ရသော အတွေးစိတ်နှင့် ကာသစ်နီသည် ဦးဇေရတုကို သတိရတာမ်းတနေဆဲမှာပင် သူမ မျှော်လင့်နေသော ဦးဇေရတုက ကာသစ်နီရှေ့ ပေါ်လာရပြန်၏။

သည်တစ်ခါ သူ့ကိုမြင်ရခြင်းသည် ယခင်ကထက် သူ့အသွင်က ပို၍ ညှိုးနွမ်းကာ လူကလည်း သိသိသာသာ ပိန်သွားရပြန်သည်။

"ကျုပ် ထပ်ဖျားလိုက်သေးတယ်။ ဒါကြောင့် ကာသစ်နီဆီ မရောက်ဖြစ်တာ"

ဟုတ်ပါလိမ့်မည်။

ဦးဇေရတုမှံ့စ လူမမာတစ်ယောက်၏ဟန်၊ ကောင်းကောင်း ကျန်းမာသေးသည့်ပုံ မဟုတ်။

ကာသစ်နီသည် ဦးဇေရတုနှင့် ဆုံရတိုင်း အပြစ်မဆိုရက်နိုင်အောင် ရှိရပြန်၏။

ဦးဇေရတုသည် ကောင်းကောင်းမကျန်းမာသေးသည့်ကြား ကာသစ်နီကို သူ့အိမ် လိုက်စေချင်ပုံ ရလေသည်။

လိုက်လည်း လိုက်စေချင်ပါသည်။

"လိုက်မယ် မဟုတ်လား ကာသစ်"





"ဘယ်ကိုလဲ"

"ကျုပ်အိမ်ကိုလေ၊ ခု ကျုပ်က ကောင်းကောင်းနေကောင်းသေးတာ မဟုတ်ဘူး"

ကာသစ်နီသည် ခဏချက်တွေဝေ သွားရသည်။

"ဘာလဲ မလိုက်ချင်ဘူးလား"

"မလိုက်ချင်လို့ မဟုတ်ပါဘူး၊ ဦးဇေရတု နေမကောင်းခုနီး ကာသစ်လိုက်ရင် အနှောင့်အယှက်ဖြစ်မလားလို့ပါ"

"အနှောင့်အယှက် မဖြစ်တဲ့အပြင် ကာသစ်က ကျုပ်အတွက် အားဖြစ်စေရတယ်ဆိုရင်ရော"

သည်စကားနှင့်ပင် ကာသစ်နီသည် ဦးဇေရတုအိမ်ကို ပါလာခဲ့ရသည်။

ဦးဇေရတုသည် လူနှင့်မလိုက်အောင် ကားမောင်းကြမ်းသူတစ်ယောက်ဖြစ်မှန်း ကာသစ် သူမောင်းသည့်ကားကို စီးကြည့်တော့မှ သိရသည်။

"ကြောက်နေလား ကာသစ်"

"ဘာကို ကြောက်တာလဲ"

"ကျုပ်မောင်းတဲ့ကားကို စီးပြီးတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"မောင်းတဲ့လူတောင် မောင်းရဲသေးတာ၊ စီးတဲ့လူ ဘာလို့ ကြောက်နေမလဲ"

"ဘာလဲ ကသစ်က ကျုပ်နဲ့ဆို ဘယ်လိုဖြစ်ဖြစ်ရင်ဆို ရဲတယ်ဆိုတဲ့ သဘောလား"

"အသေအချာပဲ"

"အဟွန်း ဟွန်း ဟွန်း ကသစ်ရယ်"

ကားမောင်းရင်းက အဖျားရှိန်ရှိနေသည့် ဦးဇေရတု လက်ချွေးချွေးတစ်ဖက်က ကသစ်နီလက်လေးကို လာရော အုပ်မိုး ဆုပ်ကိုင်လေသည်။

ဦးဇေရတု၏ အချွေးဓာတ်က ကသစ်ဆီသို့ ကူးစ သွားကာ

"ကိုယ့်ကျန်းမာရေးကို ကိုယ် သေချာဂရုစိုက်မှပေါ့"

"အဲဒါ ကသစ် ကျုပ်အနားမှာ မရှိလို့"

"ဦးဇေရတုနော် ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ဗျ၊ ကသစ်သာ ကျုပ်အနားရှိနေရ





ခုလို ကျုပ် ဖျားနာမှာ မဟုတ်ဘူး"

မိုရန်ကျော့ဟူသည့် အကြည့်နှင့် ကသစ်နီသည် ဦးဇေရတုကို မျက်စောင်းထိုးတော့...

"အေးဗျ... ဒီစကား ကျုပ်တကယ်ပြောနေတာ၊ ကသစ်သာ ကျုပ်အနားရှိရင် ကျုပ်ကို ဂရုစိုက်နေမှာ မဟုတ်လား၊ ဒီတော့ ကျုပ် ခုလို ဘယ်ဖျားနာတော့မလဲ"

သည်လိုဆိုပြန်တော့လည်း ဦးဇေရတုစကားက မှန်နေသလိုမို့ ကသစ်နီသည် သူ့ကို သနားသွားရပြန်၏။

ဦးဇေရတု ပြောတာလည်း မှန်ပါသည်။ ကသစ်နီသည် သူ့အနားရှိနေပါက ဦးဇေရတု ယခုလိုမျိုး ဖြစ်လိမ့်မည် မဟုတ်ပါ။

သိပ်ချစ်ကြပြီမို့လည်း တစ်ယောက်ကိုတစ်ယောက် ကြည်နူးယုယမှုတွေနှင့် တစ်ယောက်လိုအပ်ချက်ကို တစ်ယောက်ဖြည့်ဆည်းပေးရင်း ချစ်ခြင်းတွေနှင့် ဖေးကူလှည့်မှာကတော့ အသေအချာပင်ဖြစ်သည်။

"ဦးဇေရတုဘေးမှာ ကသစ်ရှိနေချင်ပါတယ်"

"ကျုပ်ကလည်း ကသစ်ကို ရှိနေစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့"

"ကျုပ် နားလည်ပါတယ် ကသစ်၊ ကသစ်နဲ့ကျုပ် ဘဝပေါင်းဆုံဖို့ဆိုတာ"

"ကသစ်ပြောတာ"

"ကျုပ်ပြောတာလည်း ကသစ် နားထောင်ပါဦးလေ၊ ကျုပ်ဘဝက ဘယ်လိုပဲပြောပြော အမည်းစက်ရှိခဲ့ဖူးတဲ့ လူတစ်ယောက်၊ ကသစ်က ဘာအစွန်းအထင်းမှ မရှိတဲ့ သန့်စင်လွန်းတဲ့ အဖြူရောင်ပန်းလေး၊ ဒီပန်းလေးကို ကျုပ် ဆွတ်ခူးဖို့ဆိုတာ"

"ဦးဇေရတုမှာ သတ္တိမရှိဘူးလား"

"ဟင်"

"ကသစ်ကိုချစ်ရင် ဦးဇေရတု ဘာမဆို ရင်ဆိုင်ရဲရမှာပေါ့"

"အဟွန်း… ကသစ်က ကျုပ်ကို ရင်မဆိုင်ရဲဘူး ထင်နေလို့လား"

"ဒါဆို"

"ကျုပ်တွေးနေတာအားလုံးဟာ ကသစ်အတွက်ပါ"

သိန်းမင်းစာပေ



"ကျုပ်လို ဘဝမှာ အမည်းစက်ရှိခဲ့ဖူးတဲ့ လူတစ်ယောက်ကို ကသစ်လက်ထပ်လိုက်ရင် ကျုပ်ကြောင့် ကသစ်ထိခိုက်သွားမှာကိုလည်း ကျုပ် မလိုလားဘူး ကသစ်"

"ဒါပေမဲ့ လွန်ခဲ့ပြီလေ"

"ကသစ်"

"ကသစ် ဦးဇေရတုကို သိပ်ချစ်နေမိပြီလေ၊ အဲဒါကိုရော ဦးဇေရတု မတွေးမိတော့ဘူးလား"

"ကသစ် ကျုပ် ကျုပ် ဘာလုပ်ရမလဲဗျာ"

ရင်ဝယ်မချိတော့သည့်နှယ် ဦးဇေရတုသည် အကြည့်များကို ရှေ့သို့ပို့လျက် အံကိုတင်းတင်းစေ့ကြိတ်ထားသည်မှာ မေးကြောကြီးများပင် ထောင်ကားနေရတော့သည်။

ဦးဇေရတုနည်းတူ ကသစ်နီသည်လည်း ရင်တွေနာနေရပါ၏။

ချစ်ပြီးမှတော့ ဘာပဲဖြစ်ဖြစ် ကသစ်နီသည် ဦးဇေရတုနှင့် မခွဲချင်တော့ပါ။

မဖြစ်နိုင်ပါဆိုပေမယ့်လည်း ကသစ်နီနောက်မဆုတ်နိုင်တော့။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကသစ်နီသည် ဦးဇေရတုကို မြဲအိနိုးနင့်သည်းမှုများ
ဖြင့် သိမ်ချစ်နေရပြီဆိုတာကိုတော့ သူမကိုယ်သာ သူ
သိပါသည်။

ရင်ဝယ် ဝေဒနာတွေနှင့် မွန်းကြပ်စွာ ဦးဇေရတုမော
လာသည့်ကားက ရန်ကုန်မြို့ရှိ လူကုံထံများနေသောနေရာ
ကြီးမားကျယ်ဝန်းလှသော ခြံကျယ်ကြီးတစ်ခြံထဲသို့ ရောက်
လာခဲ့သည်။

ကြွေပြားများအပြည့် ကပ်ထားသော အနောက်တိုင်
ဆန်ဆန် ဆောက်ထားသော နှစ်ထပ်တိုက်ကျယ်ကြီး
ဆင်ဝင်အောက်တွင် ကားကိုရပ်လိုက်ပြီးနောက် ကသစ်နီ
ခေါ်ကာ ခမ်းနားလှပလွန်းသည့် တိုက်ကြီးထဲသို့ ဝင်လာ
သည်။

ကသစ်နီသည် တိုက်ကြီးထဲသို့ ရောက်သွားသည
ဆိုရင်ပဲ ရုတ်တရက်တော့ သူမသည် ဟော်နန်းကြီးတစ်ခုထဲ
ရောက်သွားသည့်အလား စိတ်မှာ ထင်မှတ်သွားရသည်။

ထိုသို့ ထင်မှတ်ရလောက်အောင်လည်း တစ်တိုက်လုံ
ပြင်ဆင်ထားသည်မှာ တကယ့်ကို ဟောနန်းကြီးတမျှ ကြီ



ကျယ် ခမ်းနားထည်ဝါ ပွန်းနေရသည်ပဲလေ။

"ထိုင် ကသစ်"

"ဒါ ဘယ်သူ့အိမ်လဲ"

"အဟွန်း ကသစ်က ဘယ်သူ့အိမ် ထင်လို့လဲ"

"ကသစ် အကောင်းမေးနေတာ"

"ကျုပ်ကလည်း အကောင်းပြောနေတာပါပဲ"

"ဦးဇေရတုနော်"

"ကသစ်နော်"

"တော်ပြီ ကသစ် ပြန်တော့မယ်"

ပြောပြောဆိုဆို ကသစ်နီသည် ပြန်ရန် ထိုင်ရာမှ ထရပ်လိုက်တော့ ဦးဇေရတု အမြန်ပင် ကသစ်နီလက်လေးကို ဖမ်းဆွဲထားလိုက်ပြီး ...

"ဟိတ်... ဒါက ဘယ်လဲ၊ စိတ်ဆိုးတာလည်း မြန်လိုက်တာ"

"ဖယ်... လွှတ်၊ ကသစ်ကို မထိနဲ့"

"မထိလို့ရမလား"

"ရှင်နော် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဦးဇေရတု မဟုတ်တော့ဘူးလား"

"ကသစ် တကယ်စိတ်ဆိုးလာပြီနော်"

"စိတ်ဆိုးရင် ဖယောင်းဒီလို ချော့မှာပေါ့"

"အို"

တကယ်ပင် ပြောသည့်အတိုင်း ကသစ်ကိုယ်လေး ကို ကလေးတစ်ယောက်လို ဆွဲပွေ့မချီလိုက်တာမို့ ကသစ် မှာ မျက်လုံးလေးပြူးသွားရသည်။

"ဟာ… ဦးဇေရတုနော် လွှတ် လွှတ် ဘာလုပ်တာလဲ"

"ချော့မလို့လေ"

"မချော့နဲ့ လွှတ်"

"အဟွန်း ကျုပ်ကို စိတ်ဆိုးဦးမှာလား"

"ဘယ်သူက စိတ်ဆိုးအောင် လုပ်နေတာလဲ"

"ဘယ်သူမှလည်း ခင်ဗျားလေးကို စိတ်ဆိုးအော မလုပ်ရပါလားဗျာ"

"ဒါဆို ကသစ်မေးတာ ဖြေ"

"ဖြေမယ်၊ ခုတော့ ရောက်လက်စနဲ့ ကသစ်ကို ဒီတိုက်ကြီးရဲ့ အပေါ်ထပ်တစ်ခုလုံး ကျုပ် လိုက်ပြမယ်"



"ဟင့်အင်း ကသစ်"

"မငြင်းနဲ့နော် ငြင်းလည်းရမှာမဟုတ်ဘူး"

မျက်နှာတည်တည်ကြီးနှင့် ပြောသည့်အတိုင်း တကယ် ပင် ဦးဇေရတုသည် ကသစ်နီကိုယ်လေးကို ပွေ့ချီထားလျက် အပေါ်ထပ်သို့ ခေါ်လာခဲ့သည်။

အပေါ်ထပ်သို့ ရောက်သည်နှင့် ဦးဇေရတုသည် ကသစ်နီကိုယ်လေးကို ချပေးလိုက်ပြီး ကသစ်နီအား အပေါ် ထပ်တစ်ထပ်လုံးကို တစ်ခန်းဝင် တစ်ခန်းထွက် ဦးဇေရတု လိုက်ပြနေ၏။

"ဒါက ကျုပ်အခန်းလေ"

တစ်ယောက်အိပ် ခုတင်တစ်လုံး၊ စာကြည့်စားပွဲတစ်ခု နှင့် ရိုးရှင်းစွာ ရှိနေသော ဦးဇေရတုအိပ်ခန်းကို ကသစ်နီ အကြည့်လေးတစ်ချက် ဖေကြည့်ရင်း အံ့သြနေရသည်။

ကြည့်စမ်း။

ဆရာဝန်ကြီးဆိုသည့် ဂုဏ်နှင့်မလိုက်အောင်ပင် ဦးဇေ ရတု၏ အိပ်ခန်းက ဒီလောက်ပဲ ရိုးရှင်းနေရသည်တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



"ဦးဇေရတုသည် ကာသစ်နှိ ဘာတွေးနေသည်

နားလည်ရပုံနှင့်

"ကျုပ်က ကျုပ်အခန်းကို ရှင်းရှင်းလင်းလင်းနဲ့ ရှိ

တာကိုပဲ ကြိုက်တယ်၊ ဘာလဲ ကာသစ် ကျုပ်အခန်းကိုကြည့်

အံ့သြနေတာလား"

"အံ့သြတယ်လို့လည်း မဟုတ်ပါဘူး၊ လူတစ်ယော

အကြိုက်တစ်မျိုးဆီဆိုတာတော့ နားလည်လိုက်တယ်"

"အဟွန်း... ဒါက ခု ကျုပ်တစ်ယောက်တည်းနေ

အချိန်မို့ပါ၊ နောက်တော့ ကာသစ်သဘောပေါ့"

"ဦးဇေရတုနော်"

ကာသစ်မှာ မျက်နှာရဲရဲလေးနှင့် ရှက်လန့်တကြားလေ

အော်လိုက်သည်။

"ယောဗျာ ကျုပ်ပြောတာ ဘာရှက်စရာလိုလဲ၊ နော

ဆို ကာသစ်နဲ့ကျုပ် အတူနေရတော့မှာ မဟုတ်ဘူးလား

"ဦးဇေရတုနော် မပြောနဲ့ဆို"

တကယ်လည်း ကာသစ်နီသည် ရင်တွေခုန်လျ

ရှက်ရွံ့စိတ်တွေ ကြီးစိုးနေရကာ တစ်စုံတရာကိုလည်းစိုး





သလို ရှိလာရသည်။

ဒါကို ဦးဇေရတုသည် ရိပ်မိဟန်နှင့် ခပ်လွန့်လွန့်ပြုံး

လျက်က ကာသစ်နီကို မကြည့်ပါပဲ

"ကာသစ် ကြည့်ရတာ ကျုပ်နဲ့ နှစ်ယောက်တည်း

ရှိနေတာကို ကြောက်နေတာနဲ့ တူတယ်"

သည်လိုဆိုတော့လည်း ကာသစ်နီ မခံချင်ဖြစ်သွားကာ

"မကြောက်ပါဘူးနော်"

"တကယ်လား"

"တကယ်"

"ဒါဆို ကြောက်အောင်လုပ်လိုက်မှနဲ့တူတယ်"

"ဟင်းနော် ဦးဇေရတု"

"အဟွန်း မကြောက်ဘူးဆို"

"အို... မကြောက်ပေမယ့်"

"ဘာဖြစ်လဲ ဆက်ပြောလေ"

"ဟင့်အင်း"

"ကာသစ်ရယ်"

ကလေးတစ်ယောက်လို ကြည်စင်တောက်ပသောမျက်



www.burmeseclassic.com

www.burmeseclassic.com



နက်ဝန်းလေးနှင့် သူ့အား ကြည့်နေသောကသစ်ကို ဦးဇေရ
သည် ချစ်မြတ်နိုးစိတ်နှင့် ကလေးတစ်ယောက်လို ရင်ခွင်
ဆွဲပွေ့လိုက်ပြီး ကသစ်နီမျက်နှာလေးကို မမြင်မတွေ့ဖူးသ
တစ်ယောက်ပမာ ငေးရိုက်ကြည့်နေမိသည်။

သည်နောက် ကသစ်နဖူးလေးကို ညင်သာစွာ ငုံနမ်း
လိုက်ပြီးလ

"မင်းဟာ သေဆုံးနေတဲ့ ကျုပ်ဘဝကို ပြန်ရှင်လ
အောင် အလင်းရောင်တွေပေးတဲ့ ကယ်တင်ရှင်ပါပဲ"

"ဦးဇေရတု ပြောတာကို ကသစ် နားမလည်ဘူး"

"နားလည်ချင်လား"

"ထင်တာပဲ"

"ကျွတ် မင်းတော့ကွာ၊ ပိတ်ထုလိုက်ရ၊ နားလည်ချ
နားမလည်ချင်ဘူးဆိုတာ သေချာတဲ့တစ်ခုတော့ ပြောဦးမှပေါ့"

"အင်း... နားလည်ချင်တယ်"

"ပြီးရင် စိတ်မဆိုးရဘူးနော်"

"ဘယ်သူ့ကိုလဲ"

"ကျုပ်ကို"





"ကျုပ်ကိုတော့ စိတ်ဆိုးမယ်၊ ဟောဒီလူကြီးကိုတော့
စိတ်မဆိုးဘူး"

ဦးဇေရတု ရင်ဘတ်ကြီးကို သူမလက်လေးနှင့် ထောက်
ကာ ချစ်စဖွယ်ဆိုလိုက်သည့် ကသစ်နီစကားနှင့် ကလေးဆန်
သည့် ဟန်လေးကြောင့် ဦးဇေရတုရင်မှာ သိမ့်ခနဲခုန်သွားရပြီး

"အေးဗျ ဒီကောင်မလေး စိတ်ဆိုးမယ်ဆိုရင်တော့
ကျုပ် မပြောတော့ဘူး"

"အလကားစတာ ပြောပါ"

"ဒါဆို ထိုင်"

ဦးဇေရတုသည် သူ့အခန်းထဲရှိ ခုတင်စွန်းတစ်ဖက်တွင်
ဝင်ထိုင်ရင်းက ကသစ်နီကိုလည်း သူ့အနား ထိုင်ခိုင်းလေ၏။

ကသစ်နီမှာ သူထိုင်ခိုင်းသည့်အတိုင်း ဦးဇေရတု
ဘေးဝင်ထိုင်လိုက်တော့ ဦးဇေရတုသည် ကသစ်နီလက်လေး
အား တင်းတင်းလေး ဆုပ်ထွေးလာကာ

"ကသစ်နဲ့ မတွေ့ခင်အထိတော့ ကျုပ်ဘဝမှာ သိတာ
ဟာ ကျုပ်ဘဝရဲ့ အချစ်ဆုံးမိန်းမတစ်ယောက်ပဲပေါ့"

"သိတာဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း... ကျုပ်ရဲ့ ဆုံးသွားတဲ့ ဇနီးနာမည်လေ"

"ဩော်"

ကသစ်ထံမှ 'ဩော်' ဆိုသည့်အသံသည် အသက်မပါ

တော့မှန်း ကသစ် သူမကိုယ်သူမ သိလိုက်သည်။

"ကျုပ်နဲ့သီတာဟာ လူငယ်သဘာဝ တစ်ယောက်န

တစ်ယောက် ချစ်ပြီး လက်ထပ်ခဲ့တဲ့သူတွေလေ၊ နှစ်ဖက်မိဘ

တွေကလည်း သဘောတူကြည်ဖြူ၊ ကျုပ်နဲ့သီတာကလည်

တစ်ယောက်နဲ့တစ်ယောက် မခွဲနိုင်အောင် သိပ်ချစ်ကြတော

ကျောင်းပြီးတာနဲ့ ကျုပ်တို့ လက်ထပ်ဖြစ်ကြတယ်၊ အဲဒီအချိ

တုန်းက အပျော်ဆုံးလူကို ပြပါဆိုရင် ကျုပ်နဲ့သီတာပဲပေါ

ကျောင်းပြီး လက်ထပ်ပြီးတာနဲ့ ကျုပ်တို့ နှစ်ယောက်လုံ

အလုပ်ဝင်လုပ်ကြတယ်၊ လက်ထပ်ပြီး သုံးလေးနှစ်ယောက်

ကျုပ်တို့ ကလေးမယူဘဲ လွတ်လွတ်လပ်လပ် နေခဲ့ကြတယ်

အဲ သီတာနဲ့ကျုပ် ကလေးယူဖို့ ဆုံးဖြတ်လိုက်တာက

မြေးချီချင်နေတဲ့ နှစ်ဖက်အဘိုးအဘွားတွေကို သနားတဲ့စိတ်

အပြင် ကျုပ်တို့နှစ်ယောက်လုံးကလည်း ကလေးကို လိုချင်

လာကြပြီလေ၊ နွေးထွေးတဲ့ မိသားစုဘဝလေးကို တောင့်တ





လာပြီ။ အဲလိုနဲ့ ကျုပ်တို့ ကလေးယူဖြစ်ကြတယ်ဆိုပါတော့၊

သီတာမှာ ကျုပ်ရင်သွေးလေးကို လွယ်ထားရပြီလို့ သိတဲ့

အချိန်က ကျုပ်တို့ မိသားစုရဲ့ အပျော်ရွှင်ရဆုံး အချိန်ပဲပေါ့။

ဒါပေမယ့် အဲဒီအပျော်ဟာ ကျုပ်အတွက် ကြာရှည်မခံခဲ့ပါဘူး၊

တစ်နေ့မှာ ကိုယ်ဝန်ကြီးနဲ့ သီတာဟာ ဈေးဝယ်ထွက်ဖို့

ဒရိုင်ဘာမောင်းတဲ့ကားနဲ့ အလာမှာ တစ်ဖက်က မဆင်မခြင်

မောင်းလာတဲ့ လူတစ်ယောက်ရဲ့ ကားနဲ့ တိုက်မိပြီး သီတာဟာ

အဲဒီနေရာမှာပဲ ဆုံးသွားကဲ့တယ်လေ။ ကျုပ် ကြားကြားချင်း

အရူးကြီးတစ်ယောက်လို ဖြစ်သွားခဲ့တယ်။ ကမ္ဘာကြီးဟာ

ဘာတွေ ဖြစ်ကုန်ပြီလဲလို့လည်း ကျုပ်ကိုယ်ကျုပ် ပြန်မေးနေမိ

တယ်၊ ဒါပေမဲ့ ဒါဟာ အိပ်မက်မဟုတ်ဘူးဆိုတာလည်း

ကျုပ် သိနေတယ်၊ ကသစ် စဉ်းစားကြည့်ပါဦးဗျာ၊ အဲဒီအချိန်

တုန်းက ကျုပ် မရူးဘဲ ခံနိုင်မလားဆိုတာ၊ ဇနီးသည်ကို

ဆုံးရှုံးရတဲ့အပြင် မမြင်လိုက်ရသေးတဲ့ ရင်သွေးလေးကိုပါ

လက်လွတ်ဆုံးရှုံးလိုက်ရလို့ ဒီဝေဒနာတွေ မခံစားနိုင်တဲ့ကျုပ်

ဟာ အလုပ်ကနေ ခဏပျောက်သွားခဲ့ရတယ်၊ လူသူအရောက်

အပေါက်နည်းတဲ့ တောင်တန်းပြာကြီးတွေရဲ့ တစ်နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရင်ထဲက ဝေဒနာတွေကို ကျုပ်ဖြေသိမ့်ခဲ့ရတယ်၊ ဒဏ်ရ
နဲ့ ဝေဒနာတွေ နေသားကျပြီးဆိုမှ ကျုပ် အလုပ်ခွင်
ပြန်ဝင်ခဲ့တယ်၊ ပြီးတော့ ရာထူးနဲ့ တောင်ကြီးကို ပြောင်း
တယ်၊ အချိန်တွေ ဘယ်လိုကုန်ဆုံးသွားခဲ့ပေမဲ့ သီတာ
ရင်သွေးလေးကို ကျုပ် မမေ့နိုင်ခဲ့ပါဘူး၊ ဒီလိုနဲ့ ကျုပ်ဘဝ
ရှင်လျက်နဲ့သေလူတစ်ယောက်လို ဖြစ်ခဲ့တယ်၊ အဲဒီအချိ
မှာ ကျုပ်ဘဝကို အလင်းရောင်တွေပေးပြီး ပြန်ရှင်လာစေတ
က ကားမှတ်တိုင်မှာ အမှတ်မထင် တွေ့ခဲ့ရတဲ့ ကသစ်နီဆိုတ
မင်းလေးပါပဲ”

ပြောပြီး ဦးဇေရတုသည် ကသစ်နီမျက်နှာလေးကို
အကဲခတ်သလို စိုက်ကြည့်လာ၏။

ကသစ်နီသည် သူ့ကို ကြည့်လည်းမကြည့်ဘဲမျက်လွှာ
လေးချကာ ငြိမ်သက်နေလေသည်။

သူမ ထိုသို့ ငြိမ်သက်နေပြန်တော့လည်း ဦးဇေရတုသည်
အားမလိုအားမရကြီးနှယ် မချင့်မရဲကြီး ဖြစ်လာရပြီး

“ကသစ်”

ကသစ်သည် မထူးပါလေ။





ထိုအခါ စိတ်မှာ ပို၍လှုပ်ရှားသွားရသူက ဦးဇေရတုပင်
ဖြစ်သည်။

“ကသစ် ကျုပ် ခေါ်နေတယ်လေ”

“အို”

သူခေါ်နေတာကို မထူးရပါ့မလားဆိုသည့် မချင့်မရဲ
စိတ်ဖြင့် ဦးဇေရတု ကသစ်နီမျက်နှာလေးကို သူနှင့်မျက်နှာ
ချင်းဆိုင်စေလိုက်တော့သည်။

“ကသစ် ကျုပ်ကို စိတ်ဆိုးနေလား”

“ဟင့်အင်း စိတ်မဆိုးပါဘူး”

“တကယ်လား”

“ကသစ် ဘာလို့ ညာရမှာလဲ”

“ကျုပ်ကို ခုလို နားလည်ပေးတဲ့အတွက် ကျေးဇူးပါပဲ
ကသစ်၊ သီတာကို မမေ့နိုင်တာ မဟုတ်ပေမယ့် သူနဲ့ပတ်သက်
ပြီး ကျုပ်ရင်မှာ ခံစားရတာတော့ အမှန်ပါပဲ၊ ဒါကို ကသစ်
ကျုပ်အပေါ် နားလည်ပေးနိုင်ပါ့မလား”

“အမှန်အတိုင်း ပြောရရင်တော့ ကသစ် မိန်းမသားပီပီ
နားလည်မပေးနိုင်ဖို့ တော်တော်ခက်ပါတယ်၊ ကိုယ်ချစ်တဲ့



www.burmeseclassic.com

ယောက်ျားတစ်ယောက်က ကိုယ်မဟုတ်တဲ့ တခြားမိန်းမကို သတိရနေတတ်တာမျိုး ဘယ်မိန်းကလေးက ခွင့်လွှတ်ကြည်ဖြူစွာနဲ့ နားလည်ပေးနိုင်မှာတဲ့လဲ။ ကသစ်လည်း မိန်းမသား တစ်ယောက်မို့ ဒီလို စိတ်ထားမျိုးထားဖို့ဆိုတာ မလွယ်လှပါဘူး၊ ဒါပေမယ့် ကသစ် ဦးဇေရတုကို ချစ်တယ်။ အဲဒီ အချစ်စိတ်တစ်ခုကပဲ အရာအားလုံးကို ကြည်ဖြူစွာနဲ့ ဦးဇေရတုကို ကသစ်နားလည်ပေးနိုင်ခဲ့တာပါ"

"ကသစ် ကသစ်ရယ်"

အရွယ်နှင့်မလိုက်အောင် သူ့အပေါ် နားလည်သိတတ်ပေးသော ကသစ်နီကို ဦးဇေရတုသည် မြတ်နိုးခြင်းများစွာ ကြည်နူးမှုတို့နှင့် သူမကိုယ်လေးကို ရင်ခွင်မှာ ထွေးဖက်ထားလိုက်မိပါတော့သည်။

□



## အခန်း (၁၁)

ဦးဇေရတု ပြန်သွားပြီးနောက် ကသစ်နီနှင့် ဒေါ်ဒေါ်ငယ်သည် မထင်မှတ်ဘဲ အကြီးအကျယ် စကားများရပါတော့သည်။

အကြောင်းမှာ ဦးဇေရတုကြောင့်ပင် ဖြစ်သည်။

ကသစ်နီနှင့် ဦးဇေရတု မေတ္တာမျှနေသည့်အကြောင်းကို ဒေါ်ဒေါ်ငယ်သည် ဘယ်လိုကနေ ဘယ်လို သိသွားသည် မသိပါ။

ဦးဇေရတုနှင့် သူမကို ခါးခါးသီးသီးပင် သဘောမတူသည့်အကြောင်း ပြောလာသောအခါ ကသစ်နီသည်လည်း ရင်မှာ နာကျင်ရပါတော့သည်။

နာကျင်စိတ်နှင့် ကသစ်နီသည် ဒေါ်ဒေါ်ငယ်ကို တစ်ခါမှ ပြန်မပြောဖူးသည့် စကားများဖြင့် ပြန်ပြောမိပါတော့သည်။

www.burmeseclassic.com



ဒေါ်ဒေါ်ငယ်သည် သူ့ကို ပြန်ပြောရပါမလားဆိုက[illegible] ဒေါ်သတွေ အကြီးအကျယ် ဖြစ်နေရတော့၏။

"ဒေါ်ဒေါ် ရှင်းရှင်းပဲ ပြောမယ် ကသစ်၊ ညည်းက[illegible] ဦးဇေရတုနဲ့ လုံးဝ သဘောမတူနိုင်ဘူး၊ ပြီးတော့ ညည်းနဲ့အ[illegible] အဆက်အသွယ်ဖြတ်ရမယ်"

ဒေါ်ဒေါ်ငယ်စကားက ကသစ်နှလုံးသားကို တုန်လှု[illegible] သွားစေရသည်။

"ဟင့်အင်း...ဟင့်အင်း ဒေါ်ဒေါ်ငယ်၊ ကသစ် ဦးဇေ[illegible] တုကို ချစ်တယ်၊ ကသစ်တို့ချစ်ခြင်းကို ဒေါ်ဒေါ်မခွဲပါနဲ့"

"ဘာအေ့ ညည်းက ဦးဇေရတုကို ချစ်တယ်ဟုတ်လား"

"ဟုတ်တယ်"

"မိကသစ်၊ ညည်းအချစ်ကို မတွေ့ဘူးတာလည်း မဟုတ်ဘူး၊ ဦးဇေရတုလိုလူအပေါ် ညည်းဒီလောက်ထိ ဖြစ် နေစရာမလိုဘူး"

"ဦးဇေရတုက ဘာဖြစ်နေလို့လဲ ဒေါ်ဒေါ်၊ ကသစ်ကို ဦးဇေရတုနဲ့ ဒေါ်ဒေါ်ဘာလို့ သဘောမတူရတာလဲ"

"အေး...ညည်းဒီလို မေးလာတော့ ဒေါ်ဒေါ်ကလည်း



ပွင့်ပွင့်လင်းလင်းပဲ ပြောရတော့မှာပေါ့၊ ဒေါ်ဒေါ်တူမ အရိုးရှယ် နုနုငယ်ငယ်လေးကို ဦးဇေရတုလို မုဆိုးဖို အသက်အရွယ်ကြီး တဲ့လူနဲ့ ဒေါ်ဒေါ် သဘောမတူနိုင်ဘူး"

"မဆိုင်ပါဘူး ဒေါ်ဒေါ်၊ အချစ်မှာ ဖိုမ တယ် အိုတယ်၊ အသက်အရွယ်ဆိုတာ မရှိပါဘူး၊ ကသစ်ကတော့ ဦးဇေရတုကို ချစ်တယ်၊ ဦးဇေရတုကလွဲပြီး ကသစ်ဘဝမှာ နောက်ထပ် ချစ်ရမယ့်သူဆိုတာ ရှိလာမှာ မဟုတ်တော့ဘူး ဒေါ်ဒေါ်"

ကသစ်စကားကြောင့် ဒေါ်ဒေါ်ငယ်သည် မျက်နှာကြီး နီရဲသွားရပြီး...

"မောင်ခန့်ထည်တုန်းကလည်း ကသစ် ချစ်ခဲ့တာပဲ မဟုတ်လား"

"မဟုတ်ဘူး မဟုတ်ဘူး ဒေါ်ဒေါ်၊ ကသစ်ခန့်ထည်ကို ချစ်ခဲ့တာ မဟုတ်ဘူးဆိုတာ အချိန်ကြာလေ ကသစ်ကိုယ် ကသစ် ပိုသိလာရလေပဲ၊ ကသစ် ခန့်ထည်ကို ချစ်ခဲ့တယ် ထင်ခဲ့တာ၊ တကယ်တော့ အချစ်နဲ့ ဗေယ်သံယောဇဉ်ဆိုတာကို ကသစ် သေချာမခွဲခြားတတ်ခဲ့တာပါ"

"အိုအေ ဘာပဲပြောပြော ဒေါ်ဒေါ်ကတော့ ညည်းကို

www.burmeseclassic.com

ဦးဇေရတုနဲ့ လုံးဝသဘောမတူနိုင်ဘူး၊ ဒီတော့ ညည်း
အတ်လမ်းကို ဒီနေရာမှာပဲ အမြန်ဆုံး အဆုံးသတ်လိုက်တော
ဒါပဲ ဒေါ်ဒေါ် ပြောမယ်"

ဦးဇေရတုနှင့်ပတ်သက်ကာ ခါးခါးသီးသီးငြင်းနေသော
ဒေါ်ဒေါ်ငယ်ကို ကာသစ်သည်လည်း နောက်မဆုတ်နိုင်သဉ
အကြည့်လေးနှင့် ပြန်ကြည့်ရင်းက...

"ဝမ်းနည်းပါတယ် ဒေါ်ဒေါ်ငယ်၊ ကာသစ် ဦးဇေရတု
ဒေါ်ဒေါ် ပြောသလို မဖြတ်နိုင်ဘူး"

"ဘာ ဘာပြောတယ် ကာသစ်၊ ညည်း ညည်း ငါ
ဒီနည်းနဲ့ ကောင်းကောင်းကြီး ပြန်ကျေးဇူးဆပ်နေတာပေါ့
ဟုတ်လား"

"ကာသစ် ဦးဇေရတုကို တကယ်ချစ်မိသွားတာပါ"

"တော်စမ်း ငါ မပြောချင်ဘူး ကာသစ်၊ ငါကတော
ငါတူမ ဖျိုဖျိုရွယ်ရွယ် မိန်းကလေးဆိုပြီး တန်ဖိုးထား ဂုဏ်
မြင့်လိုက်ရတာ၊ ညည်းကတော့ ကြိုက်စရာလူ ရှားလို
မုဆိုးဖို အသက်ကြီးတဲ့လူကိုမှ သွားချစ်ရတယ်လို့အေ"

"ဦးဇေရတုမှာ အဲဒီအပြစ်ကလွဲရင် ကာသစ်ကို သ



သိပ်ချစ်ပါတယ်"

"ချစ်တယ်ဟုတ်လား၊ အဲဒီချစ်တာကြီးကို ညည်းက
ဘဝလို့ထင်နေလားကာသစ်၊ ဒီမှာ ငါတစ်ခါတည်း ပြောလိုက်
မယ်၊ ညည်း ဒီနေ့ကစပြီး ဦးဇေရတုကို တွေ့ဖို့ အဆက်
အသွယ်လုပ်ဖို့ မကြိုးစားနဲ့တော့၊ ညည်းကို ငါမိတ်ဆွေရဲ့
သားနဲ့အမြန်ဆုံး လက်ထပ်ပေးမယ်"

ဒေါ်ဒေါ်ငယ် စကားသည် ကာသစ်နှလုံးသားကို အပ်ဖျား
နှင့် ထိုးလိုက်သလို နာကျင်သွားစေရသည်။

"မယူဘူး ကာသစ် ဘယ်သူ့ကိုမှ မယူနိုင်ဘူးဒေါ်ဒေါ်၊
ကာသစ် ဦးဇေရတုကလွဲပြီး တခြားဘာကိုမှ မယူနိုင်ဘူး"

"ဒါက ညည်းစိတ်ကူးယဉ်နေတာကာသစ်၊ ညည်း
သေချာ ပြန်စဉ်းစားကြည့်၊ ဦးဇေရတုနဲ့ ညည်းဘယ်လိုမှ
မဖြစ်နိုင်ဘူးဆိုတာ"

"အဟင်း ဒါက ဒေါ်ဒေါ်အထင်ကိုး၊ ကာသစ်ဘဝမှာ
တော့ ဦးဇေရတုမရှိလို့ မဖြစ်ဘူး ဒေါ်ဒေါ်"

"ကာသစ် ဒီစကား ညည်း တကယ်ပြောနေတာလား"

"အေးလေ၊ ဒေါ်ဒေါ် ခုပြောနေတဲ့ စကားတွေ

www.burmeseclassic.com



အားလုံးက ညည်းအဝ ကောင်းစားရေးအတွက် ဆိုတာကို တော့ ကာသစ် သိမှာပါ"

သိပါသည်။ သိ၍လည်း ခက်နေရခြင်းဖြစ်သည်။ ကာသစ်ဆိုတာက ဒေါ်ဒေါ်ငယ် လက်ပေါ်မှာတင် တသက်လုံး ကြီးပြင်းလာခဲ့ရသူ မိန်းကလေး။

ဒေါ်ဒေါ်ငယ်သည် ကာသစ်ကို ချစ်လွန်း၍ အိမ်ထောင် မပြုဘဲ နေခဲ့သူလည်း ဖြစ်သည်။

ငယ်စဉ်ကလေးဘဝမှာကတည်းက မိဘမဲ့သွားသော ကာသစ်ကို ဒေါ်ဒေါ်ငယ်နှင့် အန်ကယ်လေးကသာ ကိုယ်စီ အိမ်ထောင်မပြုဘဲ ပြုစုစောင့်ရှောက်လာခဲ့ရသူ ဖြစ်သည်။

သည်ကျေးဇူးတရားတွေကို ကာသစ်နီ သိပါသည်။ ဒေါ်ဒေါ်ငယ်နှင့် အန်ကယ်လေးအပေါ် ထိုကျေးဇူးတွေအတွက် ကာသစ်သည်လည်း ဆပ်လို့ကုန်နိုင်တော့မည် မဟုတ်ပါ။

သို့သော်...

ကျေးဇူးတရားကို အချစ်နှင့်တော့ ကာသစ်ရောထွေး မပစ်ချင်ပါ။ ကာသစ်ဘဝတွင် ဦးဇေရတုကလွဲလို့ တခြား ဘယ်သူမှ မရှိပါ။





ကာသစ် ချစ်ပါသည်ဆိုသောလူကို ခွဲကာ သူမ မချစ် မနှစ်သက်သည့် ယောကျ်ားတစ်ယောက်နှင့် လက်ထပ်ပေး မည်ဆိုသောအဖြစ်က ကာသစ်ရင်ကိုခွဲ၍ အသည်းကို မီးကင် ခံရသည့်အဖြစ်မျိုး။

သည်အဖြစ်ကို ကာသစ်နှလုံးသားက ဘယ်လိုမှ လက် မခံနိုင်သောအခါ...

"ဒေါ်ဒေါ်ငယ် ကာသစ်ကို စိတ်ဆိုးချင်လည်း စိတ်ဆိုး ပါ၊ ကာသစ်ကတော့ ဆုံးဖြတ်ပြီးသွားပြီ၊ ဦးဇေရတုကလွဲပြီး ကာသစ် ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူးဆိုတာ"

"ကာသစ် ညည်း"

ဒေါ်ဒေါ်ငယ်သည် ကာသစ်ထံမှ မထင်မှတ်သည့် စကားကြောင့် ဘယ်လောက်ထိ စိတ်ထိခိုက်သွားရှာသည် မသိ။ စကားများပင် ရှေ့ဆက်မလာနိုင်တော့အောင် ဖြစ်သွား ရသည်ကိုမြင်တော့ ကာသစ်သည် ဒေါ်ဒေါ်ငယ်အတွက် စိတ်မကောင်းဖြစ်သွားရသည်။

"ညည်း...ညည်း ဒါ တကယ်ပဲ ဆုံးဖြတ်ပြီးပြီလား ကာသစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ကသစ် ဆုံးဖြတ်ပြီးပါပြီ ဒေါ်ဒေါ်"

"ကောင်းပါတယ်အေ၊ ကောင်းပါတယ်၊ နောက်ဆုံးတော့ ညည်း ငါ့ရင်ကို ခြေစုံကန်သွားတာပါပဲလား၊ ကောင်းပြီလေ၊ ညည်းသဘော ညည်းဆန္ဒနဲ့ ဆုံးဖြတ်ပြီးပြီဆိုမှတော့ ငါ ပြောနေလဲ အပိုပဲပေါ့၊ ဒီအကြောင်းတွေ ညည်းအန်ကယ်လေးရော သိပြီးပြီလား ကသစ်"

"ကသစ် အန်ကယ်လေးကို ဒီည ဖုန်းဆက်ပြီး ပြောပြမှာပါ"

"သြော်... ညည်းက ဒီထိတောင် စီစဉ်ထားပြီးပြီကိုး၊ အေးလေ ညည်းက အားကိုးစရာလူကို တွေ့ထားပြီကိုး၊ လုပ်ပေါ့၊ ညည်း ထည့်မတွက်နဲ့ပေါ့အေ"

အဖျားခတ် တုန်ခါသွားသည့် ရှိုက်သံကြီးနှင့် ပြောကာ သူမအနားမှ လှည့်ထွက်သွားသော ဒေါ်ဒေါ်ငယ် နောက်ကျောကိုကြည့်ပြီး ကသစ်နှိရင်ထဲ ထိခိုက်ကြေကွဲသွားရသည်။

သူမအိမ်ထောင်ရေးနှင့် ပတ်သက်ကာ ဒေါ်ဒေါ်ငယ်သည် သူမအပေါ် စေတနာထားလွန်းတာ သိမေမယ့်လည်း



တကယ်တမ်းမှာတော့ သူမ်နှလုံးသားကို ဦးဇေရှာ့ လွှမ်းမိုးချုပ်ကိုင်ထားရပြီး မဟုတ်ပါလား။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

အန်ကယ်လေးကို ကသစ်နီသည် ဖုန်းနှင့်ပင် သူမ
ဦးဇေရတုအကြောင်း ပြောပြလိုက်သောအခါ အန်ကယ်လေ
သည် ဒေါ်ဒေါ်ယယ်ကဲ့သို့ ကသစ်နီအပေါ် ဦးဇေရတုနှ
ပတ်သက်ကာ ခါးခါးသီးသီးဟန်မရှိခဲ့။

"သမီးက ဆုံးဖြတ်ပြီးပြီဆိုမှတော့ အန်ကယ်လေ
ဘောမှ မပြောချင်တော့ဘူး၊ သမီးလည်း အရွယ်ရောက်
ပြီပဲ၊ စဉ်းစားပေါ့၊ ဦးဇေရတုမှာ သမီး ဒေါ်ဒေါ်ယယ်ပြောသ
ပြောစရာရှိတာကလွဲပြီး ကျန်တာတော့ သူ့မှာ ဘာအပြစ်
ပြောစရာရှိတဲ့လူ မဟုတ်ပါဘူး၊ ဒါပေမဲ့ သမီး သေချာစဉ်စာ
ရမှာက ဦးဇေရတုကို သမီး တကယ်ချစ်မချစ်ဆိုတာပဲ"





အန်ကယ်လေး စကားတွေက ပြတ်သားလွန်း၏။
သူမ အိမ်ထောင်ရေးကို သူမဘာသာ လွတ်လပ်စွာဖန်တီးခွင့်
ပေးထားသလို ကိုယ်ဖန်တီးသည့် အိမ်ထောင်ရေးကိုလည်း
ကိုယ်သာ တာဝန်ယူရမည်ဖြစ်ကြောင်း လိုရင်းနှင့်တိုရှင်း
ပြောသွားခဲ့လေ၏။

ကသစ်နီသည် အန်ကယ်လေးနှင့် စကားများစွာပြောပြီး
နောက် သူမကိုယ်သူမ စဉ်းစားရလေတော့သည်။

သူမသည် တကယ်ပင် ဦးဇေရတုးကို ချစ်ခဲ့သည်လား
ဆိုတာ အဖြေကတော့ ရှင်းပါသည်၊ ကသစ်နီသည် ဦးဇေ
ရတုကို စားစားသွားသွား မမေ့ရှုမရနိုင်အောင် ဦးဇေရတုသည်
သူမနှလုံးသားထဲ ရှိနေရပြီဖြစ်သည်။

ဒါကို အချစ်လို့ဆိုပါရစ်ကသစ်နီသည် ဦးဇေရတုကို
သိပ်ချစ်နေမိရပြီဖြစ်သည်။

ဦးဇေရတုကို ချစ်သည့်အချစ်မျိုးနှင့် ကသစ်နီသည်
ဘယ်ယောကျ်ားတစ်ယောက်ကိုမှ ချစ်နိုင်တော့မည် မဟုတ်ပါ။

ဦးဇေရတုသည် သူမဘဝ သူမနှလုံးသားမှ ရှေ့လျှောက်
သူမဘဝ၏ အနာဂတ်လက်တွဲဖော်သည်လည်း ဦးဇေရတုမှ



www.burmeseclassic.com

www.burmeseclassic.com



လွဲလို့ ဘယ်သူမှ ဖြစ်လိမ့်မည် မဟုတ်ဆိုတာ ကာသစ်နီ သူမ ကိုယ်သူမ သေချာနေရတော့သည်။

တကယ်တော့ ကာသစ်နီသည် သူမ၏အိမ်ထောင်ရေ ကို ဒေါ်ဒေါ်ငယ်တို့ ကြည်ဖြူလိုလားမှုတွေနဲ့လည်း တည် ထောင်ချင်ပါသည်။

သို့သော် ဒေါ်ဒေါ်ငယ်သည် ဦးဇေရတုနှင့် ပတ်သက် လို့ ခါးခါးသီးသီးဖြစ်ခဲ့ရှသည်မို့ သူမသည် ဘာမှ မပြေ ရဲအောင် ရှိနေရသည်။

သူမက မပြောရဲလောက် ဦးဇေရတုသည်ကတော့ သူမ လုံးဝမထင်မှတ်စွာ အန်ကယ်လေးဆီမှ သိခဲ့ရ၍ထင် ရန်ကုန်သို့ သူကိုယ်တိုင် ဆင်းလာကာ ကာသစ်အား ဒေါ်ဒေါ် ငယ်ထံ လူကြီးလူကောင်းပီသစွာ လာ၍ တောင်းရမ်းလာ လေ၏။

အစမှာတော့ ကာသစ်နီသည်လည်း အံ့သြရပါ၏။ ဦးဇေရတုသည် ခုလောက်ကြီး မြန်မြန်ဆန်ဆန် သူမကို လာတောင်းရမ်းလိမ့်မည်လို့ မထင်ခဲ့ပါ။

အံ့သြစိတ်နှင့်အတူ ကာသစ်နီရင်တွေလည်းခုန်နေရပါ





သည်။

မညာတမ်း မရှက်တမ်း ဝန်ခံရလျှင် ကာသစ်နီသည် လည်း ဦးဇေရတုကို မခွဲနိုင်အောင် အကြွင်းမဲ့ ချစ်မိနေရ ပါ၏။

သို့ပေမယ့် အခုလို လူကြီးမိဘတွေနှင့် ကောက်ကာ ငင်ကာ ဖြုန်းစားကြီးလာ အကျင်စလို့ အမြန်လက်ထပ်ရမည့် အဖြစ်ကိုတော့ ကာသစ်နီ နည်းနည်းလေးမှ မတွေးခဲ့ပါ။

အန်ကယ်လေးသည် ဒေါ်ဒေါ်ငယ်ကို ဘယ်လိုနားချ လိုက်သည် မသိပါ။

တကယ်တမ်း ဦးဇေရတုသည် လူကြီးမိဘစုံရာနှင့် ကာသစ်နီကို လာတောင်းရမ်းသောအခါ ခါးခါးသီးသီး ငြင်း မလွှတ်ဘဲ လူကြီးလူကောင်းပီသစွာ ကာသစ်နီသဘောထားကို မငြင်းဆန်ဘဲ လက်ခံခဲ့သည်ကား ကာသစ်နီကို စိတ်ချမ်းသာ စေချင်သည့် ဒေါ်ဒေါ်ငယ်၏ စေတနာဆိုတာ ကာသစ်နီ နားလည် လိုက်သည်။

ထို့အတွက် ကာသစ်နီသည် ဒေါ်ဒေါ်ငယ်ကို စိတ်ပါ ကြိတ်၍ ကျေးဇူးတင်လို့ မဆုံးတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ သူမအပေါ် ထားရှိသည့် ဒေါ်ဒေါ်ငယ်၏ စေတနာနှင့် မေတ္တာကိုလည်း ပို၍ သိနားလည်လာသည်။

ဦးဇေရတုသည် ကသစ်နီကို တစ်ခါတည်း လက်ထပ်သွားချင်ပေမယ့် ကသစ်နီသည် တစ်ယောက်တည်း ကျန်ခဲ့မည့် ဒေါ်ဒေါ်ငယ်ကိုလည်း မခွဲနိုင်သေးသည်မို့ ဦးဇေရတုကို စေ့စပ်ထားရန်သာ ပြောခဲ့သည်။

ဦးဇေရတုသည် သူမဆန္ဒကို မလိုက်လျောချင်ပေမယ့်လည်း နောက်ဆုံးတော့ ကသစ်နီကို ချစ်သည့်စိတ်နှင့် သူမစိတ်ချမ်းသာအောင် သူမဆန္ဒကိုသာ ဦးစားပေးခဲ့သည်။

ခွင့်နှင့်လာသော ဦးဇေရတု မပြန်ခင်တစ်ရက်မှာ ကသစ်နီနှင့် စေ့စပ်ခဲ့လေ၏။

စေ့စပ်ပြီး ဦးဇေရတုနှင့် ကသစ်နီ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့ကြသည်နှင့်

"ကျုပ်ဆန္ဒ သဘောအတိုင်းဆို ကသစ်ကို ကျုပ် တစ်ခါတည်း လက်ထပ်သွားချင်တာ"

ကသစ်နီသည် ဦးဇေရတုမျက်နှာချောချောကြီးကို မော့ကြည့်လိုက်ပြီး





"ကသစ်လည်း ဦးဇေရတုလိုပါပဲ၊ ဒါပေမဲ့ ကသစ် ဒေါ်ဒေါ်ငယ်ကိုလည်း မခွဲနိုင်ဘူး"

"ဒေါ်ခင်ဖျားလေးက ကျုပ်ကိုတော့ ခွဲနိုင်တယ်ပေါ့"

"ဟင့်အင်း ဦးဇေရတုကိုလည်း ကသစ် မခွဲနိုင်ပါဘူး"

"ဒါနဲ့ များ ကသစ်ရယ်"

မချင့်မရဲနှင့်ဆိုရင်း ဦးဇေရတုသည် ကသစ်ကိုယ်လေးကို ဖျစ်ညှစ်ပစ်လိုက်သည်။

"ဖြစ်နိုင်ရင် ကျုပ်တော့ ကသစ်နဲ့ နည်းနည်းမှ မခွဲချင်တော့ဘူး၊ မင်းလေးကို ဟောဒီလို ကျုပ်ရင်ခွင်ထဲ ရာသက်လုံး ထွေးပွေ့ချင်တော့တာပါပဲ"

"ဦးဇေရတုရယ်"

ကသစ်နီသည် ဦးဇေရတု ရင်ခွင်ထဲ တိုးဝင်လိုက်ပါတော့သည်။

"ကသစ်"

"ရှင်"

"ကျုပ် ဒီကနေ ပြန်တောင် မပြန်ချင်တော့ဘူးသိလား"

"ကသစ်လည်း ဦးဇေရတုနဲ့ မခွဲချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကာသစ် ကျုပ်နဲ့ တစ်ခါတည်း လိုက်ခဲ့လေ"

"ဖြစ်မလား"

"ဘာလို့ မဖြစ်ရမှာလဲ"

"ကာသစ်နဲ့ ဦးဇေရတုက"

"အဟွန်း ကျုပ်တို့က စေ့စပ်ထားပြီးပြီလေ"

"စေ့စပ်တာ လက်ထပ်တာမှ မဟုတ်ဘဲ ဇော်ကြာ

"ဇော်ကြာ ဘာဖြစ်လဲ"

"ဟာဗ်... မသိဘူးကွာ"

ကာသစ်နီသည် သူမစကားနှင့်သူမ ပြန်ရှက်သွားက ဦးဇေရတု ရင်ခွင်ကျယ်ကြီးထဲ မျက်နှာလှလှလေး ဖွက်ထာ လိုက်သည်။

ဦးဇေရတုမှ ချစ်သူလေး အရှက်သည်းသွားပုံကို ကြည် လျက် သဘောကျသွားရပြီး...

"ကြည့်စမ်း ကောင်မလေး ရှက်တတ်လိုက်တာလည် လွန်ပါရောလား၊ မင်းလေး ဒီပုံနဲ့ ရှက်နေလို့တော့ မဖြ ဘူးနော်"

"ဟာ... ဦးဇေရတုနော်၊ ဘာတွေ ပြောနေတာလဲ"





"အဟွန်း... ဟွန်း... ဟွန်း"

သူ့အား ရှက်ရှက်နှင့်တပြုံးပြုံး ထုရိုက်လာသူလေး ကို ဦးဇေရတုသည် ချစ်ခြင်းနှင့်အတူ ကြည်မွေ့စွာ တင်းတင်း လေး ပွေ့ဖက်ထားလိုက်ရင်းက ကာသစ်နီ ပါးပြင်ထက် အနမ်းပန်းလေးများ ကြဲနေတော့

"သိပ်ချစ်တယ် ကာသစ်ရယ်၊ မင်းနဲ့ဝေးတဲ့ဒဏ်ကို ကျုပ် ခံနိုင်ရည် ရှိပါ့မလား ကာသီဘူး"

"ကာသစ်လည်း ဦးဇေရတုလိုပါပဲ"

"အမြန်ဆုံးနီးချင်ပြီ"

"ဦးဇေရတုရယ်"

"ကျုပ်ပြန်ရင် ကာသစ် ကျုပ်ကို လွမ်းနေမှာလား"

"လွမ်းနေမှာပေါ့"

"ဦးဇေရတုကော"

"အဟွန်း ကျုပ်လား၊ ကျုပ်က ဘယ်မေ့နိုင်ပါ့မလဲ"

"ကာသစ် သိလား"

"ဘာလဲဟင်"

"ကျုပ်တို့နှစ်ယောက် ကားပေါ်မှ စတွေ့ကာစ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကိုလေ"

"အင်း မှတ်မိနေသလိုပဲ"

"မင်းလေးနော် နမ်းပစ်လိုက်ရ၊ ကျုပ်တို့ နှစ်ယောက် တွေ့စအချိန်ကို ခင်ဗျားလေး မှတ်မထားဘူးပေါ့ ဟုတ်လား"

"အင်း... မမှတ်မိဘဲ နေမလား၊ ဦးဇေရတု စိတ်ကို သိချင်လို့"

"ဘယ်လို ကျုပ်စိတ်ကို သိချင်လို့ ဟုတ်လား"

"အင်း..."

ချစ်စဖွယ်အပြုံးလေးနှင့် ကသစ်နီသည် ခေါင်းလေး ညိတ်ပြလိုက်သည်။

"ဦးဇေရတု ကသစ်ကို တန်ဖိုးထား မထားပေါ့"

"အဟွန်း... ဟွန်း... ဟွန်း၊ ဒါဆိုရင်တော့ မပူနဲ့ ကျုပ်ဘဝမှာ တန်ဖိုးအထားရဆုံးက မင်းပါပဲ၊ ကသစ်ရယ်"

ချစ်တတ်လွန်းသည့် ဦးဇေတုကြောင့် ကသစ်ရင်မှာ ချမ်းမြေ့ကြည်နူးသွားရသည်။

"ကျန်းမာရေးကို ဂရုစိုက်နော် ဦးဇေရတု"

"စိတ်မချရင် ကသစ်ပါ ကျုပ်နဲ့အတူ တစ်ခါတည်း





လိုက်ခဲ့လေ"

"လိုက်ချင်တာပေါ့လို့၊ ဒါပေမဲ့"

"လာပြန်ပြီလား၊ ဒီ ဒါပေမဲ့က"

ရှုတည်တည် မျက်နှာထားကြီးနှင့် ကလေးဆိုးကြီးနှယ် မကျေနပ်သလို ဆိုနေသော ဦးဇေရတုကိုကြည့်ပြီး ကသစ်နီ ရယ်ချင်သွားရသည်။

ရယ်ချင်စိတ်နှင့်အတူ ကသစ်နီသည် ဦးဇေရတုကို ချော့ရတော့မည်ဆိုသော အတွေးဖြင့် သူ့မေးဖျားကို ကသစ်နီ သည် ခပ်ဖွဖွလေး နမ်းလိုက်ပြီး

"ဒါက ဘာဖြစ်တာလဲ၊ ကသစ်ကို စိတ်ဆိုးသွားတာ လား"

ဦးဇေရတုမှာ မဖြေပါ၊ ရှုတည်တည်ကြီးနှင့် နှုတ်ဆိတ် နေတော့

"ဦးဇေရတုနော် လူကြီးဖြစ်ပြီး စိတ်ဆိုးစရာလား"

"လူကြီးလည်း စိတ်နဲ့ပဲဗျာ"

"ဒါဆိုရင်တော့ ပြန်စဉ်းစားရလိမ့်မယ်"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ စိတ်နဲ့ နိုးတဲ့ လူကြီးကို ကြောက်လို့ပေါ့"

"မှင်းကွာ"

နှုတ်ခမ်းကို ဖိကိုက်ကာ မချင့်မရဲဟန်ကြီးနှင့် ကာသစ်နီအား ကြိမ်းလိုက်တော့ ကာသစ်နီမှာ လယာလေးထုတ်ပြကာ...

"အတူနေရင်တော လူကို အဲလို ကြိမ်းမှာပဲလား"

"သိချင်ရင် အတူနေကြည့်ပေါ့"

"ဦးဇေရတု သိပ်နစ်နာနေပါဦးမယ်"

"နစ်နာပါစေ၊ ကျုပ် ချစ်သူအတွက်ပဲဟာ"

"ဦးဇေရတုက လိမ်ပဲ"

"ဒါဆို ကိုယ့်ဘက်ကိုယ်ယက်ရမယ်"

"အမေ့"

ရှက်တာရက် ပူနွေးပြင်းရှသောအနမ်းတို့တွေက ကာသစ်နီပါးပြင်ထက်မှနေ လည်တိုင်နုနုဆီသို့ ရောက်လာရသည်။

"တော်ပြီကွယ်"

"အင်း"

"ဦးဇေရတု"

"ပြောလေ"



"ကာသစ် ဦးဇေရတုကို ချစ်တယ်"

ဦးဇေရတု ရင်ခွင်ကို ခေါင်းမှီလျက် ကာသစ်ပြောလိုက်သည်။

"ကျုပ် သိတယ်"

"ဘယ်အချိန်ကတည်းက သိတာလဲ"

"ကားပေါ်မှာ ကျုပ် အိပ်နေတယ်ထင်ပြီး ဒီကောင်မလေး ကျုပ်မျက်နှာကို ခိုးခိုးပြီး ကြည့်နေတဲ့အချိန်ကတည်းကပေါ့"

"အို"

ကာသစ်နီမှာ မျက်နှာလေး ရဲတောက်သွားရတဲ့အထိ ရှက်သွားရလေသည်။

သည့်နောက် ရှက်ကိုးရှက်ကန်းပုံစံ သူမ လက်သီးဆုပ်လေးများဖြင့် ဦးဇေရတု ရင်ဘတ်ကြီးကို ထုရိုက်လာပြီး...

"ဦးဇေရတု မကောင်းဘူး သိပ်ဆိုးတာပဲ၊ မအိပ်ဘဲနဲ့ ဘာလို့ အိပ်ချင်ယောင် ဆောင်နေတာလဲ၊ ကာသစ်ကတော့ ဦးဇေရတု အိပ်နေတယ်မှတ်လို့"

"အဟွန်း... ကျုပ်ကို သိပ်ချောတာပဲဆိုပြီး ခိုးကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေတာပေါ့"

"ဟာ... ဦးဇေရှတုနော် ဦးဇေရှတု"

သည်တစ်ခါတော့ ကသစ်နီသည် ဘယ်လောက်ပ
ရှက်သွားရသည် မသိပါ။ သူမ၏ မျက်နှာလှလှလေးမှ
သွေးရင်ခွင်ထဲက လုံးဝ မဖော်ပါလေတော့။

"ကသစ် ကျုပ်ကို ကြည့်ကွာ"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ ကောင်မလေးနော်"

ခွတ်ကြီးပင် ဦးဇေရှတုသည် ကသစ်နီမျက်နှာလေးက
သူ့လက်နှင့် ဆွဲမော့ယူနေသည်။

ကသစ်နီမှာ သူ့လက်များကို ဖယ်ရှားပုတ်ထုတ်လိုက်
ပြီး....

"မုန်းပါတယ်နော်၊ လူကို အဲဒီအချိန်ကတည်းက
ညာခဲ့ပြီးတော့"

"ဟွန်း... ကျုပ် ဘာညာခဲ့လို့လဲ"

"ဆရာဝန်ကြီးတစ်ယောက်ဖြစ်ပြီး ဘာလို့ ကိုယ့်ကိုယ်
ကိုယ် သီချင်းရေးဆရာပါလို့ ပြောခဲ့ရတာလဲ"





"အဲဒါ ကသစ်ကို ညာချင်လို့ ညာခဲ့တာ မဟုတ်ဘူး၊
ကျုပ် အိပ်ပေယော်နေတယ်ထင်ပြီး ကျုပ်ကို ခိုးကြည့်နေတဲ့
ကောင်မလေးကို တွေ့ပြီး စချင်စိတ်နဲ့ နောက်လိုက်မိတာ၊
မင်းနဲ့ မတွေ့ရခင်အချိန်ထိ ကျုပ်ဘဝမှာ စိတ်ညစ် စိတ်ပျက်
ရော၊ ခါးသီးစရာအဖြစ်တွေနဲ့ပဲ ကြုံနေခဲ့ရတာ၊ အဲဒီအခေါက်
ကျုပ် ရန်ကုန်က ပြန်လာတော့ ပျော်စရာ ကြုံရလိမ့်မယ်လို့
မထင်ခဲ့ဘူး၊ ကသစ်နီကို တွေ့ရတော့ ကျုပ် သိပ်အံ့သြသွားပြီး
ပျော်လည်း သိပ်ပျော်သွားတယ်၊ တကယ် ကသစ်ရဲ့အပြုအမူ
အပြောအဆိုလေးတွေက ကျုပ်ရင်ကို စိတ်ဝင်စားမှုနဲ့ ပျော်စရာ
ဖြစ်စေရတယ်၊ ဒါကြောင့်, ဘာ့ရှုယ်မဟုတ်ဘူး၊ မင်းကို
စချင်တဲ့စိတ်နဲ့ ကျုပ်ကိုယ်ကျုပ် သီချင်းရေးဆရာအဖြစ်
မိတ်ဆက်မိခဲ့တာ"

"အသည်းကွဲပြီး လောကကြီးကို အကောင်းမမြင်နိုင်
တော့ဘူးလို့ပဲ ပြောပါတော့"

"ကျုပ် အသည်းကွဲနေတာကို ကသစ် ဘယ်လိုလုပ်
သိလဲ"

"ဒါတော့ ဆန်းလဲ လူကို ဘုဘောက်စကားတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရန်လုပ်နေကတည်းက ဒီလူကြီး ရင်ထဲမှာ ခံစားချက်တွေ ရှိနေပြီဆိုတာ သိနေတာပဲ”

“အဟွန်း… ဟွန်း ကာသစ်က လူကဲခတ်တော်သားပ ဟုတ်တယ်၊ အဲဒီအချိန်တုန်းက ကျုပ် ရင်ထဲမှာ သိတ ကြောင့်”

ဦးဇေရတုသည် ပြောလက်စ စကားကိုရပ်ကာ ကာသ အား ကြည့်လာလေ၏။

ကာသစ်နီမှာ ဦးဇေရတု ဘာဖြစ်သွားသည်ကို နားလည ရပုံနှင့် သူ့အား ပြုံးပြလိုက်ပြီး…

“ဆက်ပြောလေ၊ ကာသစ် ဦးဇေရတုကို နားလည်ပ တယ်လို့ ပြောပြီးပြီပဲ”

ဦးဇေရတုသည် သူ့အပေါ် ထင်တာထက် ပို နားလည်မှု ရှိနေသော ကာသစ်နီအား မျက်ဝန်းရွှန်းရွှန်းတောက် တောက်ကြီးနှင့် စိုက်ကြည့်လိုက်ပြီး…

“သိတာနဲ့ပတ်သက်ပြီး ကျုပ်ရင်ထဲ ဝေဒနာတွေ ခံစားခဲ့ရတာ အမှန်ပါပဲ၊ ဒါပေမဲ့ အဲဒီဝေဒနာတွေ အားလုံးကို ကာသစ်က သိမ်းယူသွားခဲ့တယ်လေ၊ ချစ်ခြင်းမေတ္တာ သိပ်ကြ



ဆန်းကြယ်တယ်ဆိုတာ ကာသစ်ကိုတွေ့လိုက်တဲ့အချိန်မှာ ကျုပ် ပိုနားလည်သွားခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ ကာသစ် က ကျုပ်ဘဝကို အများကြီး ပြောင်းလဲသွားစေနိုင်တဲ့ သူပါပဲ”

ကာသစ်သည် သူ့စကားများကို ကြည်နူးစွာ နားထောင ရုံမှတစ်ပါး ဘာစကားမှ ပြန်မဆိုမိပါ။

သူမမျက်နှာနှင့် ဖိကပ်ထားသည့် ဦးဇေရတု ရင်ဘတ် မှ မွေးညင်းစိတ်လေးများကိုသာ ရင်ခုန်စွာ ငေးစိုက်ကြည့်ရင်း

“ကာသစ်ကို ဦးဇေရတု သိပ်ချစ်တာပဲလားဟင်”

“ချစ်တယ် ကျုပ်ချစ်တာတွေကို ဘယ်လိုဖွင့်ပြောမှ ကာသစ် နားလည်မှာလဲ”

“ကာသစ် နားလည်ပါတယ်”

“ဟင်”

“ဦးဇေရတုကိုလည်း ကာသစ် သိပ်ချစ်ပါတယ်”

“ကာသစ်ရယ်”

ကာသစ်နီသည် ဦးဇေရတု လက်မောင်းကြီးကို ဆုပ်ကိုင် ထားရင်းက သူ့ရင်ခွင်တွင် ခေါင်းမှီလျက် မျက်ဝန်းလေးအစုံ

www.burmeseclassic.com

www.burmeseclassic.com



မှိတ်ထားလိုက်သည်။

ဤရင်ခွင်သည်သာ သူ့မအတွက်က အလုံခြုံဆုံးမှ ပျော်ရွှင်ကြည်နူးအေးမြမှုတွေကို ဖြစ်စေရသည်မို့ ကာသ သည် သူ့မ မက်မောလှသော ဦးဇေရတု ရင်ခွင်တွင် ခို နားလိုက်မိတော့၏။

❑

## အခန်း (၁၃)

"ကာသစ် ဦးဇေရတု အဖျားတွေကြီးပြီး သတိလစ် သွားလို့ ဆေးရုံတင်ထားရတယ်၊ အဲဒါ ကာသစ် အမြန်ဆုံး တောင်ကြီးကို လိုက်ခဲ့ပါတဲ့"

"ရှင်"

မျက်စိမျက်နှာပျက်ကာ စိုးရိမ်ပူပန်မှုတွေနှင့် ပြောလိုက် သော ဒေါ်ဒေါ်ငယ်စကားကြောင့် ကာသစ်နီသည် ဦးဇေရတု အတွက် အရေးမ်းကို စိုးရိမ်ကာ ပျာယာခတ်သွားရတော့၏။

ဘုရား... ဘုရား ဦးဇေရတု ဘယ်လိုဖြစ်ရတာလဲ ဟူသော စိုးရိမ်ပူပန်မှုတို့နှင့် ကာသစ်နီသည် ဦးဇေရတုရှိရာ တောင်ကြီးကို မြန်းဒားကြီး ထလိုက်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး ကသစ်နီသည် ဘာယ်သူနှင့်မှ စကား မပြောမိပါ။ မျက်ဝန်းလေးကို စုံမှိတ်လျက်က ဦးဇေရတု အမြန်ဆုံး ကျန်းမာလာဖို့ကိုသာ ကသစ်နီ ဘုရားမှာ အာရုံ ပြုဆုတောင်းလာခဲ့သည်။

ချစ်ခြင်း၊ နားလည်ခြင်းတွေနှင့် နှစ်ကိုယ်သူ ဘဝလေး ကို တည်ဆောက်ကာနီးကာမှ ဦးဇေရတုကို သူမ ဘာ အကြောင်းနှင့်မှ မခွဲနိုင်တော့ပါ။

ပြန်ခါနီး ကသစ်နီကို မခွဲနိုင် မခွာရက် လှမ်းဆွတ်တမ်း တစ္စာ တမေ့တမော ငေးစိုက်ကြည့်ရင်း 'ကသစ် ကျုပ်နဲ့ အတူ လိုက်နိုင်ရင် သိပ်ကောင်းမှာပဲ' ဆိုသည့် ဦးဇေရတု စကားသံကို ကသစ်နီ ပြန်ကြားယောင်မိတော့ ရင်မှာ ဝမ်းနည်းစိတ်တို့က လှိုက်တက်လာရသည်။

"ဦးဇေရတုရယ်... ကသစ်သာ ဦးဇေရတု အနားရှိရင် ဦးဇေရတု ခုလိုဖြစ်မှာ မဟုတ်ဘူးဆိုတာ ကသစ်သိတယ်။ ခုတော့ ကသစ်ကြောင့် ကသစ် ဦးဇေရတုကို ဂရုမစိုက်မိလို့ ခုလိုဖြစ်ရတာ"





ကသစ်နီသည် တွေးရင်းက မိန်းကလေးပီပီ ဝမ်းနည်း စိတ်ကို မမျိုသိပ်နိုင်တော့ဘဲ သူမကိုယ်သူမ နောင်တတွေ နှင့် ငိုကြွေးနေတော့

"သိပ်လည်း မစိုးရိမ်ပါနဲ့ ကသစ်ရယ်၊ မောင်ဇေရတု အတွက် ဒေါ်ဒေါ်တို့ ဆုတောင်းပေးကြတာပေါ့"

သူမနှင့်အတူ ပါလာသည့် ဒေါ်ဒေါ်ဇယ်မှာ ကသစ်နီ ကို အားပေးနှစ်သိမ့်စကား ပြောနေရပေမယ့် သူကိုယ်တိုင် ကတော့ ရင်ထဲတွင် ဦးဇေရတုအတွက် စိုးရိမ်နေရသည်။

ဦးဇေရတု မျက်နှာကို မြင်ယောင်ရင်း တစ်လမ်းလုံး အတွေးတွေနှင့်သာ ရှိခဲ့သော ကသစ်နီတစ်ယောက် သူမကို လာကြိုနေသည့် အန်ကယ်လေးကို မြင်သည်နှင့်

"အန်ကယ်လေး ကသစ် ဦးဇေရတုဆီကို သွားချင် တယ်"

ကသစ်နီမှာ ဦးဇေရတုအတွက် စိုးရိမ်ရလွန်းသဖြင့် မရှက်နိုင်တော့ပါ။

ဦးဇေရတုကို တွေ့ချင်စိတ်နှင့် အန်ကယ်လေးကို အပူကပ်မိတော့သည်။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်လေးကိုယ်တိုင်လည်း ကာသစ်ကို နားလည်ရုံနှင့်...

"တွေ့ရမယ် ကာသစ် တွေ့ရမယ်၊ ခုပဲ အန်ကယ်လေး ဦးဇေရတုဆီ လိုက်ပို့ပေးမယ်"

ပြောသည့်အတိုင်း အန်ကယ်လေးသည် ကာသစ်နီအား ဦးဇေရတုထံသို့ လိုက်ပို့ပေးလေသည်။

"ဦးဇေရတုက ဆေးရုံမှာပဲလား အန်ကယ်လေး"

"မဟုတ်ဘူး ဆေးရုံကနေ အိမ်ပြန်ရောက်နေပြီ"

"အန်ကယ်လေးသည် သူ့ကားကို ဦးဇေရတုအိမ်ရှိရာသို့ မောင်းလာခဲ့လေသည်။

ကားရပ်သွားသည်ဆိုရင်ပင် ကာသစ်နီသည် ဟန်မဆောင်နိုင်တော့ပါ။ ဘယ်သူ့ကိုမှ နှုတ်မဆက်နိုင်ဘဲ ဦးဇေရတုရှိရာ အိမ်ထဲသို့ ဝင်ခဲ့လိုက်သည်။

"ဘူမကြီး လာ လာ ဆရာကြီး သူ့အခန်းထဲမှာရှိတယ်"

ဒေါ်မြ ဦးဆောင်ကာ ကာသစ်နီအား ဦးဇေရတုရှိရာသို့ ခေါ်လာခဲ့သည်။





အခန်းတံခါးဖွင့်ကာ ဦးဇေရတုအခန်းထဲသို့ ရောက်သည်ဆိုရင်ပဲ–

"အမောင်... ဟာင့်... ဟင့် ဦးဇေရတုရယ်"

ဝမ်းနည်းစိတ်တွေ ကာသစ်နီရင်ကို ဘယ်လိုမှ ထိန်းချုပ်၍ မရတော့ပါ။ ခုတင်ထက်တွင် သူမအား အပြုံး ခပ်နွမ်းနွမ်းနှင့် ဆီးကြိုနေသော ဦးဇေရတုရင်ခွင်ထဲသို့ ကာသစ်နီသည် ကလေးတစ်ယောက်လို တိုးဝင်ကာ ရှိုက်ကြီးတငင် ငိုကြွေးမိတော့သည်။

"ဟိတ်...မငိုနဲ့လေကွာ ကျုပ် ဘာမှဖြစ်တာ မဟုတ်ဘဲ မငိုနဲ့နော်"

ကာသစ်ကိုယ်လေးကို တင်းတင်းလေး ထွေးပွေ့ဖက်ထားရင်းက သူမဆံနွယ်လေးများကို ခပ်ဖွဖွနမ်းရှိုက်လျက် နှစ်သိမ့်နေသော ဦးဇေရတုကြောင့် ကာသစ်သည် ရင်မှာပို၍ ဝမ်းနည်းလာရကာ...

"အဟင့်... ဟင့်...မငိုလို့ရမလားလို့၊ ကာသစ် ကာသစ် ဦးဇေရတုအတွက် ဘယ်လောက်စိတ်ပူရတယ် မှတ်လဲ၊ စိတ်ပူလို့ ကာသစ် သေတော့မယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော၊ ငိုလည်းငိုနှင့် ကလေးတစ်ယောက်လို ရှိုက်နေသော ကသစ်နီကိုကြည့်ပြီး ဦးဇေရတုအပြုံးယဲ့ယဲ့နှင့် လှိုက်လှိုက်လှဲလှဲကြီး ပြုံးလိုက်မိသည်။

ဦးဇေရတုမှာ ကလေးဆန်သော အပြောလေးနှင့် သူ့အတွက် စိတ်ပူနေရှာသော ကသစ်နီကိုကြည့်ပြီး သူ့ရင်ဖယ် အချစ်စိတ်များ ပိုတိုးပြီးရင်း တိုးလာရကာ...

"သိပါတယ်ဗျာ၊ ကသစ် ကျုပ်အတွက် ဘယ်လောက် စိတ်ပူနေရမလဲဆိုတာ၊ ဒါကြောင့် ကျုပ် ကသစ်ဆီ အကြောင်း မကြားဖို့ ပြောတာပေါ့"

"ကြည့်စမ်း... ဦးဇေရတုက ဒီလောက်ဖြစ်တာတောင် ကသစ်ကို ပေးမသိစေချင်သေးဘူးပေါ့လေ ဟုတ်လား၊ ဒါ ...ဒါ ကသစ်ကို ချစ်တာ မဟုတ်ဘူး၊ ရက်စက်တာ ကသစ်ကို နှိပ်စက်တာ အဟင့်... ဟင့်"

ငိုပါလေပြီ။ မျက်ရည်ဥကြီးများက ပါးပြင်ထက် စီးကျလို့ မဆုံးနိုင်တော့ပါ။

ဦးဇေရတုသည် သူ့စကားကို အထင်လွဲသွားသည့် ချစ်သူလေးကိုကြည့်ပြီး ရင်မှာ နင့်ဖြာသွားရသည်မို့ ကသစ်





မျက်နှာလေးကို ဆွဲမော့ယူလိုက်ပြီး...

"ကသစ်"

ကသစ်မထူးပါ။ သူမကို ကလေးဆန်သည်လို့ပဲပြော ပြော၊ ဦးဇေရတု၏ စကားများက ကသစ်နှလုံးသားကို နာကျင်စေရသည်မို့ နာကျင်စိတ်နှင့် နှုတ်ခမ်းလေးကိုသာ ဖိကိုက်ထားလိုက်ရသည်။

ဦးဇေရတုသည် ကသစ်အား လှိုက်ဖြာရူးနစ်သော မျက်ဝန်းအစုံနှင့် အတန်ကြာ ငေးစိုက်ကြည့်နေရင်းက သူ သိပ်ချစ်ရပါသော ကလေးဆန်လွန်းသည့် ဒီမိန်းကလေးကို လည်း စိတ်မှာ မချင့်မရဲကြီးနှင့် ဘယ်လိုဖြေဖျောင်းခတ်ရမည်ဆိုတာ ကို စဉ်းစားနေမိကာ–

"ကသစ်"

မထူးပါသော်လည်း အကြည့်တစ်ချက်ကတော့ဖြင့် သူ့ဆီရောက်ရှိလာရသည်။

ဦးဇေရတုသည် အိပ်ရာထက်မှ အသာထလိုက်ပြီး ကသစ်နီသည် သူ့အား ကမ္ဘာကယော ထူပေးလေ၏။

သည်လိုဆိုတော့လည်း ချစ်သူလေးသည် သူ့



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်ရှာပါလားဆိုသည့် အသံနှင့် ဦးဇေရတုနှလုံးသား လှုပ်ခနဲ တုန်ခါသွားရပြီး…

"အဟွန်း… မင်းလေး ကျုပ်ကို မချစ်တာလည်း မဟုတ်ဘဲနဲ့ ကသစ်ရယ်"ဟုဆိုကာ ကသစ်တစ်ကိုယ်လုံး လွှမ်းမောတမ်းတခြင်းများဖြင့် သိမ်းကျုံးဆွဲပွေ့ထားလိုက်ပါတော့သည်။

ကသစ်နီတစ်ယောက် ဦးဇေရတုရင်ခွင်ထဲတွင် မွန်းမွန်းကြပ်ကြပ် ရှိသွားရသည်။

ထိုနောက် သူ့ကိုယ်ငွေ့နွေးနွေးနှင့် အတွေ့အထိများက ကသစ်ကို လှိုက်မောစေရသောအခါ ကသစ်သည် ဦးဇေရတုကို အရှုံးပေးလိုက်ရပါတော့သည်။

"လွှတ်… ကသစ် အသက်ရှူကြပ်တယ်"

"ပြော… ကျုပ်ကို စိတ်ဆိုးဦးမှာလားဆိုတာ"

"စိတ်ဆိုးတာ မဟုတ်ဘူး ဝမ်းနည်းတာ၊ ဦးဇေရတုကို ကသစ်က ကသစ်နှလုံးသားရဲ့ အရှင်သခင်လို့ မှတ်ထားပေမယ့် ဦးဇေရတုကတော့"

"မပြောနဲ့တော့ ကသစ်ရယ်" ဟုဆိုကာ ကသစ်





နှုတ်ခမ်းလေးကို သူ့နှုတ်ခမ်းနွေးနွေးနှင့် ပိတ်ထားလိုက်လေသည်။

ကသစ်မှာ သူ့အနမ်းများကို ဖယ်ရှားလိုက်ပြီး…

"ကသစ် ပြောပါရစေဦး"

"မပြောနဲ့တော့ဆို"

သူ ခပ်တည်တည်ကြီးပြောတော့ ကသစ်သည် သူ့မျက်နှာချောချောကြီးကို နားမလည်သလိုကလေးတစ်ယောက်လို မော့ကြည့်လာသည်။

ဦးဇေရတုသည် ကသစ်နီအကြည့်ကို နားလည်သဘောပေါက်ရကာ

"ကသစ်ကတော့ ထင်မယ်နော်၊ ကျုပ်အချစ်တွေက ကသစ်အပေါ် မလေးနက်ဘူးလို့၊ အဟွန်း… တကယ်တော့ ကျုပ်အချစ်တွေ မင်းအပေါ် လေးနက်ရလွန်းလို့ ကျုပ်အခုလို ဖြစ်ရတာ၊ ဘာဆိုင်လဲတော့ မမေးနဲ့နော်၊ ကျုပ် ကသစ်ကို ဘယ်လောက်ချစ်ရတယ်ဆိုတာ မင်း သိပါတယ်၊ ကျုပ်ချစ်တဲ့ ကသစ်ကို ကျုပ် ဘယ်လိုမှ မခွဲနိုင်ပေမယ့် ကသစ်ဆန့်ကို ကျုပ် လိုက်လျောခဲ့တယ်၊ ဒါပေမဲ့ ကျုပ်ရင်ထဲမှာ ကသစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ထိ လွမ်းနေ သတိရတမ်းမာနေရတယ်ဆိုတာ ကသစ် သိမှာ မဟုတ်ပါဘူး"

သူ့စကားများကို ကသစ်နီသည် မျက်ဝန်းဝိုင်းဝိုင်းကြီးနှင့် နားထောင်ရင်း ဦးဇေရတုအပေါ် သနားကရုဏာသက်လို့ မဆုံးနိုင်အောင် ရှိနေရသည်။

သနားစိတ်နှင့်အတူ ဘာကိုဆိုလို့မှန် ကသစ် နားလည်လိုက်တော့ ကသစ်သည် သူမအပေါ် ချစ်နိုင်ရှာလွန်းသည့်သူ့အပေါ် ဟန်မဆောင်နိုင်တော့ဘဲ ဦးဇေရတုကိုယ်လုံးကြီးကို သူမလက်လေးနှင့် သိမ်းကျုံးဖက်လိုက်ပါတော့သည်။

"ဦးဇေရတုရယ်"

ဦးဇေရတုသည် ကသစ်နီအား ခပ်ကြမ်းကြမ်းပင်နမ်းရှိုက်ပစ်လိုက်ရင်းမှ

"ကျုပ် ကသစ်ကို သိပ်လွမ်းနေတယ်"

"ကသစ်လည်း ဦးဇေရတုကို လွမ်းတယ်"

"ချစ်တယ် ကသစ်"

"ကသစ်လည်း ချစ်တယ်"

သည့်နောက် သူတို့နှစ်ဦးသည် လွမ်းမောခြင်းတွေ





နှင့် ချစ်ခြင်းများ သိဖွဲ့ကာနေတော့၏။

ထို့နောက် သူတို့နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က ပျောက်သွားမှာကို စိုးရိမ်သည့်အလား ဦးဇေရတုနှင့် ကသစ်နီတို့သည် အကြည့်တွေမလွှဲမျက်ဝန်းချင်းဆုံကာ ကြည့်နေလေပြီး

"ဦးဇေရတု"

"ဗျာ"

"နောက်ဆိုလေ"

"အင်း..."

"ကသစ် ဦးဇေရတုအနားကခွဲပြီး ဘယ်မှ မသွားတော့ဘူး သိလား"

"ဟင်... တကယ်လား ကသစ်"

ဖျတ်ခနဲ လက်ဖြာသွားသည့် မျက်ဝန်းအစုံနှင့် ကသစ်နီမျက်နှာလေးကို စူးစူးစိုက်စိုက် ကြည့်ရင်းက မေးလိုက်တော့ ကသစ်နီထံမှ မျက်စောင်းလှလှလေးက ဦးဇေရတုထံ ရောက်ရှိလာပြီး

"ကသစ်ပြောတာ မယုံဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း မယုံရို့ မဟုတ်ဘူးဗျာ၊ ယုံလွန်းလို့ ကျုပ် ရင်ထဲ ပျော်သွားတာ၊ စမ်းကြည့်စမ်း ကျုပ် ရင်ခုန်သံတွေကို ကာသစ် စမ်းကြည့်စမ်း၊ ပျော်လွန်းလို့ ရင်တွေ ဘယ်လောက် ခုန်နေရတယ်ဆိုတာ"

ပြုံးလွန့်လွန့် မျက်နှာကြီးနှင့် ကာသစ်လက်လေးကို ဆွဲယူကာ သူ့ရင်ခုန်သံတွေကို စမ်းခိုင်းနေသည့် ဦးဇေရတုကို ကာသစ်သည် ကြည်နူးပြုံးလေးနှင့် ငေးကြည့်ရင်း သူ့ရင်ဘတ် ပေါ် သူမလက်ဖလေးတင်ကာ စမ်းလိုက်တော့...

ကြည့်စမ်း။

ဘယ်လောက်များ အံ့ဩဖို့ ကောင်းလိုက်သည်လဲ ဆိုတာ သူပြောသလိုပင် ဦးဇေရတု၏ ရင်ခုန်သံတွေသည် တကယ်ပင် မြန်နေရတော့သည်၊

ဩော်... ဦးဇေရတုသည် သူမကို ဒီမျှအထိ ချစ်ရှာ ပါလားဆိုသော အတွေးနှင့် ကာသစ်နီသည် ဦးဇေရတု၏ မျက်နှာနွမ်းနွမ်းကို ငေးစိုက်ကြည့်ရင်းက...

"ဦးဇေရတု အမြန်ဆုံး နေပြန်ကောင်းပါတော့နော်"

"စိတ်ချပါ ကာသစ်ရယ်၊ ကာသစ်မျက်နှာလေးကို မြင်



လိုက်ရကတည်းက ကျုပ် နေကောင်းသွားပါပြီ"

"ဒါနဲ့ ဖုန်းဆက်တုန်းက ဦးဇေရတု ဆေးရုံမှာဆို"

"ဟုတ်တယ် အစားမမှန် အအိပ်မမှန်နဲ့ အဖျားကြီးပြီး သတိလစ်သွားတာ၊ ဆေးရုံမှာ တစ်ရက်ပဲနေလိုက်ပါတယ်၊ ကာသစ်ကို ဖုန်းဆက်ခေါ်ထားတယ်ဆိုတာ ကျုပ် အိမ်ရောက်မှ သိရတာ၊ ဒါနဲ့ ကာသစ်တစ်ယောက်တည်းလား"

"ဦးဇေရတုသည် အခုမှပင် ကာသစ် ဘယ်သူနဲ့ လာသည်ကို သတိထားမေးလိုက်မိသည်။

"ဟွန်း... ဒီစကား ခုမှပဲမေး သိလား"

"အဟွန်း... ဟွန်း... ဒီစကား ခုမှမေးဆို ဒီကောင် မလေးကလည်း ရောက်ရောက်ချင်း ကျုပ်ရင်ခွင်ပြေးဝင်လာ တာကိုး"

"ဟင်... ဦးဇေရတုနော်"

ကာသစ်သည် သူမကို ပြောရပ်မလားဆိုကာ ရှက်ရှက် နှင့် သူ့ရင်ဘတ်ကြီးကို တွန်းထုတ်ပစ်လိုက်သည်။

"ဟ... ဘာလုပ်တာလဲ၊ လူက နေမကောင်းပါဘူး ဆို ဒီလိုပဲ တွန်းထုတ်ရလား"

www.burmeseclassic.com

www.burmeseclassic.com



"ခစ်... ခစ်... ကန်တော့နော် ကန်တော့"

ကသစ်သည် ဦးဇေရတုကို လက်လေးနှစ်ဖက် အုပ်မိုး၍ ချစ်စဖွယ် တောင်းပန်လိုက်သည်။

သူမ၏ ထိုအပြုအမူကပင် ဦးဇေရတုကို ချစ်အသည်း ယားယားကြီး ဖြစ်သွားစေရသည်မို့...

"ငါကွာ ပိတ်ထုလိုက်ရတော့"

နှုတ်ခမ်းကိုကိုက်ကာ မချင့်မရဲဟန်ကြီးနှင့် ဆိုလိုက်သည့် ဦးဇေရတုကို ကသစ် စိတ်မဆိုးနိုင်ပါ။

သည်လုတစ်ယောက်သည် သူမဘဝတစ်ခုလုံးကို စိုးမိုး ချုပ်ကိုင်နိုင်စွမ်းသည်ကိုတော့ ကသစ် ဝန်ခံခြင်းနှင့်အတူ ရင်မှာ ချစ်ခြင်းများစွာ တိုးရပါတော့သည်။

□

## အခန်း (၁၄)

ဦးဇေရတု နေကောင်းပြီး မကြာခင်မှာပင် ကသစ်နီကို မခွဲနိုင်တော့ပါဆိုသော ဦးဇေရတု၏ ဖွင့်အတင်း အရေးဆို လာမှုကို ကသစ်နီသည်လည်း ငြင်းနိုင်စွမ်းမရှိတော့သဲ့နှစ်ဖက် လူကြီး မိဘများနှင့်တိုင်ပင်ကာ ဦးဇေရတုနှင့် ကသစ်နီတို့၏ လက်ထပ်မင်္ဂလာပွဲကို အမြန်ဆုံး ကျင်းပခဲ့လေသည်။

မင်္ဂလာဆောင်ခဲ့ပွဲပြီး၍ အပျော်ဆုံးလူကို ပြပါဆိုလျှင် သတို့သားဖြစ်သည့် ဦးဇေရတုကိုပင် ပြရမည်ဖြစ်သည်။

ဦးဇေရတုက သူ့ရင်မှာ အသက်မက ချစ်မြတ်နိုးရသော ချစ်သူလေးကို ပိုင်ဆိုင်ခွင့်ရလိုက်သည်ကိုပင် သူ့ကိုယ်သူ အိပ်မက်ပမာ ဖြစ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...။

သည်အဖြစ်များသည် အိပ်မက်မဟုတ်၊ တကယ်ဆိုတာကိုလည်း သိနေရပြန်သည်မို့ ဦးဇေရတုသည် ပျော်ရွှင်ခြင်းတွေနှင့် ရင်ခုန်သံတွေလည်း မြန်နေရတော့သည်။

မြတင်းတံခါးမှတဆင့် တသုန်သုန်တိုက်ခတ်ဝင်ရောက်လာသော မြောက်ပြန်လေနုအေးများက ဦးဇေရတုနှင့်ကသစ်နီတို့၏ မင်္ဂလာအိပ်ခန်းကျယ်ကြီးထဲသို့ တိုးဝှေ့ဝင်ရောက်လာရသည်။

ည...ညဆိုသော အသိနှင့်အတူ ပန်းနုရောင်များလွှမ်းခြုံနေသည့် မင်္ဂလာအိပ်ခန်းထဲရှိ ခုတင်ကြီးထက်တွင် တူယှဉ်တွဲထိုင်နေရသူက ဦးဇေရတုနှင့် ကသစ်နီပင် ဖြစ်သည်။

ဦးဇေရတုသည် သနပ်ခါးရေကျဲလေးနှင့် ရိုးရှင်းစွာ လှနေသော သူ၏ချစ်ဇနီးချောကို ရင်ခုန်စိတ်လှုပ်ရှားခြင်းများစွာနှင့် မြတ်နိုးစွာ ငေးစိုက်ကြည့်ရင်းက...

"ကသစ်"

"ဦးဇေရတု"

နှစ်ဦးစလုံး စိတ်လှုပ်ရှားနေရသည်မို့ အသံတွေ မသိ





မသာတုန်ခါနေရသည်။

"ကျုပ်နဲ့ လက်ထပ်လိုက်ရတာကို ပျော်ရဲ့လားကသစ်"

"ပျော်ပါတယ် ဦးဇေရတု"

"အဟွန်း ကျုပ်လည်း ပျော်တယ်၊ တစ်ခါတစ်လေတော့လည်း ကျုပ် စဉ်းစားမိတယ်၊ ဒါဟာ တကယ်လား အိပ်မက်လားဆိုတာ"

"တကယ်လား အိပ်မက်လားဆိုတာ သိရအောင်လဲ"

"အား..."

"သိပြီလား အိပ်မက်လား၊ တကယ်လား [illegible]"

သူ့လက်မောင်းကို ဆွဲဆိတ်ကာ ရှက်ပြုံး[illegible] မေးနေသော ကသစ်နီကို ဦးဇေရတုသည် နှုတ်ခမ်း[illegible] လျှက် စိုက်ကြည့်ရင်း...

"သိပြီ သိတာမှ ဒီကောင်မလေးကို ပိုင်ဆိုင်ခွင့်[illegible] ဟောဒီလိုသိတာ ကဲ..."

"အမေ့"

ဦးဇေရတုသည် ကသစ်နီကိုယ်လေးကို ချစ်မြတ်နိုး[illegible] ဆွဲယူထွေးပွေ့ရင်း ပေါက်ကွဲစွာ ဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှလုံးသားမှာ ဒဏ်ရာတွေနဲ့ ကျုပ်လိုလူတစ်ယောက်ကို စွန့်စွန့်စားစားနဲ့ ယုံကြည်ပြီး ချစ်ရဲတဲ့ ကသစ်ကို ကျုပ် အချစ်တွေနဲ့ အတူ ကျေးဇူးတင်နေမှာပါ၊ ကသစ်သာ ကျုပ် အပေါ် ချစ်ရဲတဲ့သတ္တိ မရှိရင်တကယ်တမ်း ကသစ်ကို ကျုပ် ဘယ်လောက်ပဲချစ်နေချစ်နေ ခုလို ပိုင်ဆိုင်ခွင့် ရမှာ မဟုတ်ဘူး၊ ခုတော့ ကျုပ်ရင်မှာ ကျုပ်သိပ်ချစ်တဲ့ မင်းလေး ကို ပိုင်ဆိုင်ခွင့်ရတဲ့အတွက် သိပ်ပျော်တာပဲဗျာ...တကယ်... တကယ်"

တကယ်ပင် ပျော်လွန်းနေရသော ဦးဇေရတုမှာ ကသ နီကိုယ်လေးကို မလွှတ်တမ်း ထွေးပွေ့ကာ ချစ်အနမ်းေ ပေးနေတော့ ကသစ်နီသည် ဦးဇေရတုအနမ်းများကို ရှက်ရွံ့ ခံယူရင်းတ...

"သွားပါနော်၊ ချစ်တဲ့လူက တကယ်တမ်း ချစ်စကာ လည်း ပြောဖို့ကြံတော့ ဝေ့လည်လည်လုပ်နေပြီးတော့များ

ကသစ်နီသည် တစ်ချိန်ကအဖြစ်ကို စိတ်မှာ မကျေ သလို ဆိုလိုက်သည်။

ဦးဇေရတုမှာ ကသစ်နီအပြောကို သဘောကျသွာ





သည်မို့ သူမကိုယ်လေးကို တိုးဖက်ကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး...

"အဟွန်း...ဟွန်း....ဟွန်း...ကြည့်စမ်း မင်းလေးက ဒါကို မှတ်ထားတာလား၊ ချစ်စကားပြောဖို့ ဝေ့လည်လည် လုပ်တယ်လို့ မပြောပါနဲ့ဗျာ၊ ကျုပ် ခင်ဗျားလေးကို ချစ်ခွင့် ပန်ဖို့ ဘယ်လောက်စဉ်းစားခဲ့ရတယ် မှတ်လဲ"

"ပြောပါဦး၊ ဘာကြောင့်လဲဆိုတာ"

"ကသစ်က သန့်စင်တဲ့ ပန်းတစ်ပွင့် ကျုပ်ဆိုတဲ့ ကျုပ်ကတော့"

"ဦးဇေရတု လာပြန်ပြီ ဒီစကား၊ ဘာလဲ ကျုပ် နှလုံး သားမှာ ဒဏ်ရာတွေနဲ့လူ၊ ပြီးတော့ ကျုပ်က ခင်ဗျားထက် အသက်ကြီးတဲ့ မုဆိုးဖိုတစ်ယောက်၊ ဒါပဲပြောဦးမလို့ မဟုတ် လား"

သူ ဘာပြောမည်ကို ကြိုသိနေရသလို သူမက စပြော လိုက်သည့် ကသစ်နီ၏ စကားကြောင့် ဦးဇေရတုမျက်နှာ ချောချောကြီးမှာ မချိပြုံး ပြုံးသွားရပြီး...

"အဟွန်း... ဘာပဲပြောပြော ကျုပ်က ချစ်တားငယ်



www.burmeseclassic.com

www.burmeseclassic.com



ရတာကတော့ အမှန်ပဲ၊ နှလုံးသားမှာ အဏ်ရာတွေနဲ့ အသက်လေးဆယ်ကျော် လူတစ်ယောက်က ကိုယ့်ထက်အသက် အများကြီးငယ်ပြီး သိပ်ကိုလှပတဲ့ မိန်းကလေးတစ်ယောက်ကို ခုလို ပိုင်ဆိုင်ခွင့် ရလိမ့်မယ်လို့လည်း ကျုပ် မထင်ခဲ့ဘူးလေ"

"ဒါဆိုလည်း ဘာလို့ လူကို လာချစ်နေသေးလဲ"

"မောင့်မျာ ချစ်တာကတော့ ချစ်တာပေါ့၊ ချစ်တာကို မချစ်ပါနဲ့လို့ နှလုံးသားကို တားလို့ရမလား"

"သစ္စာမရှိမှတော့ ရအောင်တားရမှာပေါ့"

"ဘယ်သူပြောလဲ သစ္စာမရှိဘူးလို့"

"ဗိုလ်ကြီးလေ"

ကသစ်နီသည် ဦးဇေရတု၏ ရင်ဘတ်ကြီးကို သူမလက်လေးနှင့် ထောက်ပြကာ မချင်မရဲ ချစ်စဖွယ်ဆိုလိုက်လေသည်။

ထိုအခါ...

ဦးဇေရတုမှာ ချစ်ဇနီး၏ ကလေးဆန်မှုကို ချစ်မြတ်နိုးလို့ မဆုံးနိုင်တော့ဘဲ...





"အေး... အဲဒီလူကြီး သစ္စာရှိ မရှိဆိုတာ ခင်ဗျားလေးကို လက်တွေ့ပြမယ်"

ကသစ်နီသည် ဦးဇေရတု၏စကားကြောင့် သူမမျက်နှာလေးနား ဝဲကပ်လာသော ဦးဇေရတုကို အတင်းတွန်းထုတ်ပစ်လိုက်မေမယ့် ဦးဇေရတုကတော့ဖြင့် ကသစ်နီအား လုံးဝမလွှတ်ပါပေ။

"ကသစ်နော်... ကျုပ်ကို ဘာလို့ တွန်းထုတ်နေရတာလဲ၊ ကျုပ် မိန်းမကို ကျုပ် ဖက်တာပဲ"

"ဟာ... ဦးဇေရတုနော်၊ ဘာ ကျုပ်မိန်းမလဲ၊ ကသစ်ကို အဲလိုမခေါ်နဲ့၊ ကသစ် ရှက်တယ်သိလား"

ပြောပြီး ကသစ်သည် တကယ့်ပင် အရှက်သည်းသွားဟန်နှင့် သူမမျက်နှာလေးကို လက်လေးနှင့်အုပ်ကွယ်ထားလိုက်သည်။

"အဟွန်း ကြည့်စမ်း၊ မင်းလေးနဲ့တော့ခက်ပါပြီဗျာ၊ ကျုပ်မိန်းမမို့ မိန်းမခေါ်တာ ဘာဖြစ်သေးလဲကွာ"

"အို မသိဘူး မခေါ်နဲ့ဆို"

"ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တင့်အင်း ဘယ်ဖိုမှ မခေါ်နဲ့"

"ဒါတော့ မဖြစ်ဘူး၊ တစ်ခုခုမခေါ်ဘဲနဲ့ ခင်ဗျားလေးကို ကျုပ် ဘယ်လို ချစ်လို့ရမလဲ"

"ဦးဇေရတုနော်"

သည်လိုဆိုပြန်တော့လည်း ကသစ်နီသည် သူမကို ဦးဇေရတု တမင်စနေမှန်း သိရသည်မို့ မျက်စောင်းလှလှလေး ထိုးကာ ရှက်ပြုံးလေး ပြုံးမိတော့သည်။

ထို့နောက် ကသစ်နီသည် ဦးဇေရတု ရင်ခွင်ထဲကြည်နူး ကြည်မွေ့စွာ နိုဝင်နားလိုက်ရင်း...

"ဦးဇေရတု"

"ဟာင်"

"ကသစ်ကို ဘယ်အချိန်တုန်းက သေချာချစ်သွားတာလဲ"

"ပြီးခဲ့တဲ့နှစ် ဆောင်းမနက်ခင်းရဲ့ ကားပေါ်မှာ အိတ်တွေမနိုင်မနင်းနဲ့ ကားပေါ်ဆွဲတက်လာတဲ့ ဆံပင်ရှည်ရှည် အရုပ်မြင့်မြင့်နဲ့ ကောင်မလေးကို ရယ်ချင်စိတ်နဲ့ မြင်မြင်ချင်း ချစ်မိသွားခဲ့တာ"





"ဟွန်း... သိပါတယ်နော်၊ ဒါပေမဲ့ ကသစ်ပြောသလို မျိုးတော့ မဟုတ်ဘူး၊ ဒီကောင်မလေးသာ ငါ့ရဲ့ဖူးစာရှင်အမှန် ဖြစ်မယ်ဆိုရင် ငါ့ရဲ့ထိုင်ခုံအားကျပါစေလို့ပေါ့"

"ဟာင်... ကြည့်စမ်း၊ ကြည့်စမ်း၊ ဦးဇေရတု မကောင်းဘူးကွာ၊ အဲဒီအချိန်ကတည်းက ဦးဇေရတုကသစ်ကို သတိထားမိနေတယ်ဆိုတာ ဘာလို့ မပြောရတာလဲ၊ မကောင်းဘူးကွာ၊ ဦးဇေရတု တကယ်မကောင်းဘူးသိလား"

ကသစ်နီသည် မျက်နှာရဲရဲလေးနှင့် ဦးဇေရတုရင်ဘတ်ကြီးကို တဗုန်းဗုန်းထုရိုက်နေတော့ ဦးဇေရတုမှာ ကသစ်နီ လက်လေးများကို ဖမ်းယူဆုပ်ထွေးရင်း...

"ကျုပ် မကောင်းတာ ကသစ် ဘာလို့ခုမှ ပြောရတာလဲ"

"အို..."

ကသစ်နီသည် ဦးဇေရတုအနားက ပြေးထွက်ရန် ပြင်လိုက်ပေမယ့် အချိန်မမီတော့ပါ။

သွက်သလောက် မြန်လွန်းသည့် ဦးဇေရတုလက်အစုံက ကသစ်နီကိုယ်လေးအား မြွေတစ်ကောင်နှယ် တင်းကျပ်စွာ ရစ်ပတ်နှောင်လာပြီး...



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကျုပ်ကိုပစ်ပြီး သွားဦးမလို့ပေါ့လေ"

"မသွားပါဘူးနော်"

"သွားလို့လည်း မရပါဘူး"

တကယ်လည်း ပြောသည့်အတိုင်း ကသစ်သည် သွားလို့မရပါ။ မြိမြိလွန်းသည့် သူ့လက်အစုံ၏ ထွေးပွေ့မှု အောက်တွင် ကသစ်နီသည် နည်းနည်းလေးမှ ရုန်းထွက်လို့ မရဘဲ တင်းတင်းကျပ်ကျပ်နှင့် ဦးဇေရတု အနမ်းများကိုသာ ရစ်ခုန်ကြည်နူးခြင်းများစွာနှင့် ခံယူနေမိတော့သည်။

"ကသစ်..."

ဦးဇေရတုအသံက တိုးတိတ်ညင်သာစွာ ထွက်ပေါ် လာရသည်။

"တကယ်ပြောတာ ကျုပ်ဘဝမှာ ဒီနေ့လေးကို ဘယ် တော့မှ မမေ့တော့ဘူး၊ မေ့လို့လည်း ရမှာမဟုတ်ဘူး"

ဦးဇေရတု မျက်နှာချောချောကြီးမှာ တကယ်ပင် ကြည်နူး ကျေနပ်ရိပ်များဖြင့် အပြုံးပန်းတွေ ဖူးပွင့်စေသော လန်းဆန်းနေရသည်။

စူးရှတောက်ပကာ စိုလက်နေသော အချစ်ရည်အချစ်





သွေးတို့နှင့် ကြည့်နေသည့် ဦးဇေရတုအကြည့်များကို သကာစ်နီ ယှဉ်ပြိုင်မကြည့်ဝံ့သည့်မို့ မျက်လွှာလေး ချလိုက်သည်။

ရှည်လျားသော မျက်တောင်ရှည်ကြီးများစင်းလျက် မှေးမှိတ်ထားသော ကသစ်နီ၏ မျက်ခွံမို့မို့လေးကို ဦးဇေရတု သည် ခပ်ဖွဖွ မထိတထိ နမ်းရှိုက်လိုက်ပြီး...

"ဒီညဟာ ကျုပ်နဲ့ကသစ်ရဲ့ ဘဝခရီးအစ မင်္ဂလာဦး ညနော်"

သူ့စကားကို ကသစ်နီသည် ခေါင်းညိတ်ခေါင်းခါခြင်း မပြုံး ရှက်ပြုံးလေးနှင့်သာ သူ့ရင်ခွင်ထဲ ငြိမ်သက်နေလေ သည်။

ဦးဇေရတု သိပါသည်။ ချစ်ဇနီးလေး သူ့ကို ရှက်နေရပြီ ဆိုတာ...

အရှက်အကြောက် ကြီးလွန်းသည့် ချစ်ဇနီးချောကို ဦးဇေရတု မျက်ဝန်းများ မှေးစင်းလျက် ခပ်စိုက်စိုက်ကြည့်လာ ပြီ...

"ကသစ်အတွက် ကျုပ်ရင်ခွင်ဟာ လုံခြုံနွေးထွေးမှု ကြင်နာချစ်ခြင်းတွေနဲ့ ပြည့်နေတဲ့ ကသစ်ကို အေးမြမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



အမြဲပေးနေမယ့် ရင်ခွင်ဆိုတာ ကသစ် သိထားစမ်းပါတော့ဗျာ”

“သိပါတယ်၊ဦးဇေရတုရယ်”ဆိုသည့် စကားကို ကသစ်နီ ကြည်နူးမှုဖြင့် စိတ်မှဆိုရင်း ဦးဇေရတု၏ချစ်ခြင်းတွေ ပြည့်နေသည့် ရင်ခွင်ရိပ်တွင် ကသစ်နီသည် သူမဘဝ တစ်သက်တာအတွက် အားကိုးတွယ်တာ မြတ်နိုးခြင်းများစွာ နှင့် မွေးစက်ခိုနားမိသည်ဆိုရင်ပဲ ကသစ်နီတကိုယ်လုံး နွေးထွေးလုံခြုံသွားရပါတော့သည်။

နှစ်ကိုယ်သူ နားလည်မှုချစ်ခြင်းတွေနှင့် တည်ဆောက်လိုက်ပါသော ဦးဇေရတုနှင့် ကသစ်နီတို့၏ မင်္ဂလာနေ့ရက်လေးသည် ဤနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် မင်္ဂလာနေ့ရက်လေးများကို ကြည်နူးသာယာ ပျော်ရွှင်ခြင်းများဖြင့် ဖြတ်ကျော်တော့မည်ဆိုတာကိုတော့။

ပျော်ရွှင်မှုရသများဖြင့်

ပြည့်စုံကြပါစေ။

စာချစ်သူများရဲ့ ...

မြသားသွင်

www.burmeseclassic.com